# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
## (၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၄၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၂) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၂ ရက်၊

(၃) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၄) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၈ ရက်၊

(၅) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၈ ရက်၊

**မှူကြမ်း**

(၆) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၇) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၂ ရက်၊

(၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၉) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၁ ရက်၊

(၁၀) တနသ်ာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ခွင့် ၂ ရက်၊

(၁၁) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ခွင့် ၂ ရက်၊

(၁၂) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၁၃) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၂ ရက်၊

(၁၄) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၂ ရက်၊

(၁၅) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၁၆) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဋ္ဌေး ခွင့် ၈ ရက်၊

(၁၇) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၁၈) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၁၉) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၂၀) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၁ ရက်၊

(၂၁) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဌေးနိုင် ခွင့် ၁ ရက်၊

(၂၃) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၂ ရက်၊

(၂၄) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၂၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၈ ရက်၊

(၂၆) ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၂၇) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊

(၂၈) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်နှင့်

(၂၉) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတော်မှ ရာဘာဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ပေးရန်နှင့် စပါးသီးနှံကဲ့သို့ စိုက်ဧကအလိုက် စိုက်စရိတ်အား နှစ်လတ်၊ နှစ်ရှည် ငွေချေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် လေ့လာသူပုဂ္ဂိုလ်များ ကာယစိတ္တသုခ နှစ်ဝပြည့်ဝစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးဟာဆိုရင် ရှေးယခင်ကပင် စိုက်ပျိုးရေးကို

အခြေခံထားသော နိုင်ငံကြီးတစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ ခေတ်အဆက်ဆက်အစိုးရများမှလည်း စီမံကိန်းအမျိုးမျိုးရေးဆွဲပြီး ဆောင်ရွက်ပေးခဲ့ကြပါတယ်။ သို့သော်လည်း ပေးကားပေး၏မရဖြစ်နေပါသေးတယ်။ မြန်မာနိုင်ငံမှာ ယခင်က နိုင်ငံခြားဝင်ငွေကို ဆန်စပါး၊ ကျွန်းသစ်၊ ရေနံတို့မှ ရရှိခဲ့ပြီးဖြစ်သော်လည်း ယခုအခါမှာ နှစ်ရှည်သီးနှံစက်မှုကုန်ကြမ်းများလည်း ပါဝင်နေပြီဖြစ်ပါတယ်။ ၎င်းအပြင် စက်မှုသီးနှံမှာပါဝင်တဲ့ ရာဘာ (ခေါ်) ကြက်ပေါင်စေးများကို တင်စားပြီး လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှလည်း မျိုးမှတစ်ဝှမ်း ရွှေဖြူလွှမ်းရမည်၊ သင့်မိသားစုဘဝနောင်ရေး စိတ်အေးဖို့ ရွှေဖြူရာဘာ စိုက်ကြစို့စတဲ့ ဇာတ်လမ်းတွဲများဖြင့်လည်း လှုံ့ဆော်စည်းရုံးစိုက်ပျိုးစေခဲ့ပါတယ်။ ရာဘာပင်ဟာ နှစ်ရှည်ပင်ဖြစ်တဲ့အတွက်ကြောင့်မို့ အစောဆုံးစိုက်ပျိုးပြီးပါက ခြောက်နှစ်ကျော်ကျော်လောက်ကာမှသာလျှင် အစေးခြစ်လို့ရပါတယ်။ ထိုသို့ကာလကြာရှည် အရင်းအနှီးစိုက်ထည့်ထားသည့်အတွက် ရာဘာစိုက်တောင်သူများအနေဖြင့် ကုန်ကျစရိတ်များ များပြားလာပါတယ်။ ရာဘာတစ်ဧကစိုက်ပျိုးမည်ဆိုပါက ပထမနှစ်မှာ တောခုတ်၊ မီးရှို့၊ ငုတ်ထုတ်၊ ကျင်းတူး၊ မျိုးဖိုး အစရှိသဖြင့် ကုန်ကျငွေ ငါးသိန်းကျော် ကျခံရမည်ဖြစ်ပါတယ်။ နှစ်စဉ် ပေါင်းရှင်း၊ ခြုံခုတ်၊ မြေဩဇာကျွေးခြင်းများ ပြုလုပ်နေရပါက အစေးခြစ်ကာလရောက်သည်အထိ ၁၀ သိန်းကျော်ကျော် ကုန်ကျမည်ဖြစ်ပါတယ်။ အဲဒီလိုရောက်တဲ့အခါမှာ ရာဘာအစေးခြစ်၍ရတဲ့အခါမှာလည်း ရာဘာခြစ်လုပ်သားခများ စျေးကြီးမှု၊ ရာဘာစျေးကွက်မရှိမှုတို့ကြောင့် ရာဘာစိုက်တောင်သူများမှာ ဒုက္ခပင်လယ်ဝေနေရပါတယ်။ ပစ္စည်းရောင်းချမှုအပေါ်မှာလည်း နိုင်ငံတော်သို့ အခွန်ထမ်းမှုများလည်း ကျေပွန်ခဲ့ကြရပါတယ်။ သို့ရာတွင် နိုင်ငံတော်မှ စည်းရုံးလှုံ့ဆော်စိုက်ပျိုးစေခဲ့သော်လည်း နောက်ပိုင်းစျေးကွက်ရှာဖွေမှုမှာ အကူအညီကင်းမဲ့နေရာပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရာဘာစိုက်တောင်သူများကိုယ်စား အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (၁) နိုင်ငံတော်မှ ရာဘာစျေးကွက်ရရှိရေးကို ရာဘာစိုက်တောင်သူများဘဝနောင်ရေးစိတ်မလေးရအောင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ။ (၂) စပါးသီးနှံကဲ့သို့ စိုက်ဧကအလိုက် စိုက်စရိတ်အား နှစ်လ၊ နှစ်ရှည် ငွေချေးပေးနိုင်/မပေးနိုင်။ (၃) နိုင်ငံတော်မှ ရာဘာစိုက်သူများ စိတ်ဓာတ်မကျရန် နိုင်ငံတကာနှင့်မဆက်ပေးနိုင်ပါက သင့်တော်သည့်စျေးနှုန်းဖြင့် ဝယ်ယူထားပေးနိုင်/မပေးနိုင် သိရှိလိုပါကြောင်း ရာဘာစိုက်တောင်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနများရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ဒေသနှင့်ကိုက်ညီတဲ့ ရာဘာမျိုးကောင်းမျိုးသန့်များဖြန့်ဖြူးခြင်း၊ မူလမျိုးများထက် ရောဂါပိုးမွှားဒဏ်ခံနိုင်ပြီး အထွက်နှုန်းပိုမိုကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်မျိုးသစ်များ ထုတ်လုပ်နိုင်ရန်အတွက် သုတေသနပြုလုပ်ခြင်း၊ ရာဘာစိုက်တောင်သူများအတွက် ရာဘာစိုက်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်မှ ရာဘာဈေးကွက်ရရှိရေးကို ဘဝနောင်ရေးစိတ်မလေးရအောင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံမှာ ရာဘာအခြေခံဈေးကွက် ခိုင်မာမှုရှိစေရန်အတွက် ပြည်တွင်းမှာ ကုန်ချောထုတ်လုပ်တဲ့အဆင့်သို့ရောက်ရှိရန် လိုအပ်လျက်ရှိပါတယ်။ ရာဘာအခြေခံထုတ်ကုန်ပစ္စည်းများဖွံ့ဖြိုးရေး (Rubber Downstream Industry Development) အတွက် နိုင်ငံတော်အပိုင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်အပိုင်းမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ လက်ရှိတည်ဆောက်ပြီး ရာဘာစက်ရုံများအားအဆင့်မြှင့်တင်ခြင်း၊ ရာဘာအခြေခံ ထုတ်ကုန်များဖြစ်တဲ့ တာယာ၊ လက်အိတ်၊ ဘောလုံးစတဲ့ စက်ရုံအသစ်များတည်ဆောက်ခြင်းများ ပြုလုပ်လျက်ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိတဲ့ ဌာနပိုင်ရွှေဒူးရော်ဘာခြံမှာ ဖိုးလမင်းထရေးဒင်းကုမ္ပဏီလီမိတက်၊ မလေးရှားနိုင်ငံ Felda Global Ventures Holding Co., Ltd တို့နှင့်ပူးပေါင်းပြီးတော့ တစ်နှစ်လျှင် အဆင့်မြင့်ရာဘာတန် ၂၄၀၀၀ ထုတ်လုပ်နိုင်တဲ့ ရာဘာကုန်ချောစက်ရုံတည်ဆောက်ခြင်း၊ မွန်ပြည်နယ်၊ မုဒုံခြံမှာ ဧရာဟသ်ာ

ကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံ Sri Trang International Co., Ltd တို့ပူးပေါင်းပြီး လက်ရှိတစ်နှစ် တန် ၁၄၄၀ ကျ ရာဘာစက်ရုံအား အဆင့်မြှင့်ရာဘာ တန် ၂၈၈၀ ထုတ်လုပ်နိုင်တဲ့ စက်ရုံအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်ရှိ ရိုးရိုးရာဘာသစ်စက်ရုံအား မိုးမြချယ်ကုမ္ပဏီနှင့် ဂျပန်နိုင်ငံ Sumitomo Forest Co., Ltd၊ စင်ကာပူနိုင်ငံ Oji Forest Products Co., Ltd တို့နဲ့ပူးပေါင်းပြီး တော့ လက်ရှိတန် ၆၀၀ ကျစက်ရုံအား တစ်နှစ်ရာဘာသစ်ကုန်ချော ၉၆၀၀ တန် ထုတ်လုပ်နိုင်တဲ့ စက်ရုံအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ရာဘာစိုက်တောင်သူများ ဝင်ငွေပိုမိုရရှိရေးကိုရှေးရှုပြီး တော့ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟို ဌာနနှင့်ပူးပေါင်းပြီး အမျိုးသားပို့ကုန်မဟာဗျူဟာရေးဆွဲဆောင်ရွက်လျက်ရှိရာ ရာဘာအပါအဝင် ကုန်ပစ္စည်းငါးမျိုးအတွက် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ရာဘာထွက်ကုန်ပစ္စည်း ကဏ္ဍရဲ့ ပို့ကုန်တင်ပို့မှုနှင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရရှိစေဖို့အတွက် မြန်မာ့ရာဘာနှင့် ကမ္ဘာ့ ရာဘာထုတ်ကုန်များရဲ့ တန်ဖိုးကွင်းဆက်ဖြစ်စဉ်များမှာ တီထွင်ဖန်တီးမှုနှင့် စဉ်ဆက်မပြတ်တိုးတက်မှု များကို ဖော်ဆောင်ရန် ချမှတ်ပြီး မျှော်မှန်းချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဤမျှော်မှန်းချက် အောင်မြင်ဖို့ ကုန်သွယ်မှုယှဉ်ပြိုင်ရာမှာ အတားအဆီးကိုလျှော့ကြစေရန် မဟာဗျူဟာများ ရွေးချယ်မှု များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး မဟာဗျူဟာဆောင်ရွက်ချက်များဟာ မြန်မာ့ရာဘာ တင်ပို့သူများအတွက် ကာလတိုနှင့် အလယ်အလတ်ကာလများအတွင်း အဓိကဈေးကွက်များဖွံ့ဖြိုးလာ စေရန်နှင့် မြန်မာ့ရာဘာ၏ဈေးနှုန်း တိုးမြှင့်ရရှိရန်တို့အတွက်ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားပို့ကုန်မဟာဗျူဟာမှာ ထည့်သွင်းချမှတ်ထားတဲ့အချက်များအနေနဲ့ ရာဘာပို့ကုန် လုပ်ငန်းရှင်များအတွက် စုစုပေါင်း ရာဘာတင်ပို့မှုမှာ ပြုပြင်ပြီး ရာဘာပါဝင်မှုအချိုးအစား တစ်နှစ် လျှင် ၁၀ ရာခိုင်နှုန်းတိုးမြှင့်ရန် ကုန်ချောထုတ်လုပ်မှုသို့ ပြောင်းလဲလုပ်ဆောင်ခြင်းနှင့် မြန်မာ့ရာဘာ ထုတ်ကုန်များကို ဒေသတွင်းဈေးကွက်နှင့် ဖွံ့ဖြိုးပြီးဈေးကွက်များသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် အာဆီယံ-ကိုရီးယားနှင့် အာဆီယံ-ဩစတြေးလျ အဖွဲ့အစည်းများကဲ့သို့ လက်ရှိလွတ်လပ်တဲ့ ကုန်သွယ် မှုအစီအစဉ် စင်္ကြံတစ်ခုအဖြစ်အသုံးပြုပြီး ၎င်းတို့မှရရှိနိုင်တဲ့အခွင့်အရေးများနှင့် ဈေးကွက်လွယ်ကူ စွာ ဝင်ရောက်နိုင်မှုများမှာ အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်သွားရန် အဓိကဆောင်ရွက်လျက်ရှိပါ တယ်။ မြန်မာနိုင်ငံမှာ ရာဘာထုတ်လုပ်မှုရဲ့ ၈ ရာခိုင်နှုန်းကိုသာ ပြည်တွင်းမှာသုံးစွဲပြီး ၉၂ ရာခိုင်နှုန်း

ဟာ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြစ်ပါတယ်။ မြန်မာ့ရာဘာများကို တရုတ်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ ယူအေအီး၊ ဟောင်ကောင်၊ ပါကစ္စတန်၊ အင်ဒိုနီးရှား စတဲ့နိုင်ငံများကို တင်ပို့ရောင်းချနေပါတယ်။ ယခုအခါ ပြည်ပရာဘာဈေးနှုန်းများ ကျဆင်းခဲ့မှုကြောင့် ပြည်ပဈေးကွက်ကိုသာအားထားနေရတဲ့ မြန်မာနိုင်ငံရဲ့ ရာဘာဈေးနှုန်းဟာလည်းပဲ ကျဆင်းမှုများနှင့် ရင်ဆိုင်နေရတာဖြစ်ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံမှ ထုတ်လုပ်တဲ့ ရာဘာမှိုင်းခံပြားအရည်အသွေး နိမ့်ကျနေမှုကြောင့် ပြည်ပသို့ရောင်းချတဲ့ဈေးနှုန်းဟာ အခြားနိုင်ငံများ၏ ဈေးနှုန်းထက် တစ်တန်လျှင် ၃၀၀ ကနေ ၃၅၀ ဒေါ်လာအထိ လျှော့ကျလျက်ရှိပါတယ်။ မြန်မာ့ရာဘာအရည်အသွေးနိမ့်ကျမှုအပေါ်မှာ ရာဘာအရည်အသွေး မြင့်မားလာစေရန်နှင့် တစ်ဧကအထွက်နှုန်းမြင့်မားလာစေဖို့အတွက် သင်တန်းများပို့ချခြင်း၊ နည်းပညာပိုင်းဆိုင်ရာဆွေးနွေးပွဲများ ပိုမိုဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ရာဘာပညာရှင်များပါဝင်တဲ့ Mobile Team များကိုဖွဲ့စည်းပြီး ရာဘာခြံရှင်များ၏ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်ကို မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့်ပူးပေါင်းပြီး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးလျက်ရှိပါတယ်။

စပါးသီးနှံကဲ့သို့ စိုက်ဧကအလိုက် စိုက်စရိတ်များ နှစ်လ၊ နှစ်ရှည် ငွေချေးပေးနိုင်/မပေးနိုင် မေးခွန်းနှင့်ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ နှစ်ရှည်သီးနှံဖြစ်တဲ့ ရာဘာစိုက်ပျိုးမှုအတွက် ယခင်ကတည်းက ချေးငွေပေးအပ်နိုင်မှုမရှိတဲ့အပြင် နိုင်ငံတော်ရဲ့ အဓိကသီးနှံဖြစ်တဲ့စပါးသီးနှံအတွက် ချေးငွေရရှိရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ချေးငွေကိုလည်း မြန်မာ့စီးပွားရေးဘဏ်က အတိုးဖြင့်ချေးယူကာ တစ်ဆင့်ပြန်လည်ထုတ်ချေးရသဖြင့် လတ်တလောအခြေအနေမှာ ရာဘာစိုက်ပျိုးမှုအား ယခင်ပေးခဲ့မှုမရှိတဲ့အတိုင်း ချေးငွေထုတ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်တွင်း၌ထုတ်တဲ့ရာဘာများအား နိုင်ငံတော်မှ သင့်လျော်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူထားပေးရန် အစီအစဉ်နှင့်ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ဖြေကြားရာမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံ၏ ရာဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရာဘာစိုက်တောင်သူများ အကျိုးအမြတ်ပိုမိုဖြစ်ထွန်းစေရေးတို့အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ရာဘာမှာ ထည့်သွင်းသတ်မှတ်ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်

တွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ ပြည်တွင်းထုတ်ကုန်များအပေါ် ဈေးနှုန်းထိန်းညှိနိုင်ရန်အတွက် ဝယ်ယူပေးခြင်းကို နိုင်ငံတော်အစိုးရမှ မည်သည့်နိုင်ငံမှ ဆောင်ရွက်မှုမရှိခြင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်နေပြီဖြစ်ခြင်း၊ စက်မှုဝန်ကြီးဌာနအနေနဲ့လည်း ဝန်ကြီးဌာနပိုင် ရာဘာခြံများမှထွက်ရှိတဲ့ မှိုင်းခံရော်ဘာများနှင့် လုံလောက်မှုရှိနေခြင်းတို့ကြောင့် ပြင်ပရာဘာစိုက်တောင်သူများထံက ရာဘာကို သင့်တင့်တဲ့ဈေးနှုန်းဖြင့် နိုင်ငံတော်မှ ဝယ်ယူပေးထားနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)။** ။ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနကို ဆက်စပ်မေးခွန်းလေးတစ်ခု မေးချင်ပါတယ်။ နိုင်ငံတော်ကနေပြီးတော့ ရာဘာသီးနှံများကို စိုက်ပျိုးထုတ်လုပ်စေခဲ့သော်လည်း နောင်ကာလမှာ နိုင်ငံတော်ကတာဝန်ယူပြီးတော့ ဈေးကွက်တွေကို မရှာပေးနိုင်တဲ့အတွက်ကြောင့်မို့လို့ ကျေးလက်နေတောင်သူများဟာဆိုလို့ရှိရင် ဘဝမမြင့်တဲ့အပြင် ဘဝနိမ့်ကျတဲ့အခြေအနေမျိုးတွေ ကြုံတွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ နောင်ကာလမှာ သီးနှံတစ်ခုကို Plan your job ဆိုတဲ့စကားအရ လုပ်ငန်းစီမံချက်နဲ့ရေးဆွဲပြီး၊ စိုက်ပျိုးပြီးတဲ့အခါမှာ ထွက်ရှိလာတဲ့ကုန်ကို တာဝန်ခံပြီးတော့ ဝယ်ပေးပါ့မယ်ဆိုတဲ့ ကတိကဝတ်များကို လုပ်ပေးနိုင်/မပေးနိုင် သိရှိလိုပါကြောင်း ထပ်ဆင့်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက ကျွန်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ စက်မှုဝန်ကြီးဌာနအနေနဲ့ ဖြေဆိုချက်အပေါ်မှာလည်း ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ ဆောင်ရွက်နေတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံတော်အပိုင်းအနေနဲ့ ရာဘာကို အခြားနိုင်ငံများမှာလည်းပဲ နိုင်ငံတော်အစိုးရပိုင်းအနေနဲ့ ဝယ်ယူခြင်းမရှိခဲ့ပါဘူး။ အလားတူ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနကလည်းပဲ သူ့ရဲ့စက်ရုံမှာ လည်ပတ်နိုင်ဖို့အတွက် သူပိုင်စက်ရုံ၊ သူပိုင်ခြံတွေကထွက်တဲ့ ရာဘာတွေနဲ့သာလျှင် ဒီနေ့ လုံလောက်တဲ့အတွက် စက်မှုဝန်ကြီးဌာနအနေနဲ့လည်း လတ်တလောအားဖြင့်တော့ ပြင်ပတောင်သူတွေကဟာကို မဝယ်နိုင်ဘူးလို့ သူတို့ဖြေကြားပေးလိုက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် နောင်စက်ရုံများ တိုးချဲ့ပြီးဆောင်ရွက်လာတဲ့အခါကျရင်တော့ လိုအပ်လာလို့ရှိရင် နိုင်ငံတော်အပိုင်းကနေပြီးတော့ စဉ်းစားပြီးတော့ စက်မှုဝန်ကြီးဌာနအနေနဲ့

စက်ရုံလိုအပ်ချက်အပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပါတယ်။ လောလောဆယ်တော့ စက်ရုံလိုအပ်ချက်က လုံလောက်နေတဲ့အတွက် နိုင်ငံတော်အပိုင်းက ဝယ်ယူခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစောဘသိန်း မေးတဲ့မေးခွန်းနဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးဖြေတဲ့ မေးခွန်းကို ကျွန်တော် ဆက်စပ်ပေးစေလိုပါတယ်။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒီလိုပြဋ္ဌာန်းရာမှာ ဥပဒေအပြင် နည်းဥပဒေများလည်း ဆက်လက်ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် ဥပဒေ၊ နည်းဥပဒေမှာပါတဲ့ အချက်အလက်များကို သေချာသုံးသပ်ပြီး သက်ဆိုင်ရာတာဝန်ရှိတဲ့အဖွဲ့အစည်းက ရာဘာအပါအဝင် အခြားသီးနှံများရဲ့ အနိမ့်ဆုံးဈေးနှုန်းအပါအဝင် အခြားကိစ္စများကို ဒီအဖွဲ့ကနေ ဆောင်ရွက်ပေးမယ်ဆိုရင် ထိုက်သင့်တဲ့အကျိုးခံစားမှုရနိုင်မှာဖြစ်တဲ့အတွက် ဒီအပိုင်းကိုလည်း မေ့မထားဖို့လိုကြောင်း ပြောကြားလိုပါတယ်။

**နိုင်ငံတော်အတွင်း မြို့နယ်ရုံးစိုက်ရာမြို့များ၌ အလုပ်သမား မှတ်ပုံတင်ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်အရ ဦးကျော်ဝင်း၊ ကန်ကြီးထောင့်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဝင်း( ကန်ကြီးထောင့်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းဖြစ်ပါတယ်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ဆက်စပ်တဲ့ မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် အစိုးရသစ်လက်ထက်မှာ ဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိလာခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းတို့အရ နိုင်ငံအနှံ့အပြားမှာ စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများ တည်ထောင်လာကြပါတယ်။ အလုပ်သမားမှတ်ပုံတင်ရရှိရေးသည်လည်း အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်လာပါတယ်။ အလုပ်သမားမှတ်ပုံတင်ရုံးစိုက်ရာ မြို့ကြီးများနှင့် နီးစပ်သောဒေသမှ အလုပ်အကိုင်လျှောက်ထားလိုသူများအတွက် အဆင်ပြေကြသော်လည်း ဝေးလံသောအရပ်ဒေသမှ အလုပ်အကိုင်လျှောက်ထားလိုသူများအတွက် အခက်အခဲများရှိပါတယ်။ Sky Net Up to Date အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ်မှာဆိုရင်လည်း

အလုပ်သမားမှတ်ပုံတင်လိုအပ်ကြောင်းကို ကြားသိနေရပါတယ်။ မြို့နယ်ရုံးစိုက်ရာမြို့များ၌ အလုပ်သမားမှတ်ပုံတင်ရုံးခွဲများကို ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးပါက ပိုမိုအဆင်ပြေချောမွေ့ကာ နိုင်ငံသားတိုင်း တစ်ဦးချင်းဝင်ငွေများ တိုးပွားလာခြင်း၊ အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းခြင်းနှင့်အတူ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း မြို့နယ်ရုံးစိုက်ရာ မြို့များ၌ အလုပ်သမားမှတ်ပုံတင် ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုသောကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာဆုတောင်းဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ကျွန်မ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း မှ ဖြေကြားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနအနေနဲ့ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Office) များကို ဖွင့်လှစ်တဲ့နေရာမှာ နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကနှင့် ဖက်စပ်ပိုင်စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းအရ အရေအတွက်နှင့် လုပ်သားဦးရေအပေါ်မူတည်ပြီးတော့ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုအခါ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနဟာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများအား နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံး ၁၅ ရုံး၊ ခရိုင်နှင့် မြို့နယ်ရုံး ၇၇ ရုံး စုစုပေါင်း ၉၂ ရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Office) များရဲ့ အလုပ်သမား မှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ အလုပ်သမားလိုကြောင်း အကြောင်းကြားစာများလက်ခံပြီး အရွေးချယ်ခံ အလုပ်သမား

စာရင်းပေးပို့ခြင်း၊ အလုပ်ခန့်ထားရေးကတ်ပြား (အလလခပုံစံ-၇) ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Office) ဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ မြို့နယ်များမှာတော့ အများပြည်သူများ လွယ်ကူစွာ အလုပ်အကိုင်ရရှိရေး အတွက် ဝန်ထမ်းများမှ ကွင်းဆင်းသွားရောက်၍ Mobile Team အနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါ တယ်။ အခုအခါမှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်လျက်ရှိပြီးတော့ ဖွဲ့စည်းပုံပြင်ဆင်တိုးချဲ့ ဖွဲ့စည်းခွင့်ရရှိပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Office) များအနေနဲ့ စုစုပေါင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် များမှာ ရုံးပေါင်း ၁၁၀ ရုံးအထိ တိုးချဲ့ဖွင့်လှစ်သွားမယ့်အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ရှင့်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူခင်းထားသော လမ်းများမှာ မိုင်ပေါင်းမည်မျှ၊ ကုန်ကျစရိတ်မည်မျှရှိ၍ ထိုလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီအား လုပ်ကိုင်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပြီး ဆောက်လုပ် ရေးဝန်ကြီးဌာနရဲ့ မော်တော်ကားလမ်းများ တည်ဆောက်ရေးနှင့် ပတ်သက်ပြီး သန့်ရှင်းသောအစိုးရ ဖြစ်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်ရေးဆိုတဲ့ ရည်ရွယ်ချက်ကို အထောက်အကူရစေရန် ရည်ရွယ်လျက် အကြံပြုချက်နှင့်အတူ အောက်ပါမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် တို့နိုင်ငံမှာ လမ်းများတည်ဆောက်တဲ့နေရာမှာ ပုဂ္ဂလိကပိုင်ကုမ္ပဏီများက B.O.T စနစ်နဲ့ နှစ်ရှည် လုပ်ကိုင်ဆောင်ရွက်သော အဝေးပြေးလမ်းများ၊ ပုဂ္ဂလိကပိုင်ကုမ္ပဏီများက အစိုးရကချပေးသော ဘတ်ဂျက်ခွင့်ပြုငွေရယူလျက် တင်ဒါစနစ်ဖြင့် ဆောက်လုပ်သောလမ်းများနဲ့ ဆောက်လုပ်ရေးဝန်ကြီး ဌာနက တာဝန်ယူလုပ်ကိုင်ဆောင်ရွက်သော လမ်းများဆိုပြီး နှစ်မျိုး၊ သုံးမျိုးရှိတာကို တွေ့ရပါတယ်။ သီပေါ-မိုင်းကိုင်-လွိုင်လင်လမ်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နဲ့ (တောင်ပိုင်း) ဆက်သွယ်ထား

တဲ့လမ်းဖြစ်ပြီး B.O.T စနစ်နဲ့လုပ်ကိုင်ဆောင်ရွက်လိုတဲ့ ပုဂ္ဂလိက ကုမ္ပဏီမရှိလို့ယူဆပြီး အစိုးရက ချထားပေးတဲ့ ဘတ်ဂျက်ခွင့်ပြုငွေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနကပဲ တာဝန်ယူလုပ်ကိုင်ကြောင်း သိရပါတယ်။ အဲဒီလမ်းကြောင်းမှာ ကတ္တရာခင်းပြုပြင်ပြီးလို့ တစ်နှစ်တောင်မကြာသေးခင်မှာပဲ ပြန်လည်ပျက်ဆီးနေတာကို ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရပါတယ်။ ဘာ့ကြောင့် ဒီလိုအလျင်အမြန်ပြန်လည်ပျက်ဆီးနေတာလဲဆိုတာကို သက်ဆိုင်ရာဒေသခံများထံ မေးမြန်းစုံစမ်းကြည့်တဲ့အခါမှာ အောက်ပါအချက်နှစ်ချက်ကြောင့်လို့ ထင်မြင်ချက်ပေးကြပါတယ်။ တစ်ချက်ကတော့ သတ်မှတ်ထားတဲ့ကုန်တွေနဲ့ များစွာပိုမိုသောဝန်ကို တင်ဆောင်လာတဲ့ မော်တော်ယာဉ်ကြီးများက သီပေါ ကိုးမိုင်လမ်းခွဲရှိ ခနော်နီခနော်နဲ့ ယာယီတည်ဆောက်ထားတဲ့ လမ်းဖြတ်သန်းခကောက်ခံရေး ကုန်ချိန်စစ်ဆေးတဲ့စခန်းမှာ ငွေပေးကာ ဖြတ်သန်းသွားလာနေနိုင်ခြင်းနဲ့ နောက်တစ်ချက်ကတော့ လမ်းများကိုခင်းရာမှာ သတ်မှတ်ထားတဲ့အရည်အသွေးပြည့်မီအောင်မခင်းခြင်းတို့ဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်အကြံပြုလိုတာက B.O.T စနစ်နဲ့ မလုပ်ကိုင်လိုတဲ့လမ်းများကို အစိုးရရဲ့ ဘတ်ဂျက်ခွင့်ပြုငွေနဲ့ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုခုကို တင်ဒါခေါ်ယူတာဝန်ပေးချထားပြီး သတ်မှတ်ထားတဲ့အကွာအဝေးများမှာ စနစ်ကျတဲ့ Toll Gate များဆောက်လုပ်စေလျက် ဖြတ်သန်းသွားလာတဲ့ ယာဉ်များရဲ့ တန်ပိုများကို စစ်ဆေးခြင်း၊ လမ်းဖြတ်သန်းခငွေများ ကောက်ခံခွင့်ပြုခြင်းနဲ့ အဲဒီကောက်ခံရရှိတဲ့ လမ်းဖြတ်သန်းခကောက်ခံရငွေများကို အသုံးပြုလျက် လမ်းများ အစဉ်အမြဲကောင်းမွန်နေစေရန်ကိုလည်း အဲဒီကုမ္ပဏီကိုပဲ ပြန်လည်အာမခံချက်ပါဝင်စေတဲ့ နှစ်ရှည်စာချုပ်ချုပ်လုပ်ကိုင်စေသင့်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်က ကနဦး ပထမတစ်ကြိမ် လမ်းပြင်ဆင်ရေးအတွက်သာ ငွေကြေးကုန်ကျစိုက်ထုတ်ရမှာဖြစ်ပြီး နောက်ပိုင်း လမ်းပြုပြင်ထိန်းသိမ်းရေးစရိတ်များကိုတော့ လမ်းဖြတ်သန်းခကောက်ခံရငွေများနဲ့ ပြန်လည်ပြုပြင်စေမှာဖြစ်လို့ ပြည်သူ့အခွန်ဘဏ္ဍာငွေလည်းသက်သာ၊ လမ်းများလည်း အစဉ်အမြဲကောင်းမွန်နေစေကာ ဖြတ်သန်းသွားလာတဲ့ မော်တော်ယာဉ်အရေအတွက်လည်း ပိုမိုတိုးတက်များပြားလာမှာ အမှန်ပဲဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ လမ်းတွေခင်းရာမှာ သတ်မှတ်ထားတဲ့ အရည်အသွေးပြည့်မီခြင်းရှိ/မရှိ၊ လမ်းများကို အချိန်မီပြင်ဆင်ခြင်းပြု/မပြုနဲ့ စတဲ့စစ်ဆေးကြီးကြပ်တဲ့တာဝန်နဲ့ အဲဒီလိုတင်ဒါခေါ်ယူရာမှာ လုပ်ကိုင်ဆောင်ရွက်လိုတဲ့ ပုဂ္ဂလိကကုမ္ပဏီမရှိတဲ့လမ်းများကိုသာလျှင် တာဝန်ယူလုပ်ဆောင်သင့်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူခင်းသွားတဲ့လမ်းများ မိုင်ပေါင်းမည်မျှရှိပါသနည်း။ နှစ်စဉ်နှစ်စဉ် နိုင်ငံတော်က

ကုန်ကျခံရတဲ့ ထိုလမ်းများရဲ့ ပြင်ဆင်ထိန်းသိမ်းစရိတ် မည်မျှရှိပါသနည်း။ (၂)ကတော့ လမ်းပြင်ဆင်ထိန်းသိမ်းစရိတ်များ ပြည်သူ့ဘဏ္ဍာငွေမှ မကုန်ကျစေရေးအတွက် ကျွန်တော်အထက်က တင်ပြသည့်စနစ်မျိုးဖြင့် ပုဂ္ဂလိကကုမ္ပဏီများသို့ ချထားလုပ်ကိုင်ခွင့်ပြုနိုင်ခြင်းရှိ/မရှိသိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးရဲထွန်းမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူထားတဲ့လမ်းများမှာ မိုင်ပေါင်းမည်မျှရှိပါသနည်း။ နှစ်စဉ် နှစ်စဉ် နိုင်ငံတော်က ကုန်ကျခံရသည့် ထိုလမ်းများရဲ့ပြင်ဆင်ထိန်းသိမ်းစရိတ် မည်မျှရှိပါသနည်း။ နှစ်စဉ် လမ်းပြင်ဆင်ထိန်းသိမ်းစရိတ်များ ပြည်သူ့ဘဏ္ဍာငွေမှ မကုန်ကျစေရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများသို့ ချထားလုပ်ကိုင်ခွင့်ပြုနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ကောင်းမွန်သောအကြံဉာဏ်များ ပေးအပ်တဲ့အတွက်လည်း ကျွန်တော်တို့ အထူးကျေးဇူးတင်ရှိပါကြောင်း မဏ္ဍာမတင်ပြလိုပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့အခြေခံအဆောက်အအုံ (Infrastructure)ဖြစ်တဲ့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် နိုင်ငံတကာက ဆက်သွယ်တဲ့လမ်းမကြီး ၁၅ လမ်း၊ တိုင်းဒေသကြီးနဲ့ပြည်နယ်များသို့ ဆက်သွယ်တဲ့ ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်ချင်းဆက်လမ်းမကြီးများ၊ မြို့နယ်ချင်းဆက်လမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ပိုမိုရှင်းလင်းစေရန်အတွက် ကျွန်တော် Power Point နဲ့တင်ပြခွင့်ပြုပါခင်ဗျာ။ ကျွန်တော်တို့ စုစုပေါင်း မြန်မာနိုင်ငံမှာရှိတဲ့ လမ်းမိုင်ပေါင်းဟာ ၉၈၉၉၃ မိုင်ရှိပါတယ်။ အဲဒီအနက်မှာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီး

ဌာနကတာဝန်ယူရတဲ့ လမ်းမိုင်ပေါင်းဟာ ၂၄၉၃၄ မိုင်နဲ့ ၆ ဖာလုံရှိပါတယ်။ တစ်နိုင်ငံလုံးရဲ့လမ်းရဲ့ ၂၆ ရာခိုင်နှုန်းကို ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝန်ယူ ဆောင်ရွက်ရတဲ့လမ်းတွေကို ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာ ကွန်ကရစ်လမ်းအဖြစ် ၂ ရာခိုင်နှုန်း ဒါလေးဖြစ်ပါတယ်။ လမ်းမိုင်ကတော့ ဒီလောက်ဖြစ်ပါတယ်။ ကတ္တရာလမ်းအဖြစ် ၅၁ ရာခိုင်နှုန်းရှိပါတယ်။ ကျောက်ချောလမ်း ၁၂ ရာခိုင်နှုန်းရှိပါတယ်။ အမာခံလမ်း ၁၄ ရာခိုင်နှုန်း ရှိပါတယ်။ မြေလမ်းက ၂၀ ရာခိုင်နှုန်းဖြစ်ကြောင်း ကျွန်တော်တို့ ခွဲခြမ်းစိတ်ဖြာထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီလမ်းတွေကိုလည်း စီမံခန့်ခွဲတဲ့နေရာမှာ ပိုမိုပြီးတော့ အဆင်ပြေချောမွေ့ စေရန်ဆိုပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနက အားလုံးတာဝန်ယူဆောင်ရွက်ခြင်းမပြုဘဲနဲ့ ကျွန်တော် ဒီမှာ Power Point မှာတင်ပြထားတဲ့အတိုင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုက ၇၅ ရာခိုင်နှုန်း၊ တိုင်းဒေသကြီးကို ၂၅ ရာခိုင်နှုန်း ဒီလိုနဲ့ ကျွန်တော်တို့ ဒီလေးနှစ်တာကာလ ရောက်တဲ့ အခါမှာ ကျွန်တော်တို့ ပြည်ထောင်စုက ၄၄ ရာခိုင်နှုန်း၊ တိုင်းဒေသကြီးကို ၅၆ ရာခိုင်နှုန်း ဒီလိုခွဲပေး ခဲ့တာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ပြည်ထောင်စုကတာဝန်ယူတာကိုလျှော့ပြီးတော့ တိုင်းဒေသကြီး နှင့်ပြည်နယ်တွေကို တိုးပေးတဲ့စနစ်နဲ့ စီမံဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ ထိန်းသိမ်းဆောင်ရွက်တဲ့ လမ်း၊ တံတားများဟာ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေဖြစ်တဲ့ တောရှင်းခြုံခုတ်ခြင်း၊ လမ်းဘေးရေမြောင်းများ တူးဖော်ခြင်း၊ လမ်းပေါက်ငယ်များ ဖာထေးခြင်း၊ တံတားရေလမ်းကြောင်းများ ရှင်းလင်းခြင်းနှင့် တံတားကြမ်းခင်း၊ ဘီးလမ်းများလဲလှယ်ခြင်းစတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် တစ်နှစ်ပတ်လုံး သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေဟာ ကျပ် ၁၇.၅ ဘီလီယံလိုအပ်တာဖြစ်ပါတယ်။ ဒီအပြင် ကတ္တရာလမ်းရဲ့လမ်းသက်တမ်း(Life Cycle) ကုန်ဆုံး သွားတဲ့လမ်းတွေအတွက် ပြင်ဆင်ထိန်းသိမ်းခြင်း၊ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာတဲ့ မမျှော်မှန်း နိုင်တဲ့ လမ်း၊ တံတားပျက်စီးမှုကိုထိန်းသိမ်းဖို့အတွက် လိုအပ်တဲ့ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဟာ ကျပ် ၃၇၅ ဘီလီယံ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လမ်းများကို ကျွန်တော်တို့ ပုံမှန်ပြင်ဆင် ထိန်းသိမ်းဖို့အတွက် လိုအပ်ချက်က နှစ်စဉ် ငွေကျပ် ၃၉၂.၅ ဘီလီယံ လိုအပ်တာဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ခွဲဝေမှုအခြေအနေအရ ကျွန်တော်တို့ တာဝန်ယူရတဲ့လမ်း မိုင်ပေါင်း ၂၅၀၀၀ ခန့်ကို ကျွန်တော် ဒီမှာ Power Point မှာ တင်ပြထားတဲ့အတိုင်း ၂၀၁၁-၂၀၁၂

ကနေစပြီးတော့ ကျွန်တော်တို့ ရရှိတဲ့ရန်ပုံငွေဟာ ရာခိုင်နှုန်းအားဖြင့် ဒီမှာ ကျွန်တော် တင်ပြထားတဲ့ အတိုင်း နှစ်အလိုက်ရရှိထားတာဖြစ်ပါကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အထဲမှာပါဝင်တဲ့ သီပေါ- မိုင်းကိုင်- လွိုင်လင်လမ်းဟာ ၁၄၉ မိုင်နှင့် ၂ ဖာလုံ ရှည်လျားပါတယ်။ သီပေါမြို့နယ်အတွင်း ၉ မိုင်လမ်းခွဲ(ခိုလုံရွာ)ကနေပြီးတော့ မန်လီရွာအထိ လမ်းများကို မပျက်စီးသေးဘဲ မိုင်းကိုင်နဲ့ ပင်လုံ မြို့အကြား လမ်းများပျက်စီးနေမှုနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြပါ့မယ်။ ဒီဟာ မိုင်တိုင် ၁၀ လွိုင်လင် ကစပါတယ်။ လဲချားက ၃၂ မိုင်ပါ။ မိုင်းကိုင်က ၆၂ မိုင်ပါ။ ဒီအထိဟာ ၁၄၉ မိုင် ၂ ဖာလုံ ကျွန်တော်တင်ပြတဲ့ ဒီလမ်းကြောင်းဖြစ်ပါတယ်။ ဒီမှာတော့ ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီး အထူး တင်ပြသွားတာက လွိုင်လင်ကနေ ၆ မိုင်အကွာမှာ ပင်လုံမြို့ရှိပါတယ်။ ဒီ ၆ မိုင်ကနေ မိုင်းကိုင်ကြား ဒါ ၅၆ မိုင် တချို့အပိုင်းတွေ လမ်းပျက်စီးနေတာကို ဒါ တင်ပြသွားတာဖြစ်ပါတယ်။ ဒီအပိုင်းနဲ့ပတ်သက် လို့လည်း ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာ ဒီအပိုင်းဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ပြင်ဆင်ထိန်းသိမ်းရေး သာမန်သာရရှိပြီးတော့ အထူးပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေ လည်းမရှိခဲ့တာကြောင့် ဒီလမ်းပျက်စီးတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအနက် စံချိန်စံညွှန်းပြည့်မီတဲ့လုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မိုင်းကိုင်နဲ့ပင်လုံမြို့အကြားကို ပြည်ထောင်စုငွေလုံး ငွေရင်းရန်ပုံငွေကျပ် ၆၃၅ သန်းနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေကျပ် ၃၇၈၉ သန်း စုစုပေါင်း ကျပ် ၄၄၂၄ သန်းနဲ့ ပင်လုံမြို့နှင့်မိုင်းကိုင်မြို့အကြား ၅၆ မိုင်ကို ကောင်းမွန်အောင် ဆောင်ရွက်သွား ဖို့အတွက် ကျွန်တော်တို့ တင်ပြတောင်းခံထားတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများကို Public Private Partnership(PPP)နဲ့ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များကို B.O.T စနစ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ဒီမှာ ကျွန်တော် တင်ပြထားတဲ့အတိုင်းပါပဲ။ B.O.T စနစ်နဲ့ ဆောင်ရွက် ခွင့်ပြုခဲ့တာဟာ ပြည်တွင်းကုမ္ပဏီတွေအတွက် ၂၉ ခု၊ ဆောင်ရွက်တဲ့လမ်းအရေအတွက်က ၆၂ လမ်း၊ ကျွန်တော်တို့ဆောင်ရွက်တဲ့မိုင်ပေါင်းက ၃၄၉၇ မိုင်ကို ကျွန်တော်တို့ ဆောင်ရွက်စေခဲ့တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါကို ပြန်ကြည့်ရင် ကျွန်တော်တို့တာဝန်ယူတဲ့ ၁၀၀ ရာခိုင်နှုန်းမှာ ၈၆ ရာခိုင်နှုန်း က ကျွန်တော်တို့ဝန်ကြီးဌာနက တာဝန်ယူပြီးတော့၊ ၁၄ ရာခိုင်နှုန်းက B.O.T စနစ်နဲ့ ကျွန်တော်တို့

ပေးအပ်ထားတာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ ဒါ အမှန်တကယ် ဆောင်ရွက်နိုင်စွမ်းရှိတဲ့ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီကိုလည်း B.O.T စနစ်နဲ့ လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုပါက ဖိတ်ခေါ်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါ။ အဓိက ကျွန်တော့် မေးခွန်းနှစ်ခုမှာ အဓိကအားဖြင့်တော့ ဒုတိယမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံက အခုကျင့်သုံးနေတဲ့ လမ်းတွေပြုပြင်တဲ့စနစ် မကောင်းတဲ့ဟာကို အကြံပေးတာဖြစ်ပါတယ်။ အဲတော့ BOT စနစ်နဲ့ လုပ်တဲ့ဒီလမ်းတွေမှာဆိုလို့ရှိရင် ကုမ္ပဏီက ငွေကြေးစိုက်ထုတ်ပြီးတဲ့ အခါကျတော့ သူတို့ ကိုယ်တိုင်ပဲပြင်ဆင်စရိတ်တွေကို ကောက်ခံပြီးတော့ တာဝန်ယူပါတယ်။ ဒီ BOT စနစ်နဲ့ မလုပ်တဲ့ဟာတွေကျတော့ အစိုးရကနေ ငွေထုတ်ပေးပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ကုမ္ပဏီက လုပ်တာရှိတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီ ဝန်ကြီးဌာနက လုပ်တာရှိတယ်။ အဲဒါမျိုးတွေကို ကျွန်တော်တို့က အခုလမ်းခွန်ကောက်ခံပြီးတော့ ပြင်ဆင်တဲ့ စနစ်ကိုပါ တွဲပြီးတော့ စာချုပ်ချုပ်ပြီးတဲ့ အခါကျတော့ နောင်မှာ သူတို့လမ်းခွန်ကောက်၊ သူတို့လမ်းပြင်ဆိုတဲ့စနစ်မျိုးကို ကျွန်တော်တို့ ကျင့်သုံးနိုင်ခြင်းရှိ/မရှိ။ အခု ကျွန်တော်ဖြစ်စေချင်တာ ကျွန်တော့ဆန္ဒအရဆိုရင်တော့ လမ်းတိုင်းလမ်းတိုင်းကို ကျွန်တော်တို့က သတင်းစာထဲမှာ တင်ဒါခေါ်သင့်ပါတယ်။ တင်ဒါခေါ်ပြီးတဲ့အခါကျတော့ အဲ့လိုစနစ်နဲ့ လုပ်နိုင်တယ်ဆိုလို့ရှိရင် ဘယ်နှုန်းနဲ့ကောက်မလဲ။ ဘယ်လိုအရည်အသွေး၊ စံချိန်စံညွှန်းတွေခင်းပေးရမယ်ဆိုတဲ့ ဒီအာမခံချက်တွေကို လက်မှတ်ထိုးပြီးတဲ့အခါကျတော့ လုပ်စရာကို ဆိုလိုတာဖြစ်ပါတယ်။ အဲဒီစနစ်မျိုးကို ဆောင်ရွက်နိုင်၊ မဆောင်ရွက်နိုင်ကို အဓိကမေးတာဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင် အရေးကြီးတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အပြောင်းအလဲဖြစ်ပါတယ်။ လမ်းတွေဟာဆိုလို့ရှိရင် အားလုံးသိကြပါတယ်။ ပြင်ပြီးရင်ပျက်တယ်။ ပြင်ပြီးပျက်တယ်။ နေရာတိုင်းလိုလိုမှာ အဲ့လိုပုဂ္ဂလိက ကုမ္ပဏီတွေ တာဝန်ယူမထားဘူး။ လမ်းခွန်မကောက်ဘူးဆိုလို့ရှိရင် ပျက်တဲ့လမ်းတွေများပါတယ်။ ဒါကို စနစ်ပြောင်းလဲလုပ်နိုင်/မလုပ်နိုင်ဆိုတာကို သိလိုပါတယ်ခင်ဗျား။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားတာနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ လမ်းပြုပြင်တဲ့စနစ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က သက်ဆိုင်ရာ တင်ဒါဆောင်ရွက်သွားတဲ့ ကုမ္ပဏီများကိုလည်း ကျွန်တော်တို့ အသေးစိတ်အချက်အလက်များနှင့် ညွှန်ကြားပြီးတော့ ပြုပြင်စေတာဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ လမ်းများကို တင်ဒါခေါ်တာလည်း ကျွန်တော်တို့ သတင်းစာထဲမှာ ကြော်ငြာပြီးတော့ တင်ဒါခေါ်ခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီလိုတင်ဒါခေါ်ပြီးတော့ ဆောင်ရွက်တဲ့ ကုမ္ပဏီတွေဟာ လာရောက်လုပ်ကိုင်စဉ်အခါတုန်းက ကျွန်တော်တို့ရဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာဖို့ စာချုပ်ချုပ်ဆိုပြီးလုပ်တာဖြစ်သော်လည်း အမှန်တကယ်ပြန်ကြည့်တဲ့အခါမှာ ဒီလိုဆောင်ရွက်ခြင်းမရှိဘဲနဲ့ ငွေပဲကောက်ပြီးတော့ လမ်းကိုပြင်ဆင်ခြင်းမရှိတဲ့အတွက် ကုမ္ပဏီပေါင်း ၁၄ ခုကို ကျွန်တော်တို့က ပြန်လည်ရုပ်သိမ်းပြီးတော့ ကျွန်တော်တို့ဌာနကပဲ တာဝန်ယူဆောင်ရွက်တဲ့စနစ်ကိုလည်း ကျွန်တော်တို့ လုပ်ခဲ့ရပါတယ်။ ဒီမှာ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က တင်ဒါစနစ်၊ B.O.T စနစ်ဆိုပြီးတော့ နှစ်ခုရှိတဲ့အနက်မှ တင်ဒါစနစ်နဲ့ပေးတဲ့ လုပ်ငန်းစဉ်တော်တော်များများကတော့ ကျွန်တော်တို့ ဘယ်လိုပင်ကြပ်မတ်ပေမယ့် အောင်မြင်မှုနည်းရတာ တွေ့ရပါတယ်။ အထူးသဖြင့် B.O.T စနစ်နဲ့ တာဝန်ပေးတဲ့လုပ်ငန်းတွေကတော့ ကျွန်တော်တို့ အောင်မြင်တာဖြစ်ပါတယ်။ B.O.T စနစ်နဲ့ ပေးလိုက်တဲ့လုပ်ငန်းတွေထဲမှာ ကျွန်တော်တို့ ပြန်သိမ်းရတာ နှစ်ခုပဲရှိပါတယ်။ ဒီတင်ဒါစနစ်ကတော့ ကျွန်တော်တို့ ၁၄ ခုထိကို ပြန်သိမ်းရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ ဒီလိုတင်ဒါစနစ်နဲ့ပဲပေးပေး၊ B.O.T စနစ်နဲ့ပဲပေးပေး ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ပေးထားတဲ့ အင်ဂျင်နီယာမှူးကြီးတွေ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးတွေ၊ ခရိုင်အင်ဂျင်နီယာမှူးတွေကို ကျွန်တော်တို့ ဒီလမ်းပေါ်မှာ အသေးစိတ် ကြီးကြပ်ပြီးတော့ ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်စေတာ ဖြစ်ပါတယ်။ ခုနက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း လမ်းများဟာ ပြင်ပြီးရင်ပျက်ဆိုတာလည်း ဒါဖြစ်သင့်တဲ့ အပိုင်းမှာဖြစ်ပါတယ်။ တချို့အပိုင်းတွေမှာတော့ ကျွန်တော်တို့ ဘယ်လိုပင်ထိန်းသိမ်းပေမယ့် ထိန်းသိမ်းလို့မရတဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ တန်ပိုယာဉ်တွေကြောင့်လည်း အချက်တစ်ချက်ပါတာလည်း အမှန်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်က ထိန်းသိမ်းတာ အားနည်းတဲ့အပိုင်းကလည်း တချို့အပိုင်းတွေမှာ ကျွန်တော်တို့ လုံခြုံရေးအရ သွားရောက်ပြီးတော့ ထိန်းသိမ်းရေးလုပ်ငန်းတောင် ဆောင်ရွက်နိုင်ခြင်း

မရှိတဲ့အပိုင်းတွေလည်းရှိပါတယ်။ ဒါကြောင့်မို့ ဒါတွေကို ကျွန်တော်တို့ အကြံပြုသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဖက်ဖက်က ကျွန်တော်တို့ ပြန်လည်ပြုပြင်ပြီး ဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

**အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်မှုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ရှင်းလင်းတင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်တံခွန် (၃)ရေယာဉ်နစ်မြုပ်မှုကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ရှင်းလင်းမတင်ပြမီ ယခုလိုဖြစ်ပေါ်လာတဲ့ အကြောင်းရင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြသွားလိုပါတယ်။ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ နေပြည်တော်ကိုလိပ်မူပြီး ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ် ရခိုင်ပြည်နယ်က အရေးကြီးအဆိုတင်သွင်းခွင့်ပြုပါရန် ၁၆-၃-၂၀၁၅ ရက်နေ့က တင်ပြခဲ့ပါတယ်။ အဆိုကတော့ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် မြေပုံမြို့နယ်၊ နောင်တော်ပင်လယ်ဝ မြောက်ကျွိန်ကျွန်းအနီး ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်အမှတ်(၃) နှစ်ထပ်သင်္ဘောနစ်မြုပ်ရခြင်းကြောင့် အသက်သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပစ္စည်းဆုံးရှုံးမှုများအား စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဒီအချိန်မှာ ပြည်ထောင်စုအစိုးရက ကြီးကြပ်ပြီး ကယ်ဆယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ပြုလုပ်နေကြောင်းသိရ၍ အရေးကြီးအဆိုတင်သွင်းရန် မလိုအပ်သေးဟုယူဆပြီး ပြည်ထောင်စုအစိုးရက ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ချက်များကို လွှတ်တော်မှတစ်ဆင့် ပြည်သူများသိရှိအောင် ရှင်းလင်းတင်ပြသင့်ကြောင်း အစိုးရထံ အကြောင်းကြားခဲ့ပါတယ်။ ဒီအကြောင်းကြားစာပေါ် မူတည်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက စာအမှတ်၊ ၂၀/၄၃၇(၅ပထစ)/အဖရ၊ ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့စွဲဖြင့် ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုလွှတ်တော်ရုံး)ကိုလိပ်မူ၍ အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်မှုနှင့်စပ်လျဉ်း၍ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကိစ္စကို ဖော်ပြပြီးတော့ ပြန်လည်ပေးပို့တင်ပြခဲ့ပါတယ်။

**မူကြမ်း**

ဒါကြောင့် ဒီလိုတင်ပြလာတဲ့အခါမှာ စာအရတင်ပြအကြောင်းကြားမှုကို ပိုမိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများသိရှိနိုင်ဖို့အတွက် ယခုလို အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်မှုကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနက လူကိုယ်တိုင်လာရောက်ရှင်းလင်းပေးဖို့ ဖိတ်ကြားတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့ဝန်ကြီးဌာနက ယခုလို ကိုယ်တိုင်လာရောက်ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနက အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်မှုကိစ္စနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဟံစိန်မှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲမှာရှိတဲ့ အောင်တံခွန်(၃)ရေယာဉ်ဟာ ကျွန်တော်တို့ ဒီတောင်ကုတ်-စစ်တွေ ခရီးလမ်းအတွက် စစ်တွေကနေ တောင်ကုတ်ကို ၁၀ ရက်နေ့ကနေဆင်းလာပြီးတော့ ကျွန်တော်တို့ တောင်ကုတ်ကနေ ၁၂-၃-၂၀၁၅ ရက်နေ့ ည ၁၂ နာရီအချိန်ခန့်မှာ စတင်ထွက်ခွာခဲ့တာ ကျွန်တော်တို့ ရမ်းဗြဲမြို့ကနေတစ်ဆင့် ကျောက်ဖြူမြို့ကို ၁၃ ရက်နေ့ အခင်းဖြစ်မယ့်နေ့ (၁၅ နာရီ) ညနေ ၃ နာရီအချိန်ခန့်မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်ဖြူမြို့ကနေပြီးတော့ ညနေ ၄ နာရီ ၁၅ ခန့်မှာ ကျွန်တော်တို့ စာရင်းအရ ခရီးသည်နှင့် ရေယာဉ်ဝန်ထမ်း ၂၂၅ ဦး၊ ကုန် ၁၂၉ တန်နှင့် ဆက်လက်ပြီးတော့ ထွက်ခွာခဲ့တဲ့အခါမှာ ခုတ်မောင်းချိန် ၂ နာရီခန့်အကြာမှာ ကျွန်တော်တို့ နောင်တော်ကျွန်းအနီးအရောက်မှာ ရာသီဥတုဆိုးရွားလာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ရေယာဉ်ကို အတွင်းလမ်းကိုပြောင်းပြီးတော့ မောင်းနှင်ခဲ့တာဖြစ်ပါတယ်။ အဲဒီလို မောင်းနှင်တဲ့အခါမှာ ရာသီဥတုကြောင့်မို့လို့၊ အနောက်မြောက်လေကြောင့်မို့လို့ လှိုင်းလေပုတ်ခတ်တဲ့အခါမှာ ရေယာဉ်အတွင်းကို ကုန်းပတ်ပေါ်ကိုရေကျော်ဝင်ခြင်း ဒီလိုဖြစ်လာတဲ့အတွက်ကြောင့်မို့လို့ မြေပုံမြို့ကနေပြီးတော့ အရှေ့တောင်ပိုင်း

မိုင် ၆၀ ခန့်အကွာ ငပသုန်ကျေးရွာအနီး ကျွန်တော်တို့ နောင်တော်ကျွန်းနဲ့ မြောက်ကျွိန်ကျွန်းကြား အရောက်မှာ လှိုင်းဒဏ်ကြောင့် ဦးပိုင်းကနေရေဝင်တယ်။ ကျွန်တော်တို့ ရေစုပ်စက်နဲ့ စုတ်ထုတ်တယ်။ ခရီးသည်တွေကနေ ဝိုင်းကူပက်တယ်။ ဒါပေမယ့် ရေဝင်မှုကို မထိန်းနိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ မြောက်ကျွိန်ပိုင်းဆိပ်ကမ်းအနီး သောင်ကုန်းကို ရေယာဉ်ကို မောင်းနှင်ခဲ့သော်လည်းပဲ ရေယာဉ်ဟာထိန်းသိမ်းနိုင်ခြင်းမရှိတော့ဘဲနဲ့ ကျွန်တော်တို့ ၁၃-၃-၂၀၁၅ ရက်နေ့ ည ၇ နာရီခွဲ အချိန် ခန့်မှာ နောင်တော်ကျွန်းနဲ့ မြောက်ကျွိန်ကျွန်းကြား ခန့်မှန်းလတ္တီကျု ၁၉ ဒီဂရီ ၄၀ မိနစ်၊ မြောက်လောင် ဂျီကျု ၉၃ ဒီဂရီ ၃၆ မိနစ်(အရှေ့) Power Point မှာတင်ပြထားတဲ့နေရာမှာ ရေယာဉ်နစ်မြုပ်မှုဖြစ် ပွားခဲ့ပါတယ်။ ရေယာဉ်နစ်မြုပ်မှု သတင်းရရှိတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ မြေပုံမြို့နယ် မန်နေဂျာက မြေပုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လုံး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဒေသအာဏာပိုင်တို့နဲ့ပူးပေါင်းပြီးတော့ ကျွန်တော်တို့ စက်လှေတွေနဲ့ထွက်ခွာဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အနီးအနား ခုနက မြောက်ကျွန်းမှာရှိတဲ့ တံငါရွာ၊ အဲဒီနားမှာရှိတဲ့ရွာတွေ ကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

အလားတူပဲ ကျောက်ဖြူမြို့နယ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမန်နေဂျာရဲ့ အကူအညီ တောင်းခံချက်အရ ကျွန်တော်တို့ ဓညဝတီရေတပ်စခန်းဌာနချုပ်၊ တပ်မတော်(ရေ)က ရေယာဉ်နှစ်စီး ကလည်း အကူအညီပေးခဲ့ပါတယ်။ ကျောက်ဖြူမြို့နယ် မန်နေဂျာနဲ့ အာဏာပိုင်များဦးစီးပြီးတော့ ကျောက်ဖြူမြို့ကို ရောက်ရှိနေတယ်။ အဲဒီတော့ အဲဒီအခင်းဖြစ်တဲ့နေ့မှာပဲ အောင်တံခွန်(၃)က အထဲကိုချိုးသွားတဲ့အချိန်မှာ အောင်တံခွန်(၄)သည် မြေပုံဘက်ကနေဆင်းလာပြီးတော့ ကျောက်ဖြူကို ဝင်ခဲ့တာဖြစ်ပြီးတော့ အဲဒီညမှာ ကျောက်ဖြူကို ရောက်ရှိခဲ့ပါတယ်။ အဲဒီ အောင်တံခွန်(၄) ရေယာဉ်က ကျောက်ဖြူမှာရောက်ရှိနေတဲ့အတွက်ကြောင့်မို့လို့ အဲဒီရေယာဉ်နဲ့ ကျွန်တော်တို့ အခင်းဖြစ်တဲ့နေရာကို ရောက်ရှိပြီးတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

ထို့အတူပဲ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလည်း တိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်အပါအဝင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲ လက်ထောက်အထွေထွေ မန်နေဂျာနဲ့ လက်ထောက်ရေကြောင်းဌာနမှူးချုပ် အင်ဂျင်နီယာမှူးနဲ့ဝန်ထမ်းများက ရွှေပြည်တန်ရေ နဲ့ အခင်းဖြစ်တဲ့နေရာကိုရောက်ရှိပြီးတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ပူးပေါင်းပြီးတော့ ဆက်လက် ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီးတော့

ကျွန်တော်လည်း လိုက်ပါသွားခဲ့ပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ဦးဆောင်ညွှန်ကြားရေးမှူးလည်း လိုက်ပါခဲ့ပါတယ်။ ရေယာဉ်နစ်မြုပ်တဲ့နေရာမှာပါဝင်တဲ့ ဒီခရီးသည်တွေ ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ရန် အခြေအနေကိုလည်းသိရန် ကျောက်ဖြူမြို့ကို နောက်တစ်နေ့ ၁၄-၃-၂၀၁၅ ရက်နေ့မှာထွက်ခွာခဲ့တာ ညနေ ၃ နာရီခွဲမှာ ကျောက်ဖြူမြို့ကိုရောက်ရှိပြီးတော့ ကျောက်ဖြူမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှာ ဖွင့်လှစ်ထားတဲ့ ကယ်ဆယ်ရေးစခန်းမှာ အဲဒီအချိန်ကျွန်တော်တို့ ဖြစ်တဲ့နေရာကနေ တပ်မတော်ရေယာဉ်နဲ့ ဒီဒုက္ခသည် ၃၅ ဦးကို ကျောက်ဖြူကို ပို့ဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီဒုက္ခရောက်ရှိတဲ့သူတွေနဲ့ ကျွန်တော်တို့ တွေ့ဆုံပြီးတော့လိုအပ်တဲ့ မေးမြန်းခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း၊ ဒါတွေကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဒီရေယာဉ်နစ်မြုပ်မှုမှာ ဒဏ်ရာရရှိတဲ့ ကျားနှစ်ဦး၊ မသုံးဦးဟာ ကျောက်ဖြူမြို့နယ် ပြည်သူ့ဆေးရုံမှာတက်ရောက်နေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဆေးရုံကို သွားပြီးတော့လည်း အားပေးစကားပြောကြားခြင်း၊ လှူဒါန်းငွေများပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးနဲ့အဖွဲ့ဟာ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှာ ရပ်မိရပ်ဖများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနဲ့တာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီးတော့ ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ ရှင်းလင်းပြောကြားခြင်း၊ နောက်ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သင့်တဲ့ အစီအမံတွေကိုလည်းညှိနှိုင်းဆွေးနွေးခြင်း၊ ဒီရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်မှာနစ်နာမှုဖြစ်ပေါ်တဲ့ခရီးသည်တွေ သေဆုံးသွားသူတွေရဲ့ မိသားစုများကိုကူညီဆောင် ရွက်ပေးမည့် အစီအစဉ်တွေ၊ ထောက်ပံ့ငွေပေးအပ်မည့်အစီအစဉ်တွေကိုလည်း ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ထောက်ပံ့ငွေပေးအပ်မှုများ၊ ကူညီဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး နေ့စဉ်သတင်းစာများမှာပါဝင်တဲ့ အတွက်ကြောင့်မို့လို့ အားလုံး သိရှိပြီးဖြစ်မယ်လို့ ယူဆပါတယ်။

နောက်တစ်နေ့ ၁၅-၃-၂၀၁၅ ရက်နေ့မှာတော့ ကျောက်ဖြူအမှတ်(၃)ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားတဲ့ ဒီနစ်မြုပ်တဲ့ရေယာဉ်နဲ့အလားတူ ရေယာဉ်ဖြစ်တဲ့ အောင်တံခွန်(၄) ရေယာဉ်ပေါ်ကိုလည်း အသေးစိတ်တက်ရောက်ပြီးတော့ စစ်ဆေးခဲ့ပါတယ်။ ဒီရေယာဉ်ပေါ်မှာ အသက်ကယ်ဝတ်စုံတွေထားရှိမှု၊ အသက်ကယ်ဘောတွေပြည့်စုံစွာထားရှိရေး၊ ရေယာဉ်ဝန်ထမ်းများအနေနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျွန်တော်တို့ဒီအသက်ကယ်ပစ္စည်းတွေ သုံးစွဲမှုတွေနဲ့ပတ်သက်ပြီးတော့ စစ်ဆေးခြင်း၊ ဂရုပြုဆောင်ရွက်သွားဖို့ ဒါတွေ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးကနေ ညွှန်ကြားဆောင်ရွက်ခဲ့ပါတယ်။ ၁၃-၃-၂၀၁၅ ရက်နေ့မှာနစ်မြုပ်ခဲ့တဲ့ အောင်တံခွန်(၃) ရေယာဉ်ဖြစ်စဉ်မှာတော့ ခရီးသည်

**မူကြမ်း**

၁၆၉ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီးတော့ ဒီ ၁၇-၃-၂၀၁၅ ရက်နေ့ ၁၆း၀၀ နာရီအချိန်ထိကတော့ သေဆုံးသူ ကျား ၁၄ ဦး၊ မ ၄၇ ဦး ပေါင်း ၆၁ ဦးရဲ့ ရုပ်အလောင်းတွေကို ဆယ်ယူရရှိပြီးတော့ အများစုကတော့ ကျောက်ဖြူမြို့နယ် ဆေးရုံကိုပို့ဆောင်ပြီးတော့ အဲဒီကနေ သင်္ဂြိုဟ်ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရရှိတဲ့ ခရီးသည်တွေကိုတော့ သူတို့ရဲ့ နေရပ်ဒေသဖြစ်တဲ့အချိန်မှာပဲ ကယ်ဆယ်ရရှိပြီးတော့ မိမိနေရပ် ဒေသကိုပြန်လည်ပို့ဆောင်ဖို့အတွက်ကိုတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ဆောင်ရွက်ခဲ့ရာ စစ်တွေနဲ့ပေါက်တောမြို့များကို သွားရောက်တဲ့ခရီးသည်တွေကိုတော့ ရွှေပြည်တန်ရေယာဉ်ဖြင့်လည်းကောင်း၊ မြေပုံမြို့ကိုသွားရောက်မည့် ခရီးသည်တွေကိုတော့ စက်လှေနဲ့လည်းကောင်း၊ ကျောက်ဖြူမြို့ကိုသွားရောက်မည့် ခုနက ခရီးသည် ၃၅ ဦးကိုတော့ တပ်မတော်ရေကစစ်ရေယာဉ်(၅၅၃)နဲ့လည်းကောင်း အသီးသီးပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ အောင်တံခွန်(၃) ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ် သိရှိသည်နှင့်တစ်ပြိုင်နက် ၁၄ ရက်နေ့မှာ ဒီဖြစ်စဉ်ဖြစ်ရပ်အမှန်ကို ပေါ်ပေါက်စေရေးအတွက် သင့်လျော်တဲ့ပုဂ္ဂိုလ်တွေနဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စုံစမ်းတွေ့ရှိချက်တွေကိုဆောလျင်စွာ ပြန်လည်တင်ပြဖို့အတွက် နိုင်ငံတော်သမ္မတရုံးကနေ ညွှန်ကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနက ၁၄-၃-၂၀၁၅ ရက်နေ့မှာ အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ကို ကျွန်တော်တို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးထွန်းလွင်ဦး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ကို ဖွဲ့စည်းပြီးတော့ ၁၆-၃-၂၀၁၅ ရက်နေ့မှာပဲ စတင်ပြီးတော့ စစ်ဆေးမှုတွေကိုပဲ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီအပြင် နိုင်ငံတော်သမ္မတရုံးက အလားတူဖြစ်စဉ်တွေ ထပ်မံမဖြစ်ပွားစေရေးအတွက် မိုးမကျမီပြည်တွင်းရေကြောင်း ပို့ဆောင်ရေးရေယာဉ်တွေအားလုံး ကြံ့ခိုင်မှုရှိ/မရှိနဲ့ ပြုပြင်ရန်လိုအပ်မှုရှိ/မရှိတွေကို သီးခြားအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး တော့စစ်ဆေးဆောင်ရွက်သွားရန်လည်း ပြုပြင်ရန်လိုအပ်သည့်ရေယာဉ်များကို အချိန်မီပြုပြင်မွမ်းမံဆောင်ရွက်သွားပြီး ရေယာဉ်တင်ဆောင်နိုင်တဲ့ လူဦးရေနဲ့ကုန်တန်ချိန်တို့ကို ရေယာဉ်များ၏ အများမြင်သာသည့်နေရာများမှာ ထင်သာမြင်သာစွာရေးသားချိတ်ဆွဲ ညွှန်ကြားထားရှိဖို့ ညွှန်ကြားလာမှုအပေါ်ကိုလည်း ကျွန်တော်တို့ လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရေယာဉ်များအားလုံး ကြံ့ခိုင်မှုရှိ/မရှိနဲ့ ပြုပြင်ရန်လိုအပ်မှုရှိ/မရှိတို့ကို စစ်ဆေးဆောင်ရွက်သွားရန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေယာဉ်များစစ်ဆေးရေးအဖွဲ့ကို မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်စိုး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့အဖွဲ့နဲ့

ကျွန်တော်တို့ မနေ့ကတည်းက စတင်ပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီနစ်မြုပ်ရေယာဉ်ကိုလည်း ကျွန်တော်တို့ ရေငုတ်အဖွဲ့နဲ့ရှာဖွေခဲ့တဲ့အခါမှာ နောင်တော်တောင်အနီး မြောက်ကျွန်ပိုက်စိတ် အရှေ့တောင်ထောင့်ကျွန်းက ကိုက် ၃၀၀ ခန့်အကွာ ခန့်မှန်းလတ္တီကျူ ၁၉ ဒီဂရီ ၃၉ မိနစ်မြောက် လောင်တီကျူ ၉၃ ဒီဂရီ ၃၆ မိနစ်အရှေ့ရေအောက်အနက် ရေစစ်ချိန် ပေ ၉၀၊ ရေပြည့်ချိန်ပေ ၁၂၀ မှာ တစောင်းမှောက်ခုံအနေအထားနဲ့နစ်မြုပ်လျက်ရှိကြောင်းကိုလည်း ကျွန်တော်တို့ ၁၅-၃-၂၀၁၅ ရက်နေ့ ညနေပိုင်းမှာ ရှာဖွေတွေ့ရှိခဲ့တဲ့အတွက် အမှတ်အသား (Point) လည်းချထားပြီးပါပြီ။ ရေငုပ်ပြီးတော့ရှာဖွေရေးလုပ်ငန်းတွေလည်း ဆောင်ရွက်တဲ့အတွက်ကြောင့်မို့လို့ ဒါနောက်ထပ်သေဆုံးသူတွေကိုလည်း ဆက်လက်ရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအောင်တံခွန် (၃) ရေယာဉ်ဟာဆိုလို့ရှိရင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှာ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ကနေစတင်ပြီးတော့ ကျွန်တော်တို့ ရေယာဉ်အသစ်အနေနဲ့ သုံးစွဲလာခဲ့တာဖြစ်ပါတယ်။ သုံးစွဲလာခဲ့တဲ့နေရာမှာ ဒီအောင်တံခွန်ရေယာဉ် ခုနစ်စင်းမှာ ခြောက်စင်း။ နောက် ဧည့်ဝတီရေယာဉ် သုံးစင်းဟာ ရခိုင်ပြည်နယ်အတွက် အထူးတည်ဆောက်ပြီးတော့ သုံးစွဲနေတဲ့ရေယာဉ်များဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအောင်တံခွန်(၃)ရေယာဉ်နဲ့ပတ်သက်ပြီးတော့ နောက်ဆုံးသူ့ကို လွှန်းချင်းတင်ပြီးတော့ လွှန်းချတဲ့ နေ့က ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နစ်မြုပ်မှုဖြစ်တဲ့အချိန်မှာ ဒီရေယာဉ်လွှန်းတင်ခဲ့တာ သက်တမ်းအားဖြင့် တစ်နှစ်နဲ့လေးလပတ်ဝန်းကျင် ရှိပါတယ်။ နောက် ကျွန်တော်တို့ ဒါက လွှန်းချတဲ့နေ့ပါ။ ဒါပေမယ့် ရေပေါ်ပြင်ဆင်ရေးလုပ် Survey ဝင်တဲ့နေ့က ကျွန်တော်တို့ ဧပြီလ ၂၆ ရက်နေ့ဖြစ်ပြီးတော့ သူ့ရဲ့ရေယာဉ် နောက်တစ်ကြိမ် ပြန်လွှန်းတင်ရမည့်ရက်သတ်မှတ်ထားတာကတော့ လာမည့် ဇွန်လ ၃၀ ရက်နေ့မှာဖြစ်ကြောင်း ဒါ ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ နောက်ဒီရေယာဉ်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ခုနက တင်ပြသလိုပဲ အဖွဲ့ဖွဲ့ပြီးတော့လည်း အသေးစိတ်စစ်ဆေးပြီးတော့ ပြင်ဆင်မှုတွေဆောင်ရွက်ဖို့လည်း ကျွန်တော်တို့လုပ်နေပါတယ်။

အဲဒီအပြင် ရခိုင်ဒေသသည် အဓိကအားဖြင့် ပြည်တွင်းရေကြောင်းကို အားထားပြီးတော့သွားရတဲ့အတွက်ကြောင့်မို့လို့ ခုနက အောင်တံခွန်ရေယာဉ် ခုနစ်စင်းမှာ ရန်ကုန်မှာရှိတဲ့ အောင်တံခွန်(၇)ရေယာဉ်ကိုလည်း ဒီရေယာဉ်သည် လွှန်းဆင်းတာ တစ်လပဲရှိပါသေးတယ်။ ဒါကို ကျွန်တော်တို့ထပ်မံစစ်ဆေးပြီးတော့ လိုအပ်တဲ့ပြင်ဆင်မှုတွေလည်း ဒီအသေးစိတ်ပြင်ဆင်မှုလေးတွေ အနည်းငယ်ထပ်လုပ်ပါတယ်။ ပြီးရင် သူ့အပေါ်မှာ ခုနက ကျွန်တော်တို့ အခု ရခိုင်မှာစစ်ဆေးပြီးတော့ တွေ့ရှိမယ့်

ချို့ယွင်းချက်တွေကိုလည်း ပြုပြင်ဖို့ပြင်ဆင်ရေးပစ္စည်းတွေကိုလည်း ဒီရေယာဉ်နဲ့ တစ်ပါတည်း ထည့်ပြီးတော့ အခုရက်ပိုင်းအတွင်းမှာပဲ ဒီရေယာဉ်ဟာ ရခိုင်ပြည်နယ်ကို ထွက်ခွာမှာဖြစ်ပါတယ်။ နောက် ဒီရေယာဉ်နစ်မြုပ်မှုဖြစ်တဲ့ အဓိကအချက်တွေနဲ့ အခု ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေး ခုံရုံးလည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အဓိကဖြစ်တဲ့ အခု အချိန်ထိ ကျွန်တော်တို့ တွေ့ရှိရတဲ့အချက်တွေကတော့ ရေယာဉ်သည် သတ်မှတ်ထားတဲ့အခါမှာ ဒီအောင်တံခွန်ရေယာဉ် တွေသည် အဓိကကတော့ လူစီးရေယာဉ်တွေ ဖြစ်ပါတယ်။ ကုန်စည် အနည်းငယ်ပဲ တင်ဆောင် တဲ့ရေယာဉ်တွေဖြစ်ပါတယ်။ အဲဒီတော့ လူကတော့ ကျွန်တော်တို့က ခရီးတိုဆိုတာသည် သူက ညအိပ် မဟုတ်ပါဘူး။ ညအိပ်မဟုတ်ရင် သူက တကယ်ကတော့ လူ ၁၆၀ လောက် တင်ဆောင်နိုင်ပါတယ်။ ညအိပ်ဆိုလို့ရှိရင်တော့ သူကတော့ ခုတ်မောင်းချိန်နဲ့ သတ်မှတ်ပါတယ်။ ခုတ်မောင်းချိန် ရှစ်နာရီ အထက်၊ ရှစ်နာရီအောက်ဆိုပြီးတော့ ဒါ ဒီလိုသတ်မှတ်ထားပြီးတော့ ရှစ်နာရီ အထက်ဆိုရင်တော့ ကျွန်တော်တို့က ၁၁၀ လောက်ပဲတင်ရမှာဖြစ်ပါတယ်။ ကုန်အနေနဲ့ကတော့ သီးခြားသတ်မှတ်ချက် မရှိဘဲနဲ့ သူ့ရဲ့ရေထိမျဉ်းရှိပါတယ်။ ရေထိမျဉ်းထက် မကျော်ရပါဘူး။ အခုခရီးစဉ်မှာတော့ သူက ရေထိမျဉ်းထက်ကျော်နေတဲ့အတွက်ကြောင့်မို့လို့ ကုန်တင်နိုင်တဲ့ သတ်မှတ်မျဉ်းထက် ကျော်လွန် ပြီးတော့ ကုန်တွေတင်ဆောင်ထားတယ်ဆိုတာ တွေ့ရှိရပါတယ်။ ကုန်းပတ်ပေါ်မှာ တင်ဆောင်ထားတဲ့ ကုန်ပစ္စည်းတွေကလည်းများပြီးတော့ လှိုင်းလေပြင်းထန်တဲ့အချိန်မှာ သူက လှိုင်းလေရှိလို့ရှိရင် ဒီကုန် တွေရွေ့မှုမရှိအောင် တုပ်နှောင်ထားရမှာဖြစ်ပါတယ်။ ဒါလည်း တုပ်နှောင်ထားခြင်းမရှိတာ ကျွန်တော်တို့ တွေ့ရပါတယ်။

နောက်ပြီးတော့ ရေယာဉ်ဦးပိုင်းမှာ ခုနက ရေဝင်တယ်ဆိုတာ ကျွန်တော်တို့ စစ်ဆေးတဲ့အခါမှာ အကြမ်းဖျင်း အခုကနဦးတွေ့ရှိချက်ကတော့ ကျောက်ဆူးသည် လှုပ်ခတ်နေပါတယ်။ လှုပ်ခတ်နေတဲ့ အတွက်ကြောင့်မို့လို့ ရေယာဉ်ရဲ့ ခုနက ကျောက်ဆူးထည့်တဲ့ပိုက်ကို ခိုက်မိပြီးတော့ မှောက်တဲ့အခါမှာ အဲဒီကလည်း ရေတွေဝင်လာတာဖြစ်ပါတယ်။ အမှန်ကတော့ ကျောက်ကြိုးကို သူက တင်းတင်းဆွဲထား ပြီးတော့ ကျွန်တော်တို့က သူ့ကို Lock Position မှာထားရမှာပါ။ ဒါတွေလည်း ဆောင်ရွက်တာ အားနည်းမှုတွေ့ရပါတယ်။ နောက်တစ်ချက်ကတော့ ညဖက်သွားတဲ့ခရီးစဉ်ဖြစ်ပါတယ်။ ညဖက်သွား တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဒီအရပ်မျက်နှာထိန်းသိမ်းနိုင်တော့ခြင်းမရှိဘဲနဲ့ အမှန်တော့ သူက ခုနက ကျွန်တော်တင်ပြတဲ့မြေပုံမှာပါတဲ့ နောင်တော်ကျွန်းရဲ့ မြောက်ဘက်အစွန်းမှာရှိတဲ့ သောင်ငူကိုမထိုးနိုင်တော့ဘဲနဲ့ အဲဒါကိုကျော်ပြီးတော့ အဲဒီအနီးအနားမှာရှိတဲ့ ရေအနက်ဆုံးနေရာကို

ရောက်သွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီသင်ခန်းစာတွေယူပြီးတော့ နောက်နောင် ဒီလိုမဖြစ်အောင် ရေယာဉ်တွေစစ်ဆေးတဲ့အပြင် လိုအပ်တဲ့ညွှန်ကြားမှုများနဲ့ ကျွန်တော်တို့ အသေးစိတ် စီစဉ်ဆောင်ရွက်မှုများကိုလည်း ပြည်ထောင်စုဝန်ကြီးရဲ့စီစဉ်မှုနဲ့ ဆက်လက်ပြီးတော့ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ၁၃-၃-၂၀၁၅ ရက်နေ့မှာ ဒီ အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရခိုင် ပြည်နယ်အစိုးရအဖွဲ့၊ ဒေသအာဏာပိုင်၊ ကြက်ခြေနီအသင်း၊ လူမှုရေးအဖွဲ့အစည်းများမှ ဆောင်ရွက် ထားရှိမှုအခြေအနေများကို သိရှိနိုင်ပါရန်အတွက် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုရှင်းလင်းတင်ပြချက်အပေါ် မေးမြန်း ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိက မေးမြန်းဆွေးနွေးနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အခုလို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက မေးမြန်းခွင့်ပြု တဲ့အတွက်နဲ့ အလွန်ပဲကြိုဆိုပါတယ်။ ဝမ်းသာအားရလည်းဖြစ်မိပါတယ်။ ဘာလို့လဲဆိုတော့ ဒီအဆိုကို ကျွန်တော့်အနေနဲ့တင်ခဲ့ရတဲ့ရည်ရွယ်ချက်တွေရှိပါတယ်။ အဲဒါဟာ တာဝန်ရှိသူတွေကို ဖော်ထုတ်ပေး ဖို့၊ အရေးယူပေးဖို့ တစ်ချက်ပါ။ ဒုတိယတစ်ချက်ကတော့ အဲဒီမှာနစ်နာတဲ့လူတွေ၊ သေဆုံးတဲ့လူတွေ၊ ကုန်စည်တွေတင်ပြီးတော့ ဆုံးရှုံးပြီးတော့နစ်နာသွားတဲ့လူတွေ၊ ဒီလူတွေရဲ့ နစ်နာချက်တွေကိုလည်း ကုစားနိုင်ဖို့ဖြစ်ပါတယ်။ ဒီတော့ ပြည်ထောင်စုဒုတိယဝန်ကြီးက လာရှင်းတော့ ကျွန်တော်တို့ ပြည်သူ တွေအနေနဲ့လည်း ကြားမှာပါ။ ကျွန်တော်တို့လည်း ဒါတွေကြားပါတယ်။ အဓိကကတော့ ဒါတွေဟာ နှစ်နဲ့ချီလို့ဖြစ်နေခဲ့တာတွေကြာပါပြီ။ ရခိုင်ပြည်နယ်ရဲ့ပို့ဆောင်ရေးကဏ္ဍဟာ၊ ရေကြောင်းပို့ဆောင်ရေး ကဏ္ဍဟာ ပျက်စီးနေတာကြာပါပြီ။ အရေးမစိုက်တာလည်း ကြာပါပြီ။ အခုတော့ မိုးလွန်မှထွန်ချ၊ သူခိုး ပြေးမှ ထိုးကွင်းထဆိုသလို ကျွန်တော်တို့ထပ်ပြီးတော့ နောင်တတွေတစ်လှေကြီးနဲ့ ပြန်ပြီးတော့ ပြင်ဆင် ပါ့မယ်၊ ပြုပြင်ပါ့မယ်။ ဒါတွေဟာ ကျွန်တော်တို့ ပေးဆပ်လိုက်ရတဲ့ဆိုးကျိုးတွေနဲ့ မကာမိပါဘူး။ ဒါပေမယ့် ဒါတွေဟာဖြစ်တတ်ပါတယ်။ ဖြစ်တတ်တဲ့အတိုင်းအတာတွေကို ကျွန်တော်တို့ ပြန်ပြီးသုံးသပ် မယ်ဆိုရင် ဖြစ်သင့်ဖြစ်ထိုက်တာနဲ့ မဖြစ်သင့်ဘဲဖြစ်သွားရတာတွေ ရှိပါတယ်။ ဒီတော့ ဒီဒေသရဲ့ သဘောပြေးဆွဲမှုအခြေအနေကို ကျွန်တော့်အနေနဲ့ အနည်းငယ်တင်ပြရရင် ဒီဒေသမှာ ရေကြောင်းပို့

ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ပထမ ဒါစီးပွားရေးအနေနဲ့လုပ်တယ်။ နောက်ပိုင်းမှာ ပုဂ္ဂလိက တွေလွှဲတယ်။ မကိုက်တော့ ပုဂ္ဂလိကတွေက ပြန်အပ်တယ်။ အဲဒီမှာ ရေကြောင်းကပြန်ကိုင်တယ်။ ကိုင်တော့ လွှန်းတင်တဲ့အခါမှာလည်း ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ထူးခြားတဲ့အခြေအနေအရ ဒီရေ အလွန်ပြင်းထန်ပါတယ်။ ဆားငန်ရေဓာတ်ပြင်းထန်ပါတယ်။ အဲဒီအပေါ်မှာ လွှန်းတင်တာကလည်း နှစ်နဲ့ချီပြီးတော့ကြာပါတယ်။ သင်္ဘောကိုယ်ထည်တစ်ခုလုံးဟာ ပါးပြီးတော့ အထူအပါးမညီတော့ပါ ဘူး။ အဝတ်စတွေကိုဖာသလို ဒီလိုချုပ်စပ်တွေတစ်လျှောက်ကြီးနဲ့ အဲဒီမှာ အပေါက်တွေ၊ အပြဲတွေလွှန်း တင်တဲ့အခါမြင်ရပါတယ်။ တောက်လျှောက်တင်တာလည်း မဟုတ်ပါဘူး။ ချွတာရေးနဲ့တင်တဲ့အခါမှာ ဒီသင်္ဘောတွေဟာ သင်္ဘောကိုယ်ထည်က တော်တော့်ကိုပါးလွှာပြီးတော့ အရည်အချင်း ကအားနည်း နေပါတယ်။ အချိန်မရွေး ဒါကွဲနိုင်တယ်။ အက်နိုင်တယ်။ ပေါက်ပြဲနိုင်တယ်။ အဲဒါကို ကယ်ဆယ် ဖို့အတွက် ကျွန်တော်တို့ လမ်းမှာလည်းကြုံရပါတယ်။ ဒီသင်္ဘောသားတွေက အမြဲတမ်း ဘိလပ်မြေ အိတ်တွေကို အဆင်သင့်ထားတယ်။ အရေးအကြောင်းဆိုလာလျှင် အဲဒီဘိလပ်မြေအိတ်တွေကို ရေဖျော်ပြီး ကွန်ကရစ်လောင်းပြီးတော့ အပေါက်အလေးနဲ့ဖိထားတယ်။ အဲဒါမျိုးပဲကုစားခဲ့ရတယ်။ ရခိုင်ပြည်နယ်ဟာ မြစ်တွင်းသွားလာတဲ့သင်္ဘောတွေမဟုတ်ပါဘူး။ ပင်လယ်ကမ်းရိုးတန်းသွားလာတဲ့ သင်္ဘောတွေ ဖြစ်ပါတယ်။ ဧရာဝတီမြစ်တွင်းမှာ အရေးပေါ်ဆိုရင် ဘယ်သောင်ကပ်ကပ်၊ ဘယ်ကမ်း ကပ်ကပ်ရပါတယ်။ ရခိုင်ပြည်နယ်မှာ အဲလိုမရပါဘူး။ အချိန်မရွေးလည်း ရာသီဥတုဖောက်ပြန်နိုင်ပါ တယ်။ ဒါကြောင့် ကျွန်တော်တို့က တကယ့်ကိုခိုင်မာတဲ့သင်္ဘောတွေကို ချပေးဖို့လိုတယ်။ အဲဒီလို နှစ်ချီ ပြီးတော့ထားတဲ့ နှစ်ပေါင်း ၂၀ လောက်ရှိတဲ့ သင်္ဘောအဟောင်းကြီးတွေကို ဒီအတိုင်းပဲ အနည်းငယ် ပြုပြင်ပြီးတော့ ပြန်သုံးနေတယ်ဆိုတာ ဒါကိုယ်တိုင်က အစိုးရဖက်က အားနည်းချက်ရှိတယ်၊ လူတွေရဲ့ အသက်အိုးအိမ်အန္တရာယ်တွေကို ဂရုမစိုက်ရာရောက်တယ်လို့ ပြောလိုပါတယ်။ အဲဒီထဲမှာ သင်္ဘော သားတွေကလည်း ဝန်ပိုတင်တယ်။ ကုန်ပိုတင်တယ်။ အဲဒါက သူတို့အောက်စိုက်ရတယ် အခုသင်္ဘော ခရီးသည်လက်မှတ် ၂၁၄ စောင်လို့ပြောတယ်။ ဒါပေမယ့် ဝန်ကြီးရှင်းပြတာ ၁၁၀ ပဲ တင်နိုင်တယ်လို့ ပြောတယ်။ နှစ်ဆကွာတယ်။ အဲဒီထဲမှာမှ လက်မှတ်မရှိတဲ့သူတွေ အများကြီးရှိတယ်။ ရှိသေးတယ်။ ၃၀၀ ကျော်လောက်ပါတယ်လို့ ကျွန်တော်တို့ သတင်းရထားတယ်။ အဲဒါလည်း ဒီခရီးစဉ်မှာ အမြဲတမ်း ဖြစ်နေတဲ့ကိစ္စပါ။ ဘာလို့လဲဆိုတော့ ဒီမှာသင်္ဘောသားတွေက အပေါ်မှာဖြတ်ရင် အဲဒီလက်မှတ်ဖိုးကို သူတို့ရတယ်။ ဒီတော့ ခရီးသည်တွေကလည်း သင်္ဘောရုံမှာသွားပြီး မဖြတ်တော့ဘူး။ ကြာတယ်။ အပေါ်မှာပဲဖြတ်တယ်။ သုံးယောက်ဖိုးဆိုရင် နှစ်ယောက်ဖိုးပေးလို့ရတယ်။ တစ်ထောင်တန်ကို ငါးရာ

ပေးလို့ရတယ်။ အဲဒီမှာဝန်လည်းအဲဒီလိုပဲ။ ဝန်က ကျွန်တော်တို့ တောင်ကုတ်မြို့နယ် ကုန်ပို့ ကိုယ်စားလှယ်တွေရဲ့ စာရင်းအရ ၁၄၃ တန်ပါတယ်။ ဒါပေမယ့် တောင်ကုတ်ရုံးခန်းကရတဲ့စာရင်း အရဆိုရင် ၉၂ တန်ပဲပါတယ်။ ဒီလောက်ထိကွာတယ်။ အဲဒါလည်း အောက်စိုက်ပဲ။ ဒီ့အပြင် တခြား အပိုပစ္စည်းတွေအများကြီး။ ဒါတွေလည်း နိုင်ငံတော်ကို ဝင်တာမဟုတ်ဘူး။ ဒါတွေလုပ်စားနေတာ ကြာပြီ။ အဲဒီပေါ်မှာ စားသောက်ဆိုင်တွေဖွင့်တယ်။ အချိန်ကို ညှင်းပြီးတော့ သွားတယ်။ ထမင်းစား ရအောင်၊ ရောင်းရအောင်ဆိုပြီး လုပ်တယ်။ အဲဒီမှာ သင်္ဘောသားတွေအပါအဝင် ခရီးသည်တွေ ကလည်း အရက်မူးနေကြတယ်။ အဲဒါမျိုးလည်း ခဏခဏတွေ့တယ်။ နောက်ပြီးတော့ သင်္ဘောရဲ့ အင်္ဂါရပ်နဲ့တူအောင် Life Jacket တွေပါလား။ အသက်ကယ်လှေတွေပါလား။ ဘာတစ်ခုမှမပါဘူး။ သင်္ဘောသားတွေလောက်ပဲပါတယ်။ အဲဒီသင်္ဘောသားတွေကလည်း Life Jacket ကိုချပြီးတော့ ခရီးသည်ထက်စောပြီးတော့ မြစ်ထဲခုန်ချသွားကြတယ်။ အဲဒါမျိုးဒီဖြစ်စဉ်တွေမှာ အများကြီးဖြစ် ပါတယ်။ ဒါဘယ်သူ့အားနည်းချက်လဲ။ အဲဒီသင်္ဘောမှာ တစ်ခါမှ မစစ်ဆေးဘူး။ သင်္ဘောအသက် ကယ်လှေ ကျွန်တော်သိသလောက် ရှစ်စင်းပါရမယ်။ ဒါမှမဟုတ် ဘောကွင်းအကြီးကြီး ရှစ်ခုပါရ မယ်လို့သိတယ်။ ဘာတစ်ခုမှမပါဘူး။ ဒါပင်လယ်ပြင်ကိုဖြတ်နေတဲ့ သင်္ဘောတွေ အဲဒီလိုအားနည်း တာကို ပြည်ထောင်စုအစိုးရက မသိဘူးဆိုတာဟာ တော်တော်ကိုတာဝန်မဲ့ရာ ရောက်ပါတယ်။ အခုမှ သိတယ်ဆိုတာကလည်း ဒါမဖြစ်သင့်ပါဘူး။ ဒါကျွန်တော်တို့ ပြောလိုတာက အဲဒီလိုဖြစ်နေခဲ့တာတွေ နောက်လည်း ဖြစ်ဦးမယ်။ နောက်တစ်ခါ အဲဒါကို ထည်လဲသုံးပြီးတော့ မဟုတ်တရုတ်ပြုပြင်ပြီး ပြန်ချ ပေးမယ်။ အဲဒီသင်္ဘောအဟောင်းအစုတ်တွေနဲ့ပဲ ရခိုင်ပြည်နယ်ရဲ့ ပြည်သူလူထုကို စိတ်မချမ်း သာအောင်၊ စိတ်မချမ်းမြေ့အောင်၊ လုံခြုံစိတ်ချမှုမရှိအောင်လုပ်နေမယ်ဆိုရင် ဒါဟာ ကျွန်တော်တို့ ဖြစ်သင့်တဲ့ကိစ္စမဟုတ်ဘူး။ ကျွန်တော်တို့ ဒါကို သင်္ဘောအသစ်တွေချပေးဖို့လိုပါတယ်။ တခြားနေရာ တွေမှာ ဗုံးပေါလအောသုံးနေပြီးတော့ လူထုရဲ့အသက်တွေ ဒီလိုကြုံတွေ့ရတဲ့အခြေအနေမျိုးမှာမှ ကျွန်တော်တို့က မသုံးရဲဘူး။ အမြတ်/အရှုံးကိုတွက်နေမယ်ဆိုရင် ဒါကျွန်တော်တို့ ပြည်သူတွေရဲ့ အသက်အန္တရာယ်လုံခြုံမှုကို မစဉ်းစားရာ၊ မထည့်တွက်ရာရောက်ပါတယ်။ ဒါကြောင့် ဒီအဖြစ် အပျက်တွေဟာ သင်္ဘောသားတွေရယ်လို့မဟုတ်ပါဘူး။ တကယ်တမ်းဖြစ်တာ သဘာဝအန္တရာယ် ကြောင့်လည်း မဟုတ်ပါဘူး။ သဘာဝအန္တရာယ်ဆိုတာ ရခိုင်ပြည်နယ်မှာ လှိုင်းဒဏ်၊ လေဒဏ်ဆိုတာ အမြဲတမ်းရှိနေပါတယ်။ မုန်တိုင်းလည်းမရှိဘူး။ ရာသီဥတုဖောက်ပြန် တာလည်းမဟုတ်ဘူး။ ဒီမုတ်သုံ မိုးတွင်းကာလလည်း မဟုတ်ဘူး။ ရာသီဥတုကြောင့်ဆိုတာ သက်သက်အကြောင်းပြချက်တစ်ရပ်သာ

ဖြစ်ပါတယ်။ နောင်တော်မြစ်တွေဆိုတာ အနည်းနဲ့အများတော့လှိုင်းရှိပါတယ်။ ဒါတွေအကြောင်း မဟုတ်ဘူး။ အဓိကကတော့ သင်္ဘောကိုယ်ထည်ညံ့တာရယ်၊ သင်္ဘောသားတွေရဲ့ လာဘ်ပေးလာဘ်ယူ၊ အလွဲသုံးစားလုပ်တာရယ်၊ နောက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဖုတ်လေတဲ့ငပိရှိတယ်လို့မှ မထင်အောင် လှည့်မကြည့်တဲ့အပြစ်ပါ။ ဒီ(၃)ချက်ပေါ်မှာ မူတည်ပြီးတော့ ဖြစ်သွားပြီ။ ဖြစ်သွားတော့ ကျွန်တော်တို့က ဘယ်လိုလုပ်မလဲ။ ဘယ်လိုကုစားမလဲ။ အခု လူသေတွေရှာလို့မရဘူး။ သင်္ဘောထဲမှာ အများကြီးရှိနိုင်သေးတယ်။ ပထမပြောတော့ ၂၁၄ ယောက် စာရင်းကိုက်တယ်။ ၁၆၉ ယောက် ကယ်တယ်။ ၃၅ ယောက်ပျောက်တယ်။ သေတယ်၊ အလောင်းပျောက်တယ်။ ၁၀ ယောက်ရတယ်။ စာရင်းကိုတိနေတာပဲ။ အခုက စာရင်း ထက်ပိုလာပြီ လူတွေက။ ဒီတော့ ဘယ်သူ့အပြစ်လဲ။ ၂၁၄ ယောက်ပျောက်တာ အခု ၂၃၀ ယောက် ဖြစ်လာပြီ။ သင်္ဘောက မှောက်ခုံမှောက်ပြီး တစ်ခြမ်းစောင်းနေတယ်။ တစ်ဖက်မှာပါသွားတဲ့ အခန်းထဲမှာ ပိတ်နေတာတွေ အများကြီးရှိသေးတယ်။ အခု ကယ်ဆယ်ရေးလည်းဖြစ်ဖြစ်မြောက်မြောက်မလုပ်နိုင်တော့ဘူး။ အဲဒီတော့ ဒီအလောင်းတွေ ဘယ်တော့ဖော်မလဲ။ ဒီသင်္ဘောဆယ်မလား။ မနေ့က ကျွန်တော် ကြားရတယ်။ ပြည်နယ်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကပြောပါတယ်တဲ့။ ဒီသင်္ဘောကိုဆယ်နေတာ အသစ်တစ်စင်းဝယ်တာထက်တောင်ကုန်ပါတယ်။ မဆယ်တော့ဘူးတဲ့။ အဲဒီလို ပြဿနာဖြစ်နေတဲ့ သင်္ဘောကို မဆယ်လို့ဖြစ်မလား။ အဲဒါဘာကြောင့်ဖြစ်တယ်ဆိုတာ အဲဒီသင်္ဘောမှာရှိတယ်။ ဘယ်နှစ်ယောက်သေတယ်ဆိုတာ အဲဒီသင်္ဘောမှာရှိတယ်။ အဲဒါကို ပြည်နယ်စုံစမ်းရေးကော်မရှင်နဲ့ စုံစမ်းတယ်။ ပြည်နယ်စုံစမ်းရေးကော်မရှင်က ဘာလုပ်ပိုင်ခွင့်ရှိလို့လဲ။ ပြည်နယ်စုံစမ်းရေးကော်မရှင်က ပြည်နယ်အစိုးရရဲ့အောက်မှာ ဒီသင်္ဘောရှိတာမဟုတ်ဘူး။ ရေကြောင်းပြေးဆွဲရေး သင်္ဘောရှိတာမဟုတ်ဘူး။ အဓိက ပြည်ထောင်စုအစိုးရအောက်မှာရှိတယ်။ ဒီနေ့ ပြည်နယ်အစိုးရဆီမှာ အယုံအကြည်မရှိဆိုပြီးတော့ သက်ဆိုင်ရာဝန်ကြီးကို အရေးယူပေးဖို့တင်တယ်။ အဲဒီတော့ ပြည်နယ်အစိုးရကပြောတယ်။ ဒါငါတို့ရဲ့ လုပ်ပိုင်ခွင့်အောက်မှာမရှိဘူး။ ပြည်ထောင်စုအစိုးရလုပ်ပိုင်ခွင့် အောက်မှာရှိတယ်လို့ပြောတယ်။ ပြီးတော့ ကော်မရှင်စုံစမ်းစစ်ဆေးဖို့ကျတော့ ပြည်နယ်အစိုးရက သွားစစ်ဆေးတယ်။ ဒါတွေဟာမဖြစ်သင့်ဘူး။ ဒါကြောင့် ကျွန်တော်က ပြည်ထောင်စုအစိုးရက ကော်မရှင်ဖွဲ့ပြီးစစ်ဆေးပါ။ ဘာကြောင့်ဖြစ်ရတယ်ဆိုတာ အရေးယူသင့်တဲ့သူယူသလို ကိုယ့်ဘက်က နောက်နောင်မဖြစ်ရအောင် ဘယ်လိုလုပ်မလဲ။ ပြီးတော့ ပြည်သူတွေရဲ့ နစ်နာမှုကိုဘယ်လိုကုစားမလဲ။ အခု ကျွန်တော်တို့မြို့နယ်ကို လာပြီးတော့ ဝန်ကြီးချုပ်က တစ်ယောက်ကိုသေတဲ့သူကို ၁၂ သိန်းပေးတယ်။ ဒါပေမယ့် သေတဲ့လူစာရင်း အတိအကျမပြနိုင်တော့ဘူး။ သင်္ဘော

ပေါ်မှာပါတာ/မပါတာလည်းမသိဘူး။ ဘယ်သူသေတယ်ဆိုတာလည်းမသိဘူး။ သေတဲ့သူတွေပေါ်လာတဲ့အခါမှာလည်း ဘယ်သူဘယ်ဝါဆိုတာမသိတော့ဘူး။ အကုန်လုံးရောက်ပြီးမှ စုပေါင်းပြီးသင်္ဂြိုဟ်လိုက်ရတယ်။ အဲဒီလို အခြေအနေမျိုးရှိတယ်။ အခု သင်္ဘောပေါ်မှာလည်းရှိသေးတယ်။ ဒီတော့ သေတဲ့သူလည်း စာရင်းအတိအကျမရ။ သိတဲ့သူတွေလောက်ပဲ စာရင်းသွားတွေ့တယ်။ အဲဒီ ငွေ ၁၂ သိန်းပေးတယ်ဆိုတာကလည်း နိုင်ငံတော်အစိုးရက စိုက်ခံတာမဟုတ်ဘူး။ ကျွန်တော်သိသလောက်။ ဒေသခံကုမ္ပဏီတွေကိုလှူကြ အဲဒီငွေကစိုက်ပေးတာ။ ဒီတော့ ပြည်ထောင်စုအစိုးရမှလည်း သတ်သတ်မှတ်မှတ်ကိုရှိဖို့လိုတယ်။ သေတဲ့လူတွေကို တိတိကျကျရှာဖို့လိုတယ်။ လက်မှတ်ဖြတ်ပိုင်းတွေ ဘာရှိလဲ။ ဘာမှမရှိဘူး။ လက်မှတ်ဖြတ်ပိုင်းမှာ ဖြူ ဌေနီ ဘာမှမရှိဘူး။ မှတ်ပုံတင်နံပါတ်၊ လိပ်စာဘာမှမရှိဘူး။ အဲဒီလိုပဲ တစ်ယောက်လာဖြတ်ပေးလိုက်၊ ပေးလိုက်လုပ်နေတဲ့ လက်မှတ်ဖြတ်ပိုင်းတွေ ဘယ်မှာသွားပြီးတော့ ကျွန်တော်တို့က အသက်အာမခံချက်ပေးမလဲ။ အဲဒီဝန်စည်စလွယ် တွေကိုလည်းလျှော့ပြထားတယ်။ အဲဒါကို ဘယ်လိုလုပ်ပြီးတော့ အာမခံချက်ပေးမလဲ။ ဘယ်လိုလျော်ကြေးပေးမလဲ။ ဒါတွေကိုလုပ်ပေးစေချင်ပါတယ်။ ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့ စုံစမ်းရေးကော်မရှင် စုံစမ်းတဲ့အပိုင်းမှာ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်တွေပါ ပူးပေါင်းပါဝင်နိုင်အောင် ဆောင်ရွက်ပေးမှ ပေးလည်းပေးစေချင်ပါတယ်။ ကျွန်တော်တို့ကလည်း လိုလိုလားလား ဒါတွေကို ပြည်ထောင်စုအစိုးရနဲ့ ပူးပေါင်းပြီးတော့ ဖြစ်ပြီးတဲ့ကိစ္စတွေကို ကျွန်တော်တို့ ပြန်ပြီးတော့ ပြည်သူတွေအကျိုးရှိအောင်၊ အနာဂတ်အကျိုးရှိအောင် အခုနစ်နာမှုတွေကို ကယ်ဆယ်နိုင်အောင် ကျွန်တော်တို့က ဝင်ရောက်ပူးပေါင်းပြီးတော့ ဖြေရှင်းပေးချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒါတွေကို ကျွန်တော်တို့ အဲဒီလိုပဲ ပြောပြောပြီးတော့ ပျောက်သွားတာတွေ အများကြီးဖြစ်လို့ ကျွန်တော်တို့ ဒီအချိန်မှာတော့ ကျွန်တော်တို့ကိုယ်တိုင်ဝင်ပြီးတော့ စုံစမ်းရေးကော်မရှင်ကို အကူအညီပေးချင်ပါတယ်။ ကျွန်တော်တို့ကိုလည်း အသိအမှတ်ပြုပြီးတော့ ဒါတွေဖြစ်အောင် ကျွန်တော်တို့လက်တွဲဆောင်ရွက်ချင်ပါတယ်။ ပြီးတော့ ရခိုင်ပြည်နယ်က ရေကြောင်းသွားလာရေးနှင့်ပတ်သက်လို့ ဒီသင်္ဘောအစုတ်တွေကို ပြုပြင်ဖာထေးပြီးတော့ ပြန်လုပ်မယ်ဆိုရင် ပြည်သူတွေက အများကြီးအန္တရာယ်ရှိတာမို့လို့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့တော့ ဒီသင်္ဘောအစုတ်တွေကို သံရည်ကျိုစက်ကို ပို့လိုက်ပါတော့။ ကျွန်တော်တို့အတွက် သင်္ဘောအသစ်တွေချပေးပါလို့ တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒီလိုတင်ပြခွင့်ရတာကို။ (ကြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသာစိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးသာစိန်(ကျောက်တော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်တံခွန်(၃) ရေယာဉ်နစ်မြုပ်မှုနှင့်ပတ်သက်လို့ ကျွန်တော့်ကို အနည်းငယ်ပါဝင်ဆွေးနွေးခွင့်ပြုဖို့ ပန်ကြားလိုပါတယ်။ စောစောက ဝန်ကြီးကလည်း အကျိုးအကြောင်းတွေကို တင်ပြဆွေးနွေးသွားတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော် သင်္ဘော Captain ဟောင်းတစ်ယောက်အနေနဲ့ ကျွန်တော့်ရဲ့အမြင်ကို ဝင်ရောက်ပြီးတော့ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီလိုအဖြစ်မျိုးဟာ နောက်ထပ်မဖြစ်ဖို့၊ နောက်ပြီးတော့ မသေသင့်ဘဲနဲ့ လူတွေအများကြီး သေသွားတဲ့ကိစ္စတွေကို တားဆီးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော် ဝင်ရောက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ နံပါတ်(၁)အချက်ကတော့ သင်္ဘောဟာ နှစ်ပေါင်း ၂၀ ကျော်ကြာပြီးတော့ သံပြားတွေဟာ အထပ်ထပ်ဖာထေးနေရတဲ့အတွက် အဲဒီသင်္ဘောဟာ နှစ်ပေါင်း ၂၀ ကျော်ကြာပြီဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ Sea Wealthy မဖြစ်ဖူးလို့ ယူဆပါတယ်။ အဲဒီ Sea Wealthy မဖြစ်တဲ့သင်္ဘောကို ပင်လယ်ပြင်ကို ထွက်ခိုင်းတာကိုက မှားနေတယ်လို့ ကျွန်တော် မြင်ပါတယ်။ အဲဒီတော့သင်္ဘောဟာ နှစ်ပေါင်း ၂၀ ကျော် ဟောင်းနွမ်းပြီးဖြစ်တဲ့ ပင်လယ်လှိုင်းဒဏ်မခံနိုင်တဲ့သင်္ဘောကို ဘာဖြစ်လို့ ထွက်ခွင့်ပေးရသလဲဆိုတဲ့ မေးခွန်းလေးတစ်ခု ကျွန်တော် စဉ်းစားမိပါတယ်။ ဒါကြောင့် ဒီအချက်ကိုတော့ ထည့်သွင်းပြီးတော့ စဉ်းစားဖို့လိုတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ သင်္ဘောမှာ စည်းကမ်းဥပဒေတွေရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားသင်္ဘောတွေမှာ တစ်တိုင်းပြည်ကနေ တစ်တိုင်းပြည်ကိုသွားရင်၊ တစ်မြို့ကနေ တစ်မြို့ကိုသွားရင် ကျွန်တော်တို့မှာ စည်းကမ်းတွေ အများကြီးရှိပါတယ်။ ဒီသင်္ဘောသားတွေရဲ့ Pass port စာအုပ်တွေ ပါရမယ်။ Cargo Plan တွေပါရမယ် စသည်အားဖြင့် အချက်တွေ အများကြီးယူသွားပါတယ်။ ကျန်းမာရေးလက်မှတ်တွေ ယူသွားရမယ်။ အရာရှိတွေရဲ့လက်မှတ်တွေ ယူသွားရမယ်။ စသည်အားဖြင့် အများကြီးရှိပါတယ်။ အခု ဒီသင်္ဘောထွက်တဲ့အခါမှာ ပြည်တွင်းမှာဖြစ်သော်လည်းပဲ Surveyor က လာစစ်ရပါတယ်။ Surveyor တို့၊ ဒီသင်္ဘောစစ်ဆေးမှုးတို့ လာပြီးတော့ ဒီပစ္စည်းတွေ ပြည့်စုံရဲ့လား။ ဒီပစ္စည်းတွေ မပြည့်စုံဘူးလား။ ဒါတွေကို ကျွန်တော်တို့ စစ်ဆေးတာမတွေ့ရပါဘူး။ အဲဒါကြောင့် မစစ်ဆေးတဲ့ အတွက်လည်း ဘာတွေဖြစ်လာသလဲဆိုရင် အခုနစ်တဲ့အခါမှာ ဘာတွေတွေ့ရသလဲဆိုရင် Life Saving Apparatus ခေါ်တဲ့ အသက်ကယ်ကိရိယာများ မရှိပါဘူး ဒီသင်္ဘောမှာ။ အသက်ကယ်ကိရိယာဆိုတာက (၁) Life Boat ဖြစ်ပါတယ်။ (၂) Life Flight ဖြစ်ပါတယ်။ (၃) Life Jacket တို့ဖြစ်ပါတယ်။ နောက်ပြီးတော့ ရေပေါ်ပေါ်နေတဲ့ ပစ္စည်းတွေဖြစ်ပါ တယ်။ Life Boat၊ Life Flight၊

Life Jacket တို့ စသည်အားဖြင့် အသက်ကယ်ကိရိယာတွေဟာ ဒီသင်္ဘောမှာမရှိပါဘူး။ မတွေ့ပါဘူး။ သင်္ဘောသားတွေအတွက် လောက်ပဲရှိပြီးတော့ သင်္ဘောမှာ passenger ပါသလောက်ကို Life Jacket ကတော့ ရှိရပါမယ်။ အခု ကျွန်တော် တွေ့တာကတော့ အဲဒီမှာ တကယ်လည်း သင်္ဘောနစ်လို့ သေတော့မယ်အခါကျတော့ ဒီအတိုင်းပဲ အသေခံလိုက်ရတယ်။ Life Jacket လေး ဖက်ပြီးတော့ သေရမယ်။ သို့မဟုတ် ကယ်မယ့်လူကို လာပြီးတော့စောင့်နိုင်တဲ့ အချိန်မရလိုက်ပါဘူး။ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ ဒီ Surveyor ကလည်း မစစ်ဘူး။ Life Saving Apparatus တွေလည်းမရှိလို့ဖြစ်ပါတယ်။ ဒါကြောင့် နောင်အနာဂတ်ကာလမှာ သင်္ဘောတွေမှာ ဒါတွေကို အထူးသဖြင့် ခရီးသွားသင်္ဘောတွေမှာ ခရီးသည်တွေအတွက် လုံလုံခြုံခြုံထားပေးဖို့လိုအပ်ပါတယ်။

နောက်တစ်ချက်ကတော့ ဒီသင်္ဘောဟာ Over Load ဖြစ်နေပါတယ်။ Over Load က ဘာလဲဆို တော့ Passenger လည်း Over Load ဖြစ်တယ်။ Cargo လည်း Over Load ဖြစ်တယ်။ နောက် အခုနက ဒုတိယဝန်ကြီးတင်ပြတဲ့အထဲမှာ ပါသွားပါတယ်။ Low line မြုပ်အောင်အထိ တင်တယ်။ သင်္ဘောတစ်စီးမှာ Low Line မြုပ်အောင်တင်တဲ့ဟာလောက်ဆိုးတာ မရှိပါဘူး။ Low Line ဆိုတာ ဒီအမှတ်အသားထက်ပိုပြီးတော့ သင်္ဘောနိမ့်အောင်မတင်ပါနဲ့လို့ သတိပေးထားတဲ့ဟာပါ။ အဲဒါထက် ပိုပြီးတော့ တင်တယ်ဆိုတော့ ဒီသင်္ဘောကို အုပ်ချုပ်နေတဲ့သူတွေရဲ့ အရည်အသွေးဟာ၊ သင်္ဘောကို ညွှန်ကြားနေတဲ့အုပ်ချုပ်သူတွေရဲ့ အရည်အသွေးဟာ နိမ့်ကျနေတယ်လို့ ကျွန်တော် မြင်ပါတယ်။ အဲဒီတော့ Over Load ဖြစ်နေတဲ့ဥစ္စာကို နောင်ကာလမှာဆိုရင် အဲဒါမျိုးတွေကို သတိထားဖို့လိုပါတယ်။ Low Line မြုပ်အောင် တင်လို့ရှိရင် တော့ လူရယ်စရာဖြစ်နေပါလိမ့်မယ်။

နောက်တစ်ခုက ကျွန်တော်တို့ သင်္ဘောမထွက်ခင် သင်္ဘောမှာ Plan ရှိရပါတယ်။ Station Plan ဆိုတာ လုပ်ရပါတယ်။ အရေးအကြောင်းတစ်ခုခုဖြစ်လာလို့ရှိရင် Station Plan မှာ ဘယ်သူက ဘယ်နေရာမှာသွား၊ ဘယ်သူက ဘယ်အတိုင်းသွား၊ ဘယ်သူက ဘယ်နေရာ စသည်အားဖြင့် Plan လေးတွေ ဆွဲထားရပါတယ်။ ဒီသင်္ဘောမှာ ဘာတစ်ခုမှ အဲဒီလို Plan ဆွဲထားတာ မတွေ့ပါဘူး။ နောက်တစ်ခုကလည်း သင်္ဘောဖြစ်လာပြီဆိုလို့ရှိရင် Damage Control ဆိုတာရှိပါတယ်။ Damage Control ကို ကျွန်တော်တို့ လုပ်ရပါမယ်။ ဘိလပ်မြေသော်လည်းကောင်း၊ စောင်သော်လည်းကောင်း၊ အခြားသောကိစ္စတွေကိုသော်လည်းကောင်း၊ အရေးပေါ်သစ်သားတွေနဲ့ ဖိဖက်ပြီးတော့ အရေးပေါ် တာရှည်ခံအောင်ပေ့ါလေ Damage Control ဆိုတဲ့စနစ်ရှိပါတယ်။ ဒီသင်္ဘောမှာ

အဲဒီ Damage Control လုပ်တဲ့စနစ်လည်း ကျွန်တော် မတွေ့ပါဘူး။ အဲဒီတော့ နောက်တစ်ခုက ဖြစ်လာတဲ့အခါမှာ District Signal ဆိုတာ ကျွန်တော်တို့ ပို့ရပါတယ်။ District Signal ဆိုတာက သေနတ်ကို မိုးပေါ် ထောင်ပြီးတော့ မီး၊ ရေအချက်ပြတာလည်း ပါပါတယ်။ ရေဒီယိုကနေပြီးတော့ မေဒေး မေဒေး လတ္တီကျူ ဘယ်လောက်၊ လောင်ဂျီကျူ ဘယ်လောက်မှာ သင်္ဘောနစ်ပါတယ်။ ကယ်ဆယ်ပါဆိုတာလည်း ပါပါတယ်။ အဲဒီလို District Signal ပို့တဲ့နည်းစနစ် (၁၀) မျိုးလောက်ရှိပါတယ်။ အဲဒီ District Signal နဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆက်သွယ်တဲ့ဟာလည်း ဒီသင်္ဘောမှာ မရှိပါဘူး။ နစ်တယ်ဆိုရင် တစ်ခါတည်းအသေခံသွားရတဲ့အနေအထားကိုပဲ တွေ့လိုက်ရပါတယ်။

နောက်တစ်ချက်ကတော့ အသေးစိတ်ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပင်လယ်ပြင်သွားတဲ့ သင်္ဘောတွေမှာ တာဝန်ထမ်းဆောင်တဲ့ Captain ကအစ အရာရှိတွေ၊ သင်္ဘောသားတွေက အရည်အချင်းပြည့်စုံဖို့လိုပါတယ်။ နောက်ပြီးတော့ သူတို့ရဲ့ နေတာထိုင်တာလည်း အခု ကျွန်တော်တို့ ကြားရတာကတော့ အဲဒီအချိန်မှာ သင်္ဘောသားတွေအကုန်လုံး မူးရူးနေတယ်လို့ ပြောသံကြားရပါတယ်။ ဒါကြောင့် ဒါလေးတွေလည်း မဖြစ်သင့်ပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့က အခု အောင်တံခွန်(၃) နစ်မြုပ်တဲ့ကိစ္စတွေမှာ အခုလိုတစ်ဖက်က Control လုပ်ရမယ့်ပုဂ္ဂိုလ်တွေ၊ စစ်ဆေးရမယ့်ပုဂ္ဂိုလ်တွေရဲ့တာဝန်ဟာ ပေါ့လျော့တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့် နောင်အနာဂတ်ကာလမှာ အခုရှိတဲ့သင်္ဘောတွေကိုလည်း Sea Wealthy ဖြစ်လား/မဖြစ်လား စစ်ဆေးဖို့လိုပါတယ်။ နောက်ပြီးတော့ Life Saving Apparatus တွေ ပြည့်စုံစွာရှိ/မရှိ၊ ပြည့်စုံစွာထား/မထားကိုလည်း လေ့လာဖို့လိုပါတယ်။ ဒါကြောင့် နောင်အနာဂတ်ကာလမှာ ဒါမျိုးတွေ မဖြစ်နိုင်အောင်လို့ ကျွန်တော့်အနေနဲ့ ဒီအချက် ၄၊ ၅၊ ၆ ချက်ကို တင်ပြပြီးတော့ ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးထွန်းအောင်ကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများကို လေးစားစွာဂါရဝပြုပါတယ်။ ဒီနေ့ ကျွန်တော် တင်ပြချင်တာကတော့ အချက်သုံးချက်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မေလကနေ ဒီဇင်ဘာလအထိ ရာသီဥတုဒဏ်ပြင်းထန်တဲ့ မုန်တိုင်းအချိန်မရွေးဝင်ရောက်နိုင်တဲ့၊ ရင်ဆိုင်နေရတဲ့ဒေသဖြစ်ပါတယ်။ အဲဒီတော့ နံပါတ်(၁)အနေနဲ့ ရာသီဥတုကို ရင်ဆိုင်နိုင်မယ့် သင်္ဘော

တွေလိုပါတယ်။ ကျွန်တော်တို့ အမြဲတမ်းအားကိုးနေရတာက ရေကြောင်းပါ။ ဒီတော့ ကျွန်တော်တို့ဟာ ကံကိုယုံးမယ်ဖွဲ့ပြီးတော့ သွားလာရုန်းကန်နေရတာ နှစ်ပေါင်းကြာခဲ့ပါပြီ။ ဒါပေမယ့် အင်မတန် ကံကောင်းတဲ့အတွက် ဒီလိုအသေအပျောက်များတဲ့ accident တွေမဖြစ်ပါဘူး။ ဒါပေမယ့် ရေကြောင်းဟာ ကျွန်တော်တို့ မော်တော်ဘုတ်တွေနစ်နေတာ အများကြီးပါ။ သတင်းတွေကိုမထွက်လို့ သာမသိကြတာ။ အထူးသဖြင့် ကျွန်တော်တို့ စစ်တွေတစ်ဖက်ကမ်း ပေါက်တောဝတွေဘာတွေ၊ ပေါက်တောမြို့အဝင် အဲဒါလည်း လှိုင်းကြီးတာပဲ။ အမြဲတမ်းလှိုင်းကြီးပါတယ်။ ရေတက်ရေကျ ရာသီဥတုအင်မတန်သာယာတဲ့ ဒီလိုဖေဖော်ဝါရီနောက်ပိုင်း မတ်လမှာဆိုရင်လည်း ဒီညနေတိုက်တဲ့ သုံးနာရီကနေတိုက်တဲ့ အနောက်လေဆိုရင် လေမုန်တိုင်းလောက်နီးပါးပြင်းထန်တဲ့ လေဖြစ်ပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ ရင်ဆိုင်ပြီးတော့ ကျော်လွှားနေရတယ်။ ဒါပေမယ့် ကျွန်တော်တို့ရခိုင် ပြည်သူတွေက ဒီရာသီဥတုဒဏ်ကို ခံနိုင်မယ့် Vessel ပေါ့။ သင်္ဘောတွေကို ကျွန်တော်တို့မရခဲ့ပါဘူး။ နှစ်ရှည်လများ အဖက်ဖက်က ချို့ယွင်းနေတဲ့ သင်္ဘောတွေနဲ့ပဲ ရင်ဆိုင်သွားလာနေရတဲ့ အဲဒီဒဏ်ကို ခံစားလာရပါတယ်။ အခုမှ ကျွန်တော်တို့က အသက်ပေါင်းမြောက်မြားစွာ သေဆုံးပြီးတော့မှ ဒီကိစ္စတွေ ကို ကျွန်တော်တို့ လူသိရှင်ကြားဖြစ်လာတာပါ။ နောက်တစ်ခုက စည်းကမ်းပိုင်းပါ။ စည်းကမ်းပိုင်းဆိုတဲ့ နေရာမှာ ကျွန်တော်တို့သင်္ဘောသားတွေ များသောအားဖြင့် သူတို့အနေနဲ့ ဘာကိုရင်ဆိုင်နေရလဲ ဆိုတော့ စားဝတ်နေရေးကို ရင်ဆိုင်နေရပါတယ်။ လစာနဲ့မလုံလောက်ပါဘူး။ လစာမလုံလောက်တဲ့ အတွက် သူတို့က ဘေးဝင်ငွေတွေရှာကြပါတယ်။ ဒီတောင်ကုတ်-စစ်တွေ သင်္ဘောလိုင်းဟာ ဝင်ငွေ အင်မတန်ရတဲ့ သင်္ဘောလိုင်းဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ပြည်မကကုန်တွေက စစ်တွေနဲ့ မြောက်ပိုင်းကို ဖြန့်ချီတဲ့ ရေကြောင်းလိုင်းပါ အဲဒါကြောင့် ကုန်တင်တာများပါတယ်။ ဘယ်လောက် တောင်ကုန်တင်လဲဆိုရင် မရှိမသေ အားလုံးကိုကန်တော့ပါတယ်။ အိမ်သာမှာတောင်တင်တယ်။ သင်္ဘောသားအိပ်တဲ့အခန်းတွေမှာလည်းတင်တယ်။ အဲဒီလောက်ထိတင်တာပါ။ အဲဒီတော့ ခုနက Captain ကြီးပြောသလို Over Weight ကတော့ ဒါတောင်ကုတ်နဲ့စစ်တွေလိုင်းမှာ မဆန်းပါဘူး။ ဒါပေမယ့် ဒီလိုင်းက အင်မတန်အန္တရာယ်များတဲ့လိုင်းပါ။ နောင်တော်ဆိုတာ ပင်လယ်ဝကြီးပါ။ ဒီအသက်ကို နားရွက်မှာချိတ်ပြီးတော့ သွားနေရတဲ့လမ်း။ အဲဒါကို ဒီလိုစည်းမဲ့ကမ်းမဲ့ လုပ်တဲ့အတွက် ဒီလိုဖြစ်တဲ့ကိစ္စပါ။ နောက်တစ်ခုက ကျွန်တော်တို့ လေ့ကျင့်မှုအပိုင်း။ ခုနက ပြောပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်က သင်္ဘောတိုင်းမှာ အသက်ကယ်အင်္ကျီဆိုတာမရှိပါဘူး။ အသက်ကယ် သင်္ဘောဆိုတာမရှိဘူး။ တစ်ခုခုဖြစ်လိုက်ရင် သတင်းပို့ဖို့အတွက် စက်ဆိုတာမရှိဘူး။ အဲဒီလောက်ထိ

ကျွန်တော်တို့က လျစ်လျူရှုခံနေရတဲ့ဒေသဖြစ်ပါတယ်။ အခုဒီလိုဖြစ်တော့မှ ကျွန်တော်တို့ ကြေကွဲဝမ်းနည်းစွာ ကျွန်တော်တို့က ဝေဖန်တယ်၊ ဆွေးနွေးတယ်။ ဒါအခု အဓိကထားပြီးတော့ တင်ပြချင်တာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဖြစ်ပြီးတာကတော့ ဖြစ်သွားပါပြီ။ ကျွန်တော်တို့ကလည်း ရင်ဆိုင်နိုင်သမျှကို ရင်ဆိုင်ခဲ့ပြီးပါပြီ။ နောက်နောင် ဒီလိုကြေကွဲဝမ်းနည်းစရာတွေ မဖြစ်နိုင်ဖို့အတွက် ဖြစ်သင့်လို့ဖြစ်တာကို ကျွန်တော်တို့ ဖြေသာပါတယ်။ အခုက ဒီလိုစည်းကမ်းမရှိမှု၊ ပစ္စည်းချို့ယွင်းမှုတွေကြောင့် ကျွန်တော်တို့ရဲ့ တန်ဖိုးရှိတဲ့အသက်တွေ၊ လူငယ်တွေ၊ အမျိုးသမီးတွေ အလဟဿသေဆုံးရတာကိုတော့ ကျွန်တော်တို့ ဝမ်းနည်းကြေကွဲလို့ မဆုံးပါဘူး။ အဲဒါကြောင့် တင်ပြချင်တာက နောက်နောင်ဒီလိုကြေကွဲစရာ၊ ဝမ်းနည်းစရာအဖြစ်တွေ မဖြစ်နိုင်ဖို့အတွက် နိုင်ငံတော်က ကျွန်တော်တို့ကို အလေးအနက်ထားပြီးတော့ ဂရုစိုက်ပြီးတော့ ဒါကူညီဖေးမပေးစေချင်ပါတယ်ဆိုတာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဘရှိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘရှိန် (ကျောက်ဖြူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ ဆွေးနွေးပြောကြားဖို့အတွက် ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်ရရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ရော၊ ရခိုင်ဒေသမှာ နေထိုင်ကြတဲ့ပြည်သူတွေအနေနဲ့ရော ဘာပဲဖြစ်ဖြစ် ကျေနပ်မှုတစ်စုံတစ်ရာ ရှိကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအောင်တံခွန်(၃) ရေယာဉ်နစ်မြုပ်တဲ့အချိန်ကာလဟာ ရုံးပိတ်ရက်နေ့ဖြစ်တယ်။ ရုံးဖွင့်တဲ့နောက်တစ်နေ့မှာ ကျွန်တော်တို့လွှတ်တော်တွေဖွင့်တဲ့အတွက်ကြောင့် လွှတ်တော်ကြီးမှာ ကျွန်တော်တို့ ရောက်နေတဲ့အခါ ရခိုင်ပြည်သူတွေရဲ့ ထိခိုက်နစ်နာမှုတွေကို ကျွန်တော်တို့ရောက်ရှိနေတဲ့နေရာမှာ ပြည်ထောင်စုလွှတ်တော်တွေရှိတယ်။ ဒီလွှတ်တော်တွေနဲ့ဆက်စပ်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရှိတယ်။ ဒီအစိုးရအဖွဲ့က စီမံဆောင်ရွက်နေတဲ့ ဒီရေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှာ ထိခိုက်မှုတွေ၊ နစ်နာမှုတွေရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ဒေသက ပြည်သူတွေ သေကြေခဲ့ရတယ်။ ပစ္စည်းတွေဆုံးရှုံးနစ်နာခဲ့ရတယ်။ နိုင်ငံတော်ပိုင်ပစ္စည်းတွေလည်း ဆုံးရှုံးတာပဲ။ ပုဂ္ဂလိကပြည်သူတွေရဲ့ ပစ္စည်းလည်း ဆုံးရှုံးတာပဲ။ ဒီအကြောင်းအခြင်းအရာတွေကို အခုကျွန်တော်တို့ ပြောခွင့်ဆိုခွင့်ရတဲ့အချိန်က နောက်ကျပါပြီ။ သတင်းဌာနအသီးသီးက ဖော်ပြလို့ တစ်ကမ္ဘာလုံးကလူတွေလည်း သိနေကြပြီးဖြစ်ပါတယ်။ ဘာပဲ

ဖြစ်ဖြစ် ဥက္ကဋ္ဌကြီးက ဒီလိုစီစဉ် ပေးလိုက်တဲ့အတွက် ကျွန်တော်တို့အလွန်ကျေးဇူးတင်ပါတယ်။ ဒီနေ့ပဲ ဒီကိစ္စကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးခွင့်ကြုံမယ်လို့ ကျွန်တော်တို့ နားလည်ထား ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုကြုံခဲ့တာကတော့ ကြုံခဲ့ပါပြီ။ နောင်အတွက် ရတက် မအေးဖွယ်၊ သောကရောက်ဖွယ်မဖြစ်စေခြင်းငှာ ဒီကိစ္စတွေကို နည်းနည်းလေးတင်ပြလိုပါတယ်။ ကျွန်တော်တို့ အသက်တွေဆုံးရှုံးလို့၊ ပစ္စည်းတွေဆုံးရှုံးလို့ ကြေကွဲနစ်နာမှုတွေကြုံလို့ ကျွန်တော်တို့ အခု ပြောခွင့်ဆိုခွင့် တစ်ကြိမ်ကြုံပေမယ့်လည်း စောစောက ကျွန်တော့်ရှေ့က လွှတ်တော်ကိုယ်စားလှယ် ကြီးတွေ ဆွေးနွေးသွားကြသလို အန္တရာယ်တွေက ဆုံးရှုံးနစ်နာမှုတွေက ဒီတစ်ခါသာမဟုတ်ပါဘူး။ အကြိမ်ပေါင်းများစွာရှိခဲ့ပါတယ်။ ဒီလိုအကြိမ်ပေါင်းများစွာ ရှိတဲ့ဟာကို မင်းတို့ပြည်သူတွေကြားမှာ ဖြစ်တဲ့ဟာပဲဆိုပြီးတော့ ပြောလို့အပြစ်တင်လို့မရပါဘူး။ ပြည်သူတွေကိုအုပ်ချုပ်နေတဲ့ အစိုးရမှာ ဘယ်အစိုးရပဲဖြစ်ဖြစ် တာဝန်ရှိပါတယ်။ ပုဂ္ဂလိကပို့ဆောင်ရေးကြောင့်ပဲသေသေ၊ ဘယ်လိုကြောင့်ပဲ သေသေ၊ ဘယ်လိုကြောင့်ပဲဆုံးရှုံးဆုံးရှုံး ကျွန်တော်တို့အခု ဒီအန္တရာယ်ကိုအကြောင်းပြုပြီးတော့ ယာဉ်အိုယာဉ်ဟောင်း၊ ယာဉ်အိုယာဉ်ဟောင်းတောင်မဟုတ်ပါဘူး။ သင်္ဘောအအိုအဟောင်းဆိုတော့ ကျွန်တော်တို့တွေလည်း သင်္ဘောတွေနဲ့ ကျွန်တော်ရခိုင်ပြည်အနှံ့ ရှေ့နေလိုက်နေခဲ့တဲ့အတွက်ကြောင့် သင်္ဘောတွေနဲ့ အကြိမ်ကြိမ်အခါခါ သွားနေခဲ့ရပါတယ်။ ဒီသင်္ဘောတွေက အပေါက်တွေ၊ အဆွေးတွေ၊ အဟောင်းတွေဖြစ်နေတဲ့အတွက်ကြောင့် စောစောက ဆရာဦးဖေသန်းတင်ပြသလို ဘိလပ်မြေအိတ် တွေကို သင်္ဘောပေါ်မှာ ဆောင်ပြီးတော့သွားရတယ်။ အခုမှ ဝန်ကြီးဌာနက မသိလို့ပြောလို့လည်း မရဘူး။ ဝန်ကြီးဌာနက အခုပြောသွားတဲ့ အကြောင်းအခြင်းအရာတွေ ဘယ်လောက်မှန်တယ်၊ ဘယ်လောက်မှားတယ်ဆိုတာကို ပြည်သူတွေက ဆုံးဖြတ်ဖို့အတွက် အဆင်သင့်ရှိနေပါတယ်။ ကျွန်တော်လည်း ခရီးသွားပြည်သူဖြစ်တဲ့ ကျောက်ဖြူမြို့နယ်က မသေဘဲနဲ့ကျန်ခဲ့တဲ့လူ အများအပြားနဲ့ ကျွန်တော်စကား ပြောခဲ့ရပါတယ်။ ဆုံးရှုံးတဲ့လူတွေ၊ သေကြေတဲ့လူတွေ၊ နစ်နာတဲ့လူတွေ၊ အလောင်း တွေကို တစ်လောင်းကိုတစ်သိန်းကျပ်နဲ့ငုပ်နေတဲ့လူတွေကအစ အကုန်လုံး ကျွန်တော် စကားပြောခွင့် ဆိုခွင့်ရပါတယ်။ ကိုယ့်ဟာနဲ့ကိုယ်ငုပ်ခွင့်၊ အလောင်းဆယ်ခွင့်တောင်မရဘူး။ အလောင်းဆယ်ခွင့် လုပ်မယ့်လူကိုတောင် ဖမ်းမယ်ဆီးမယ်ဆိုပြီးတော့ ပြောတာဆိုတာတွေ ဒါတွေကလည်း သတင်းဌာန တွေကပြောလို့ အကုန်လုံးသိနေကြပါပြီ။ ဒီကိစ္စတွေလည်း စိတ်မချမ်းသာစရာ ဘာပဲဖြစ်ဖြစ် အခု ဒီကိစ္စကို အကြောင်းပြုပြီးတော့ သင်္ဘောတွေက မကောင်းတဲ့ဟာ မကောင်းတဲ့သင်္ဘောတွေမသွား

တော့ဘူးလို့ဆိုတဲ့အတွက်ကြောင့် ရခိုင်ပြည်တောင်ပိုင်းကို ခရီးသွားလုပ်ငန်း ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းမရှိတော့ဘူးဆိုပြီးတော့ ကျွန်တော်တို့ဒေသကပြည်သူတွေက ကျွန်တော်တို့ဘာနဲ့သွားရမလဲ ဒီအဆွေးတွေ၊ အဟောင်းတွေနဲ့ ကျွန်တော်တို့နှစ်ပေါင်းများစွာသွားနေတာပဲ သွားတတ်ပါတယ်။ ဒီအဆွေးအဟောင်းတွေနဲ့လည်း သွားလို့ရပါတယ်။ မသေလောက် မပျောက်လောက်ဆိုရင် ကျွန်တော် တို့ သွားပါရစေဆိုပြီးတော့ အဲလိုဆက်သွယ်ပြောကြားတာတွေရှိပါတယ်။ ဝန်ကြီး ဦးဉာဏ်ထွန်းအောင် အခင်းဖြစ်တဲ့ဒေသတွေကို ရောက်တယ်ဆိုတာလည်း ကျွန်တော်တို့ သတင်းရပါတယ်။ ဝန်ကြီးရောက် ပြီးတဲ့အခါ ဒီသင်္ဘောအအိုအဟောင်းတွေကြောင့် ဆုံးရှုံးနစ်နာမှုတွေဖြစ်တဲ့အတွက်ကြောင့် အအို အဟောင်းတွေမသုံးရင်ကောင်းမယ်ဆိုတာ ဝန်ကြီးကတော့ သဘောရိုးနဲ့ပြောတာပဲ။ ကျွန်တော်တို့ ဒေသကလူတွေက အအိုအဟောင်းတွေနဲ့ ကျွန်တော်တို့ နှစ်ပေါင်းများစွာ ဒီလိုပဲ အသက်ရှင်လာ တာပါ။ ရပါတယ်။ ဒါပေမယ့် မသေလောက် မပျောက်လောက်တဲ့အခြေအနေတွေကို နည်းနည်း အလေးထားပြီးတော့ ဒီပို့ဆောင်ရေးလုပ်ငန်းကို ကျွန်တော်တို့ ပိတ်မထားပါနဲ့။ နောက်တစ်ခုတင်ပြလို တာကတော့ ဝန်ကြီးဌာနက ဒုတိယဝန်ကြီးလည်းရောက်တယ်ဆိုတော့ ဒါရေဒီယိုကလည်း ဒီလို ဒါက သတင်းဌာနကလွှင့်မယ့်ဟာတွေ။ ကျွန်တော်တို့ ဒီပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းတွေကလည်း ဝန်ကြီး ဌာနရဲ့ ကြီးကြပ်မှုအောက်မှာပဲရှိပါတယ်။ ကျွန်တော်တို့အခု ရခိုင်ပြည်တစ်နံတစ်လျား တောင်နဲ့ မြောက်ပေါ့။ အရှေ့အနောက်လည်းပါပါတယ်။ အမြန်ယာဉ်တွေ ဆွဲနေကြပါတယ်။ လူ ၁၀၀ တင်တယ်၊ ၅၀ တင်တယ်၊ ၁၅၀ တင်တယ်။ ဒီအမြန်ယာဉ်တွေက ရေလုံပိတ်၊ အလုံပိတ်တွေ။ မြုပ်တယ်ဆိုရင် တစ်ခါတည်းသေပြီပဲ။ ဒီသင်္ဘောတွေက ကမ်းရိုးတန်းမှာဆွဲမယ့်သင်္ဘောတွေ။ ကမ်းရိုးတန်းမှာ မဟုတ်ဘူး ပင်လယ်ပြင်ကြီးဖြတ်ပြီးတော့သွားနေကြတာ။ လူ ၁၀၀ တင်ရမယ့် သင်္ဘောက ၂၀၀ တင် တယ်။ ကျွန်တော်တို့ကလည်း ဒီ ၂၀၀ တင်တဲ့သင်္ဘောနဲ့ မလိုက်ရင် ခရီးမပေါက်ဘူး။ သေတဲ့အခါမှ သေပဲ။ နောက် ခုနစ်ရက်(တစ်ပတ်)၊ ရက်သတ္တပတ်မှာ ခုနစ်ရက်ရှိတယ်။ ခုနစ်ရက်လုံးလုံး ခရီးသည် အရှုံးမပေါ်ဘဲ ပို့ပေးလို့ရတယ်။ မပို့ဘူး။ တစ်ရက်ပဲပို့တယ်။ နှစ်ရက်ပဲပို့တယ်။ အဲဒါဝန်ကြီးဌာနက မသိဘူးဆိုလို့ ဘယ်ရမလဲ။ သိပါတယ်။ အဲဒါလေးတွေလည်း ကျွန်တော်တို့တစ်တွေအတွက် ရခိုင် ပြည်သူတွေအတွက် လုံခြုံမှုရှိအောင် ကူညီပေးပါလို့ တင်ပြလိုပါတယ်။ ဒါအင်မတန် အရေးကြီး ပါတယ်။ ကျွန်တော်တို့ ဒီလတွေဆို မတ်လနောက်ပိုင်းမှာ ရာသီဥတုနည်းနည်းပြင်းထန်လာပြီး ပြင်းထန် လာတဲ့အချိန်မှာ ဥပမာပြောမယ်။ ကျွန်တော်တို့ ကျောက်ဖြူနဲ့ စစ်တွေကို ဒီအမြန်ရေယာဉ်တွေ သွားရင် ခရီးလမ်းကြောင်းက မြေပုံဘက်ကပတ်ပြီးတော့ သွားရင် လေးနာရီကျော်လောက်ကြာတယ်။

**မူကြမ်း**

ကျောက်ဖြူက တည့်တည့်ပင်လယ်ပြင်ဖြတ်လိုက်လို့ရှိရင် သုံးနာရီဆို ဆီသက်သာတယ်။ သူတို့အမြတ်ထွက်တယ်။ ခရီးသည်တွေ သေတဲ့အခါမှသေ။ အဲဒါမျိုးတွေရှိနေပါတယ်။ ဒါ ဒုတိယဝန်ကြီးတို့ ဒီကိစ္စတွေကိုလည်း ပြည်သူတွေအတွက် ကူညီဆောင်ရွက်ပေးပါ။ နောက်တစ်ခု ကျွန်တော်တို့ ဒီမှာတင်ပြလိုတာက ဒီဝန်ကြီးဌာနတွေအနေနဲ့ အလေးထားပြီးတော့ ဆောင်ရွက်ပေးဖို့ နောင်ပေါ့လေ နောင်အတွက် အခုတော့ပြီးပါပြီ။ အခု ဒီအောင်တံခွန်(၃)သင်္ဘောဟာ ပင်လယ်ပြင်မှာမြုပ်တာမဟုတ်ဘူး။ နောင်တော်ပင်လယ်ကိုကူးလို့ ဟိုဘက်ကိုရောက်ပြီ။ နောင်တော်ကြီးတောင်ကိုကျော်ပြီ။ မြောက်ကျွိန်ကျွန်းကိုရောက်ပြီ။ သင်္ဘောပေါ်မှာ ကျွန်တော်တွေ့ဖူးပါတယ်။ တယ်လီဖုန်းတွေ၊ ဆက်သွယ်ရေးကိရိယာတွေ ပထမတတ်တုန်းကတော့ စက်တွေရှိတယ်။ နောက်တော့လည်း မပေးတော့ဘူးပေါ့။ တယ်လီဖုန်းလည်းမဆက်ဘူး။ ဥဩလည်းမဆွဲဘူးပေါ့။ ဒီသင်္ဘောကမ်းထိုးလိုက်ရင် တစ်ယောက်မှမသိဘူး။ အခုသင်္ဘောမှာအတူပါလာတဲ့ခရီးသည်တွေက ဝိုင်းပြီးတော့ ရေပက်ကြတယ်။ ရာသီဥတုဆိုးလို့ ရာသီဥတုမဆိုးပါဘူး။ အဲဒီရာသီဥတုဆိုးတာလို့ပြောတဲ့အတွက်ကြောင့် ရခိုင်တစ်ပြည်လုံးက ပြည်သူတွေမကျေနပ်ကြဘူး။ ဝန်ကြီးဌာနပြောတဲ့ဟာကို။ ရာသီဥတုမဆိုးပါဘူးခင်ဗျား။ သင်္ဘောမကောင်းလို့ သင်္ဘောဝန်ထမ်းတွေမှားတဲ့အလုပ်ကို လုပ်လိုက်တဲ့အတွက်ကြောင့်သေတာပါ။ ရာသီဥတုဆိုးလို့ဆိုတာ မဟုတ်ပါဘူး။ နောင်တော်ပင်လယ်ကြီးကို ကူးပြီးပြီ။ နောင်တော်ပင်လယ်ကြီးကိုကူးလို့ ဟိုဘက် အရှေ့မြောက်ဘက်က မြေပုံမြို့နယ်ထဲကိုဝင်သွားပြီး နောင်တော်ပင်လယ်ဆိုတာ ကျွန်တော်တို့ ကျောက်ဖြူမြို့နယ်နဲ့ မြေပုံမြို့နယ်ရဲ့ နယ်ခြားပင်လယ်ဖြစ်ပါတယ်။ အဲဒါကြောင့် အခုဆုံးရှုံးနစ်နာမှုတွေကတော့ ကျွန်တော်တို့ဆီက လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးတင်ပြလို့ ဆုံးရှုံးနစ်နာမှုတွေက တကယ်ရှိပြီးပြီ။ ဒီဆုံးရှုံးနစ်နာမှုတွေ နောင်အခါများမှာ မပေါ်ပေါက်ရအောင် အခုဖြစ်နိုင်တဲ့အခြေအနေက လောလောဆယ် သင်္ဘောအဆိုးအဟောင်းတွေနဲ့ ခရီးထွက်ပေးပါ။ ထွက်ပြီးတဲ့အခါလည်း ကျွန်တော်တို့ အများပြည်သူတွေရဲ့ အသက်အန္တရာယ်တွေကို မဖြစ်နိုင်လောက်အောင်တော့ စီစဉ်ဆောင်ရွက်ပေးပါ။ နောက်တစ်ခုက ဒီအမြန်ယာဉ်တွေဟာ ကျွန်တော်တို့ လူ့အသက်အန္တရာယ်ကို မကြာခင် မတွေ့ပေမယ့် တစ်ချိန်ချိန်မှာ တွေ့နိုင်မယ့်အခြေအနေရှိတယ်။ ဒါလည်း ကြီးကြပ်ပေးပါလို့ ဒီနှစ်ချက်ကို အလေးထားပြီးတော့ တင်ပြဆွေးနွေးပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားပါတယ်။

**မူကြမ်း**

အချိန်၊ ၁၁း၃၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားပါသည်။]

အချိန်၊ ၁၂း ၄၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီးခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒေါ်ခင်စောဝေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ အားလုံး မင်္ဂလာပါ။ တော်တော်လေးလည်း ပြည့်စုံသွားပါပြီ။ ဒါပေမယ့် ကျွန်မတို့ရဲ့ ဘူးသီးတောင်-မောင်တော-ရသေ့တောင်သွားတဲ့ သင်္ဘောတွေအကြောင်း တင်ပြချင်ပါတယ်။ ကျွန်မတို့ အခုအမြန်ရေယာဉ်ဆိုပြီးတော့ တစ်ခု ကျွန်မတို့ ရှုပ်ပြေးပေါ့။ ကျွန်မတို့အစိုးရပိုင် သင်္ဘောတွေဟာ နံနက် ၇း၀၀ နာရီကနေထွက်လို့ရှိရင် ကျွန်မတို့ရဲ့ ဘူးသီးတောင်၊ မောင်တောကို ည ၁၀ နာရီလောက်မှ ရောက်ပါတယ်။ အဲဒီအခါမှာကျတော့ အမြန်ယာဉ်ကို လူတွေက ပိုပြီးတော့ အလေးထားပြီးတော့ စီးလာကြပါတယ်။ အဲဒီအခါမှာ ဒီအမြန်ရေယာဉ်ပေါ်မှာလည်း ဥပမာအားဖြင့် လူဦး ၆၀ လောက်တင်ရမယ်ဆိုလို့ရှိရင် သူတို့ရဲ့ ကိုယ်ပိုင်စီးပွားရေးအတွက် တော်တော်များများ လူတွေကိုပိုပြီးတင်ပါတယ်။ နောက်ပြီးတော့ ကုန်ပစ္စည်းတွေကိုလည်း အများကြီးတင်ဆောင်မှုတွေကို တွေ့ရပါတယ်။ အဲဒီမှာ ဘာဖြစ်လာလဲဆိုတော့ ဒီတင်လာတဲ့အခါ အလေးချိန်ရဲ့ Weight ကြောင့် ဒီရေယာဉ်ဟာ ရေပြင်မှာမြုပ်ပြီးတော့ ရေဝင်တာတွေကို တွေ့ရပါတယ်။ ကျွန်မတို့ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောတွေမှာဆိုရင် ရေလမ်းခရီးကိုသာအဓိကအားထားပြီးသွားလာနေရတဲ့ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ အဲဒီအခါ ရေဝင်တဲ့အခါကျတော့ ဒီ Over Weight များတဲ့အတွက်ကြောင့် ကျွန်မဆိုရင် ကိုယ်တွေ့ကြုံခဲ့ရပါတယ်။ ရေတွေတအားများတဲ့အတွက် ပင်လယ်ထဲမှာ မသွားနိုင်ဘူး။ ရေတွေတအားဝင်တယ်။ မြုပ်လုနီးပါးဖြစ်တာကို တွေ့ရပါတယ်။

အဲဒီအချိန်မှာကျတော့ ဒီသင်္ဘောက နီးစပ်ရာကမ်းကပ်ပြီးတော့မှ လူတွေကို ပြန်ပြီးတော့ နည်းနည်း ချပေးပြီးတော့မှ အဲဒီသင်္ဘောက ပြန်လည်ထွက်ခွာလို့ရပါတယ်။ အခုဒီမှာတကယ်လို့ ပြဿနာ တစ်စုံတစ်ခု ဖြစ်တိုင်းဖြစ်တိုင်းမှာ ကျွန်မတို့တွေက ဖြစ်ပြီးခါစမှာပဲ ပြန်ပြီးတော့လုပ်လိုက်တဲ့အခါ ဒီဟာကို ဒီတစ်လနှစ်လအတွင်းမှာပဲ ဒါတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ ပြီးတော့လည်း မေ့မေ့ ပျောက်ပျောက်တွေ ဖြစ်သွားတတ်ကြပါတယ်။ ကျွန်မတို့လိုချင်တာကတော့ ဒီဟာတွေကိုအမြန် ရေယာဉ်တွေ ကျွန်မတို့ ရခိုင်ပြည်နယ်ဖက်မှာဆိုရင် သင်္ဘောတွေအပြင် အမြန်ယာဉ်တွေဟာ တော်တော်လေးကို အသုံးပြုနေရပါတယ်။ အဲဒီအတွက်ကြောင့် ဒီအမြန်ယာဉ်တွေကိုလည်း တိတိ ကျကျစည်းကမ်းတွေထုတ်ဖို့လိုပါတယ်။ လိုအပ်တဲ့ လူဦးရေအရေအတွက်တွေကိုလည်း လိုတာထက် ပိုပြီးမတင်အောင် လုပ်ပေးရပါမယ်။ နောက်တစ်ခုက ဒီပစ္စည်းတွေကို တင်တဲ့အခါလည်း စည်းကမ်း တကျထားပေးရပါမယ်။ အဲဒီအခါ သူတို့ဒီလိုမျိုး မလုပ်နိုင်ဘူးဆိုလို့ရှိရင် အတိအကျပြစ်ဒဏ်တွေ ပေးဖို့ လိုအပ်ပါတယ်။ နောင်လာမယ့်အနာဂတ်အတွက် အင်မတန်အရေးကြီးပါတယ်။ နောက်တစ်ခု တင်ပြချင်တာကတော့ ကျွန်မတို့ရဲ့ ရခိုင်ပြည်နယ်ကိုသွားတဲ့ သင်္ဘောတွေဟာ တရုတ်ပြည်ထုတ်တဲ့ သင်္ဘောတွေဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ မှာအသုံးပြုခဲ့တဲ့အတွက်လည်း နှစ်ပေါင်း ၂၀ လောက်ကြာမြင့်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဒီသင်္ဘောတွေဟာဆိုလို့ရှိရင် ကျွန်မတို့ တွေ့ကြုံရ သလောက်ဆိုလို့ရှိရင် သင်္ဘောမှာ အမြဲတမ်းပေါက်တဲ့အတွက် အဲဒီလို ဘိလပ်မြေတွေနဲ့ဖာနေတာတွေ ကိုလည်း တစ်ချိန်လုံးတွေ့ရပါတယ်။ နောက်ပြီးတော့ ဒီလို သင်္ဘောက နှစ်ပေါင်းကြာနေတဲ့အတွက် ကြောင့်မို့လည်း သွားရေးလာရေးမှာနှောင့်နှေးတာတွေ တော်တော်ရှိပါတယ်။ ကျွန်မတို့ စစ်တွေကနေ ဘူးသီးတောင်ကိုသွားတဲ့ အချိန်မှာဆိုလို့ရှိရင် နံနက် ၇ နာရီကနေထွက်တယ်ဆိုလို့ရှိရင် ည ၉ နာရီတို့ ၁၀ နာရီတို့ အဲဒီလိုမျိုးတွေမှာ ရောက်တာဖြစ်ပါတယ်။ အခု ဥပမာ-ရေတက်နေတဲ့အချိန်ဆိုလို့ရှိရင် တော်တော်လေး စောစောရောက်ပါတယ်။ အဲဒီအတွက်ကြောင့် ဒီရေယာဉ်တွေကို ကျွန်မတို့ ရခိုင် ပြည်နယ်အတွက် ဆက်လက်မသုံးသင့်တော့ဘူးလို့ ကျွန်မအနေနဲ့ တင်ပြချင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်မတို့မလိုအပ်တဲ့ ဘတ်ဂျက်တွေကိုလည်း ဖျက်ပြီးတော့ ကျွန်မတို့ရခိုင်ပြည်နယ်က တကယ့်ကိုလူ့အသက်တွေက တန်ဖိုးလည်းအရမ်းရှိပါတယ်။ အဲဒီအတွက်ကြောင့် ဒီရေယာဉ်တွေကို အစားထိုးဖို့ တင်ပြချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ဦးသိန်းဆွေ၊ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

မူကြမ်း

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ အောင်တံခွန်ရေယာဉ် နစ်မြုပ်မှုနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်ဆွေးနွေးလိုပါတယ်။ ဒီကိစ္စဟာ ကျွန်တော်တို့ ရခိုင်တစ်ပြည်နယ်တည်းအတွက် မဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံနဲ့လူမျိုးအတွက် ဝမ်းနည်းဖွယ်ကောင်းတဲ့ ကိစ္စ တစ်ခုဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့ ပြည်နယ်ရဲ့ဆုံးရှုံးမှုလို့ သဘောမထားဘဲနဲ့ နိုင်ငံတော်ရဲ့ဆုံးရှုံးမှုအဖြစ် သတ်မှတ်ပြီးတော့မှ နောင်အလားတူ မဖြစ်ဖို့အတွက်ကို သင်ခန်းစာယူ ပြုပြင်သွားဖို့လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရကလည်းပဲ စုံစမ်းစစ်ဆေးမှုတွေကို ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်နေတာကို ကြိုဆိုပါတယ်။ အဲဒီကော်မတီတွေက ကျွန်တော် နှစ်ပိုင်းတွေ့ပါတယ်။ တစ်ဖက်က ဖြစ်ရပ်အမှန်တွေကိုဖော်ထုတ်တာရယ်။ တစ်ပိုင်းက စက်ပိုင်းနဲ့ ဒီမှာကျွမ်းကျင်တဲ့လူတွေနဲ့ ဖွဲ့စည်းထားတဲ့ဟာတွေလည်း ကျွန်တော်တို့တွေ့ပါတယ်။ ဒီစုံစမ်းစစ်ဆေးရေးအဖွဲ့တွေရဲ့ အစီရင်ခံစာရရှိမယ်ဆိုရင် အဖြစ်မှန်တွေကိုဖော်ထုတ်ပြီးတော့မှ တာဝန်ရှိသူအဆင့်ဆင့်တွေကိုလည်းပဲ လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုများ၊ ပညာပေးမှုများ ဆောင်ရွက်သင့်ပါတယ်။ ရရှိတဲ့သင်ခန်းစာတွေကိုလည်းပဲ နောင်မှာအလားတူ မဖြစ်ဖို့အတွက်ကို ဒီသင်ခန်းစာတွေအပေါ်မှာ ပြုပြင်ဆောင်ရွက်သွားဖို့ အထူးပဲလိုအပ်ပါတယ်။ ကျွန်တော်လည်းပဲ အဲဒီရခိုင်ပြည်နယ်မှာ ငယ်စဉ်ဘဝကတည်းက နေခဲ့ဖူးတာဖြစ်တဲ့အတွက် အဲဒီနောင်တော်မှာပဲ ကျွန်တော်တို့ ရေလှိုင်းကြီးတဲ့ဒဏ်ကိုခံစားဖူးပါတယ်။ မသေမပျောက် လွတ်မြောက်ခဲ့တာဖြစ်ပါတယ်။ အမှန်တစ်ကယ်ပဲ ရခိုင်ပြည်နယ်မှာ ကြံ့ခိုင်မှုကောင်းတဲ့ရေယာဉ်တွေနဲ့ ပြေးဆွဲဖို့လိုတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အခုဖြစ်တဲ့အဖြစ်ကလည်းပဲ ဒုတိယဝန်ကြီးရှင်းပြတဲ့အနေအထားအရ အဓိက ရေယာဉ်ကြံ့ခိုင်မှုအားနည်းတဲ့ဟာရယ်၊ နောက်ပြီးတော့ စည်းကမ်းလိုက်နာမှု လျော့ရဲတဲ့ဟာရယ် အဓိကနှစ်ချက်တွေ့ပါတယ်။ ရေယာဉ်ကို ကြံ့ခိုင်မှုဆိုတဲ့ အပိုင်းမှာဆိုတော့ ကျွန်တော်တို့ သာမန်အားဖြင့် ထောင့်တင်ပြီးတော့မှ သတ်မှတ်ချိန်မှာ Surveyor တွေက စစ်ဆေးပြီးတော့မှ ဆောင်ရွက်သော်လည်းပဲ ကျွန်တော်တို့ ကုန်တန်ချိန်ပိုတဲ့အခါမှာ မမျှော်မှန်းနိုင်တဲ့ ပြဿနာဖြစ်ပေါ်တဲ့အခါမှာ ဒါတွေဟာ ကျွန်တော်တို့ Cover Sane မလုပ်နိုင်တဲ့အတွက် ဒါတွေကို Cover မဖြစ်တဲ့အတွက် ရေယာဉ်ကြံ့ခိုင်မှုအားနည်းတယ်လို့ ဆိုရခြင်းဖြစ်ပါတယ်။ စည်းကမ်းလျော့နည်းတဲ့အပိုင်းမှာ ကျွန်တော်တို့ သတ်မှတ်တဲ့စည်ကမ်းများနဲ့အညီ ဆောင်ရွက်တာ၊ ပျက်ကွက်တာတွေ့ရပါတယ်။ သာမကအားဖြင့် ကုန်တွေကိုလိုအပ်တာထက် ပိုတင်တာ။ လူဦးရေတွေကိုလည်းပဲ ကျွန်တော်တို့

ကန့်သတ်ချက်ထက်ကျော်တင်တာ။ ပြီးတော့မှ သင်္ဘောသားတွေရဲ့ ဆောင်ရွက်ရမည့် စည်းကမ်း၊ စည်းမျဉ်းနဲ့အညီ နောက်ဆုံးအချိန်ထိမဆောင်ရွက်တာပြီးတော့မှ သင်္ဘောပေါ်မှာပါဝင်ရမည့် အသက်ကယ်အပါအဝင် အထောက်အကူပစ္စည်းတွေမပါတာ။ သင်္ဘောသားတွေအဲဒီလို ဝန်ဆောင်မှုတွေပေးရမယ့် အခြေအနေမှာ ပျက်ကွက်ခြင်းသည် သူတို့ရဲ့ ကျွမ်းကျင်မှုအဆင့်အတန်းဟာ သတ်မှတ်ချက်နဲ့မညီတာ ဒါတွေကို ကျွန်တော်တို့တွေ့ပါတယ်။ ဒ့ါအပြင် သင်္ဘောပြေးဆွဲတဲ့အချိန် ခရီးသည်တစ်ဦးရဲ့ပြောကြားချက်အရ ကျောက်ဖြူရောက်ကတည်းက ရေဝင်နေတာသိပါတယ်။ အဲဒီကတည်းကပဲ စပြီးပတ်ထုတ်နေပါတယ်လို့ သတင်းကြားလိုက်ရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုသိရင် ခရီးစဉ်ကိုရွှေ့တာ၊ ပြောင်းတာ၊ ဆိုင်းတာ ဆောင်ရွက်ဖွယ်ရှိတာတွေကို ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ ဒါဒီလိုဖြစ်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုကိစ္စတွေကို နောင်အလားတူမဖြစ်ဖို့အတွက်ကို ကျွန်တော်တို့ ဒါအလေးထားပြီးတော့မှ ဆောင်ရွက်ဖို့လိုပါတယ်။ ပွဲပြီး၊ မီးသေ ခဏလေး စုံစမ်းစစ်ဆေးရေးလုပ်ပြီးတော့မှ မေ့သွားတာမျိုး မဖြစ်ဖို့လိုပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ရေယာဉ်တွေကိုအားပြုပြီးတော့မှ အမြဲတမ်းသွားနေရတာဖြစ်ပါတယ်။ ဒီရေယာဉ်တွေကြံ့ခိုင်မှုမကောင်းတော့ဘူး။ အားလုံးပယ်ဖျက်လိုက်ပါဆိုတာ ကြားလို့လဲကောင်းပါတယ်။ ဒါလည်းပဲ ဖြစ်သင့်ပါတယ်။ သို့ရာတွင်ဒီရေယာဉ်တွေကို ပယ်ဖျက်ပြီးတော့ရပ်နားမယ်ဆိုရင် ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဦးဘရှိန်လည်း ဆွေးနွေးသွားပါတယ်။ ကျွန်တော်တို့ ပြည်သူတွေဘယ်လို ခရီးသွားတော့မလဲ။ ဘယ်လိုနေ့စဉ် ဆောင်ရွက်မည့်ကိစ္စတွေကို ဆောင်ရွက်တော့မလဲ။ ကျွန်တော်တို့ ဝန်ထမ်းတွေဒါပဲအားကိုးနေရတယ်။ ဘယ်လိုသွားတော့မလဲ။ ရေယာဉ်အသစ်ကို ဒီနေ့ဝယ်မယ်ဆိုရင်တောင်မှ ဒီနေ့မရနိုင်ပါဘူး။ အချိန်ကာလယူရအုံးမှာ ဖြစ်ပါတယ်။ အသစ်တည်ဆောက်မယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ အချိန်ကာလတစ်ခုယူရမှာဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ ကျွန်တော်တို့ ပြည်သူတွေရဲ့ ကူးသန်းသွားလာဖို့အတွက် အဆင်ပြေချောမွေ့ဖို့လည်းလိုပါတယ်။ အဲဒီတော့ရှိတဲ့ရေယာဉ်တွေကို စိတ်ချလက်ချအသုံးပြုနိုင်တဲ့ အဆင့်ရောက်အောင် ကျွန်တော်ခုနက အထက်ကတင်ပြခဲ့တဲ့ စည်းကမ်းတွေရှိလာအောင် ကြံ့ခိုင်မှုတွေကောင်းလာအောင် တာဝန်ရှိတဲ့သူများက ဒါကိုစစ်ဆေးကြပ်မတ်ပြီးတော့မှ စနစ်တကျဆောင်ရွက်မယ်ဆိုရင် အချိန်လည်းပဲ ကျွန်တော်တို့က သတ်မှတ်ချိန်နဲ့လွတ်မယ်။ စိစစ်တာလည်း သေချာစိစစ်မယ်။ လူတွေ၊ ကုန်ပစ္စည်းတွေကိုလည်းပဲ သတ်မှတ်ချက်အတိုင်းတင်မယ်။ သင်္ဘောသားတွေလည်းပဲ အရည်အချင်းပြည့်တဲ့လူတွေတင်မယ်ဆိုရင် ကျွန်တော်တို့ ပြည်သူတွေအတွက် လုံခြုံစိတ်ချရတဲ့အတိုင်း အတာတစ်ခုအထိ ကောင်းမွန်တဲ့ခရီးလမ်းကြောင်း ဖြစ်သွားလိမ့်

မယ်။ အဆင်ပြေပါလိမ့်မယ်။ နောင် ကျွန်တော်တို့ ဒါပေါ်မှာမူတည်ပြီးတော့မှ အလျဉ်းသင့်တဲ့အခါမှာ ဘတ်ဂျက်သော်လည်းကောင်း၊ အခြားနည်းနဲ့သော်လည်းကောင်း၊ ချေးငွေနဲ့သော်လည်းကောင်း ဒါကို ရေယာဉ်တွေကို ဖြည့်ဆည်းပေးသွားမယ်ဆိုရင် ပိုမိုပြီးတော့မှ သင့်တော်ကောင်းမွန်တဲ့အနေအထား ဖြစ်ပေလိမ့်မယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ နိုင်ငံတော်က တာဝန်ယူတဲ့ သဘော်လိုင်းများသာမကဘဲနဲ့ ခုနက ရုပ်ပြေးယာဉ်ခေါ်တဲ့ ပုဂ္ဂလိက၊ ရေယာဉ်များကိုလည်းပဲ တာဝန် ယူကြီးကြပ်ထိန်းသိမ်းရတဲ့ ကျွန်တော်တို့ဌာနတွေရှိပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနဲ့ ဆိပ်ကမ်းအာဏာပိုင်ကကြီးကြပ်လို့ရပါတယ်။ အဲဒီ ရေယာဉ်တွေကိုလည်းပဲ အမှန်တကယ်ကြီးကြပ်ဖို့လိုပါတယ်။ အထူးအားဖြင့် ကျွန်တော်တို့ အချို့စက် တပ်လှေသွားပါတယ်။ လာပြီးတော့မှ ကျွန်တော်တို့ သတ်မှတ်တဲ့ ရေကြောင်းညွှန်ကြားရေးမှုဦးစီး ဌာနမှာ မှတ်ပုံတင်ခြင်းမရှိပါဘူး။ ဒါကြောင့်မို့ လွန်ခဲ့တဲ့ ၃၀ ကျော်လောက်တုန်းက နိုင်ငံခြားသား ခရီးသည်များ မြောက်ဦးကိုသွားတဲ့လမ်းမှာ စစ်တပ်ရေယာဉ်တစ်စီး နစ်မြုပ်ပြီးတော့မှ သေဆုံးမှုတွေ ဖြစ်ပေါ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုလည်းပဲ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက ကြီးကြပ်ဖို့လိုသလို သက်ဆိုင်ရာအစိုးရများကလည်းပဲ စနစ်တကျကြီးကြပ်ဖို့လိုပါတယ်။ ပြည်သူများကလည်းပဲ ကျွန်တော် တို့ နေ့စဉ်ခရီးသွားလာမှုမှာ သတ်မှတ်တဲ့ရေယာဉ်စည်းမျဉ်း၊ စည်းကမ်းအတိုင်း ဝိုင်းဝန်းကူညီဖို့လို ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အထူးဆွေးနွေးလိုတဲ့အချက်ကတော့ ရခိုင်ပြည်နယ်ဟာ ရေယာဉ် များကိုအဓိကထားပြီးမှ သွားရတဲ့ဒေသဖြစ်ပါတယ်။ ပြည်သူများကလည်းပဲ ဒါမရှိဘူးဆိုရင် ကျွန်တော် တို့ မိုးတွင်းကာလဆိုရင် လေယာဉ်တွေကလည်းပဲ ပုံမှန်မဆင်းနိုင်တဲ့ကာလပဲ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ လက်ရှိရှိနေတဲ့ ရေယာဉ်တွေကို အသစ်တည်ဆောက်ခြင်း၊ ဝယ်ယူခြင်းမပြုနိုင်မီ ကာလ အတွင်းမှာ ကျွန်တော်တို့ ပြည်သူများ၊ ဝန်ထမ်းများ အခက်အခဲမရှိစေဖို့အတွက်ကို ရှိပြီးသားရေယာဉ် တွေကို ကျွန်တော်တို့ Sea Weathiness ပေါ့ ပင်လယ်ပြင်မှာ သွားနိုင်တဲ့ ကြံ့ခိုင်မှုတွေရှိအောင် စည်းစနစ်တွေကိုစနစ်တကျပြန်လည်ပြုပြင်ပြီးတော့မှ စည်းကမ်းများကိုလည်းပဲ သဘော်သားများ သာမက၊ ဝန်ထမ်းများသာမက ပြည်သူများပါ ပူးပေါင်းဆောင်ရွက်အောင် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက ကျွန်တော်တို့ကြပ်မတ်ပြီးတော့မှ အလေးထားဆောင်ရွက်မယ်ဆိုရင် ဒီလိုပြဿနာတွေကို ကျွန်တော်တို့ ကာကွယ်နိုင်မှာဖြစ်ပြီးတော့မှ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ နိုင်ငံတော်ပိုင်တဲ့ သဘော်များသာမက ဘဲနဲ့ တခြားသော ပုဂ္ဂလိကပိုင် ရေယာဉ်များကိုလည်းပဲ စနစ်တကျတာဝန်ရှိတဲ့ သူအဆင့်ဆင့်နဲ့ တာဝန် ရှိတဲ့အဖွဲ့အစည်းများက ကြပ်မတ်ဆောင်ရွက်သွားမယ်ဆိုရင် အလားတူဖြစ်စဉ်မျိုး ကျွန်တော်တို့

လျော့နည်းမှာဖြစ်ပါတယ်။ မကြုံတွေ့နိုင်မှာဖြစ်တဲ့အတွက် ဒီကိစ္စလေးကို တာဝန်ရှိတဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ရော၊ ပြည်နယ်အစိုးရအဖွဲ့ရော၊ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်အဆင့်ဆင့်က အလေးအနက်ထား ဆောင်ရွက်ထားသင့်ပါကြောင်း ဆွေးနွေးရင်း ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ အောင်တံခွန်(၃) နှစ်ထပ်သင်္ဘောနစ်မြုပ်ခြင်းနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာန ဒုတိယဝန်ကြီး လာရောက်ရှင်းလင်းပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒီပေါ်မူတည်ပြီးတော့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ အထူးသဖြင့်တော့ ရခိုင်တိုင်းရင်းသားများ ဝိုင်းဝန်းဆွေးနွေးပေးခဲ့တဲ့အတွက်လည်း ပိုပြီးတော့နားလည်ခွင့်ရပါတယ်။ ဆွေးနွေးတဲ့နေရာမှာ တစ်ချို့နှလုံးသားနဲ့ပါ။ တချို့နှစ်လုံးသားရော၊ ဦးနှောက်ရော ဆွေးနွေးပေးတာလည်း ရှိပါတယ်။ ဒီနေရာမှာ Captain သာစိန်ခေါ် ပုဂ္ဂိုလ်ကလည်း သင်္ဘော Captain တစ်ယောက် ဖြစ်ခဲ့သလို။ သင်္ဘောတစ်စီးထွက်ခွာဖို့ဆိုရင်ဆောင်ရွက်ရမည့် ပြည့်စုံမှုတွေ၊ လိုအပ်ချက်တွေ ပြည့်ပြည့်စုံစုံပြောသွားတာရှိပါတယ်။ အဲဒီနည်းတူပဲ နှလုံးသားနဲ့ ဆွေးနွေးသွားတဲ့ ဟာတွေအားလုံး ကြားရမှာပါ။ အဲဒီနည်းတူပဲနှလုံးသားနဲ့ဦးနှောက်ပေါင်းစပ်ပြီးဆွေးနွေးသွားတဲ့ ဦးဘရှိန်။ ဒါလည်းခုနက ဦးသိန်းဆွေဆွေးနွေးသလိုပါပဲ။ ဟုတ်တယ်ရေယာဉ်တွေက နှစ်ပေါင်း ၂၀ ကျော်လောက်ရှိနေပြီ။ မကောင်းတော့ဘူး။ မကောင်းတော့တဲ့အတွက် ဒီဟာတွေကိုမသုံးတော့ဘူး။ ရပ်ဆိုင်းလိုက်မယ်ဆိုရင် ဒေသမှာရှိတဲ့ ပြည်သူတွေလည်း အများကြီးအခက်အခဲရှိတယ်။ ဒါကြောင့်မို့လို့ အဲဒီကိစ္စမျိုးကို ပြန်စဉ်းစားပြီးတဲ့အခါမှာ ဒီရေယာဉ်တွေကို ကြံ့ခိုင်အောင်ပေါ့လေ။ သင်္ဘောသားစကားနဲ့ပြောမယ်ဆိုရင်တော့ Sea Weathiness ဖြစ်အောင် ဒီလိုလုပ်ပြီးတဲ့အခါမှာ ဥပဒေနဲ့စည်းမျဉ်းစည်းကမ်းတွေ အားလုံးလိုက်ပါဆောင်ရွက်မယ်ဆိုရင် လက်ရှိလည်း ဒေသမှာရှိတဲ့ပြည်သူတွေ အဆင်ပြေနိုင်တယ်။ ထို့နည်းတူစွာပဲ နောင်ကျလို့ရှိရင် ကျွန်တော်တို့နိုင်ငံတော်ဘတ်ဂျက်ငွေ ရှိလာတဲ့အခါမှာ သို့မဟုတ်ရင် သီးခြားစဉ်းစားပြီးတော့ ဆောင်ရွက်မယ်ဆိုရင်တောင် ခုနကတင်ပြသလို ရေယာဉ်တွေက အခုဝယ် အခုမရပါဘူး။ ကြိုတင်ပြီးမှာရတာပါ။ ကြိုတင်ပြီးဆောင်ရွက်ရတာပါ။ ဒါကြောင့်မို့လို့ ဒီလိုပေါ့ နှလုံးသားနဲ့ရော တစ်ဖက်က ဦးနှောက်နဲ့ရောဆွေးနွေးလိုက်တဲ့အတွက် ပြီးခဲ့တဲ့အောင်တံခွန်နစ်မြုပ်ခြင်းကြောင့် အင်မတန်မှတန်ကြေးရှိတဲ့ အသက်တွေဆုံးရှုံးသွားခဲ့ပြီ။ ဒီလိုဆုံးရှုံးမှုဖြစ်ရတာ ဘာကြောင့် အကြောင်းရင်း ဖော်ထုတ်နေတဲ့ ဒီလိုအချိန်အခါမျိုးမှာ ခုနကပြောသလိုပေါ့။ ဒီလိုအချိန်မျိုးမှာ အားလုံးတိတိကျကျမှန်မှန်ကန်ကန် ကိန်းဂဏန်းအချက်အလက်တွေ၊ သတင်းအချက် အလက်တွေရဖို့

**မူကြမ်း**

လိုပါတယ်။ ကျွန်တော်တို့ နားမလည်ဘူး။ ဆွေးနွေးသွားတဲ့အခါမှာ ဒီကာလဟာ ရာသီဥတုကြောင့် ကမ်းခြေနီးအောင်ကပ်သွားတယ်ဆိုတဲ့ဟာလည်း မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူးဆိုတာ ဒေသမှာနေတဲ့ ပုဂ္ဂိုလ်များရဲ့အတွေ့အကြုံကြောင့် ပြောတဲ့အတွက် ဒီလိုပြောနေတာကို ရခိုင်ပြည်သူတွေမကျေနပ်ဘူး။ အဲဒီမကျေနပ်ချက်ကို ကျွန်တော်တို့ အရင်မသိဘူး။ ဒီနေ့ဆွေးနွေးလိုက်တဲ့အခါမှသိတယ်။ ပြောမယ်ဆိုရင် လိမ်ညာပြောဆိုမှုတွေ၊ မမှန်မကန်မှုတွေပြောဆိုရင် ပြည်သူတွေ မကြိုက်ဘူး။ ရခိုင်တိုင်းရင်းသားမှမဟုတ်ဘူး။ ဘယ်တိုင်းရင်းသားပဲဖြစ်ဖြစ်၊ ဘယ်လူမျိုးပဲဖြစ်ဖြစ် လိမ်ညာပြောဆိုနေတဲ့ဟာကို ဘယ်သူမှမကြိုက်ဘူး။ အဖြစ်မှန်ဖော်ထုတ်တဲ့နေရာမှာ အဖြစ်မှန်ကို ရရှိသွားအောင် ဆောင်ရွက်သွားဖို့ဆိုတဲ့ဟာလည်း ဒီနေ့ဆွေးနွေးတဲ့နေရာမှာ ရရှိတဲ့သင်ခန်းစာပဲ ဖြစ်ပါတယ်။ ဒါကြောင့်ဘယ်လိုပဲဖြစ်ဖြစ် ပြီးတာတွေပြီးသွားပြီ။ သေတာတွေသေသွားပြီ။ အင်မတန်မှ တန်ဖိုးရှိတဲ့ အသက်တွေဆုံးရှုံးသွားပြီ။ ဒီတော့ ကျွန်တော်တို့ ဘာလုပ်လဲ။ အပြစ်တွေပြော၊ အပြစ်တွေမြင်မယ့် အစား သင်ခန်းစာတွေယူပြီးတဲ့အခါမှာ ထွက်ပေါ်လာတဲ့သင်ခန်းစာပေါ် မူတည်ပြီးတော့ ရှေ့ကောင်းအောင် ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ။ လုပ်တဲ့နေရာမှာ တာဝန်ရှိတဲ့ လူအပိုင်းတွေရှိပါတယ်။ တာဝန်ရှိတဲ့လူတွေက တာဝန်ယူရမယ်။ တာဝန်ခံပြီးတော့ ဆောင်ရွက်ရမယ်။ အဲဒီအတိုင်းပဲ တာဝန်ရှိတဲ့သူတွေ ဆောင်ရွက်တဲ့နေရာမှာလည်း ပါဝင်ပတ်သက်တဲ့သူများ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် ကျွန်တော်တို့ လိုက်ပါစီးနင်းကြမယ့် ခရီးသည်များဟာလည်း သူတို့ဘက်ကလည်း စည်းကမ်းတကျ ဆောင်ရွက်ဖို့။ ဒီနေရာမှာ ဆက်စပ်ပြီးတော့ ကိုယ်စားလှယ်တစ်ဦးဆွေးနွေးသွားပါတယ်။ ဒါဘာလည်းဆိုရင် သင်္ဘောသားဝန်ထမ်းများရတဲ့လစာ ငွေကြေးဟာ သူတို့တွေ မလုံလောက်တဲ့အတွက် မလုပ်သင့်သော၊ မလုပ်အပ်သောကိစ္စများ ဒါမလုပ်ချင်ဘဲနဲ့ လုပ်နေရတယ်ဆိုတာလည်း အမှန်ပဲဖြစ်ပါတယ်။ ဒီနေ့လုပ်ရတဲ့လုပ်ငန်းတာဝန်နဲ့ ရရှိတဲ့လစာငွေ၊ ချီးမြှင့်ငွေ မျှတမှုမရှိတဲ့အတွက် ပြောမယ်ဆိုရင်တော့ သင်္ဘောသားတွေတင် မဟုတ်ပါဘူး။ ကျန်တဲ့ နေရာတွေမှာလည်း ဒီလိုပဲရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်ပြခဲ့တဲ့ ဝန်ထမ်းများ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာနဲ့ နေနိုင်တဲ့လစာများ ချီးမြှင့်ပေးခြင်းဟာ ဒီနေ့ကျွန်တော်တို့ လိုချင်တဲ့ ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေးအတွက် ရှေးရှုပြီးဆောင်ရွက်တာဖြစ်တဲ့အတွက် လစာတိုးပေးပါလို့ပြောတာဟာ ငွေရရုံသက်သက်မဟုတ်ဘဲနဲ့၊ လစာရရုံမဟုတ်ဘဲနဲ့ ကျွန်တော်တို့နိုင်ငံ ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်ဖို့အတွက် များစွာအထောက်အကူဖြစ်တယ်။ ဒီလိုစေတနာထားဆောင်ရွက်ပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်

များကိုလည်း ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီတစ်ပတ်တော့ ပြည်ထောင်စုအစိုးရက ကျွန်တော်တို့ ဝန်ထမ်းများအတွက် လစာစရိတ်များကို ချီးမြှင့်ပေးမယ်ဆိုတဲ့ဟာလည်း ကြားသိရခြင်း ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် လုပ်ငန်းတစ်ခုလုပ်တဲ့နေရာမှာ ဆက်စပ်မှုတွေ၊ အကျိုးဝင်မှုတွေ အများ ကြီးရှိပါတယ်။ တကယ်တမ်းကျတော့ အခု ဒီလိုအများစုသေဆုံးသွားတော့မှသာ ဒီကိစ္စကြီးကို ကျွန်တော်တို့ သိရတာဖြစ်ပေမယ့် တကယ်တမ်းကျတဲ့အခါကျတော့ ဒီလိုဖြစ်နေတာကြာပြီ။ သို့ရာတွင် ကျွန်တော်တို့ဖက်က လွှတ်တော်ကိုယ်စားလှယ်များသိပေမယ့် တင်ပြရင် ကောင်းမှကောင်းပါ့မလား။ ကြိုက်မှကြိုက်ပါ့မလား။ ဆိုတဲ့အချိန်တွေရွေးနေခဲ့တဲ့အချိန်မှာ ဒီနေ့ကျတော့၊ လူပေါင်းများစွာ သေဆုံး လာတဲ့အချိန်ကျတော့ မပြောလို့မဖြစ်တော့ဘူး မဆွေးနွေးလို့ မဖြစ်တော့ဘူး။ အဲဒီအတွက် ဦးဖေသန်း ကလည်း ကျွန်တော့်ဆီကို အရေးကြီးအဆိုတင်လာပါတယ်။ တင်လာတဲ့အခါမှာ ဒီလုပ်ငန်းတွေကို အစိုးရအနေနဲ့ စုံစမ်းစစ်ဆေးမှုတွေပြုသလို၊ တစ်ဖက်ကလည်း ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်နေပြီ ဖြစ်တဲ့အတွက် အဆိုတစ်ရပ်အနေနဲ့ လောလောဆယ်တင်ဖို့မသင့်သေးဘူး။ သို့ရာတွင် အစိုးရအနေနဲ့ ဘာတွေဆောင်ရွက်နေလဲဆိုတာတော့ လွှတ်တော်မှာ လာရှင်းပြ။ ရှင်းပြခြင်းအားဖြင့် လွှတ်တော် ကိုယ်စားလှယ်များတင်မကဘဲနဲ့ မြန်မာပြည်သူအားလုံး၊ ရခိုင်တိုင်းရင်းသားအားလုံး သိရှိသွားမှာဖြစ် ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆောင်ရွက်ချက်ပေါ်မူတည်ပြီးတော့ ဒီနေ့ အဆိုတင်တာထက်ပိုပြီးတော့ အားလုံးဝိုင်းဝန်းဆွေးနွေး လိုက်တဲ့အတွက် ကျွန်တော်တို့အတွက် များစွာသော သင်ခန်းစာတွေရပါ တယ်။ အဲဒီသင်ခန်းစာတွေကို သေချာသုံးသပ်ပြီးတဲ့အခါမှာ ရှေ့သွားမယ့်ခရီးမှာ ကျွန်တော်တို့ နိုင်ငံတော်အတွက်၊ ကျွန်တော်တို့ နိုင်ငံသားတွေအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးနိုင်မယ် လို့လည်း ထင်ပါတယ်။ ခုနက ကျွန်တော်တို့ ဒုတိယပိုင်းဝင်လာတဲ့အချိန်မှာ ဒုတိယဝန်ကြီးမရှိတဲ့ အတွက် ကျွန်တော်တို့ ဆက်ဆွေးနွေးနေတယ်။ လာပါဆိုတာ အပြေးလာတဲ့အတွက်လည်း ဒီပို့ဆောင် ရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ အစပိုင်းမှာလည်း ပြောပြီးပါပြီ။ ဘာပဲဖြစ်ဖြစ် ပြီးတာ တော့ပြီးပြီ။ ဒါနဲ့ပတ်သက်လို့ တာဝန်မကျေခဲ့ဘူးဆိုရင်လည်း ဒါပြောရင်ခံရမှာပဲ။ အပြစ်တင်လဲ ပြောရင်ခံရမှာပဲ။ ဒါပေမယ့် ဒီဟာတွေက ဒီကိစ္စကြီးပေါ်လာမှ ဖြစ်ပေါ်လာတဲ့ကိစ္စ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုဝိုင်းဝန်းဆွေးနွေးလိုက်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ဒီအပေါ် သင်ခန်းစာယူ ပြီးတော့ ဆက်လက်ဆောင်ရွက်ပေးပါ။ အမှန်အတိုင်းပြောမယ်ဆိုရင် ဖြစ်ပြီးနောက်ပိုင်းမှာ ဆောင်ရွက် တဲ့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေဟာ ခါတိုင်းခါတိုင်း ဖြစ်စဉ်များနဲ့မတူပါဘူး။ ချက်ချင်းပဲဝန်ကြီး ရော၊ ဒုတိယဝန်ကြီးရောသွားတယ်၊ ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်တယ်။ ကူညီထောက်ပံ့ရေး

လုပ်ငန်းတွေ လုပ်တယ်။ ပြီးတဲ့အခါမှာ စစ်ဆေးရေးလုပ်ငန်းတွေ လုပ်တယ်။ ဒီအတွက်လည်း တစ်ဖက်ကတော့ ဒါကိုဝန်ကြီးဌာနကို အသိအမှတ်ပြုရမှာ။ ဘာပဲဖြစ်ဖြစ် အစိုးရကိုလည်း ဒါအသိအမှတ်ပြုရမှာပါ။ အစိုးရလက်ပိုက်မကြည့်နေဘူး။ သို့သော် အရင်ကပါလာတဲ့ အကြွေးကတော့ ပါလာတာပေါ့။ ကောင်းမွေ၊ ဆိုးမွေပေါ့။ အဲဒီအတွက်လည်း ပြောရင်ခံရမှာပဲ။ ပြောရင်ခံရမယ်ဆိုတာထက် အရေးကြီးတာက ပြောတယ်၊ သုံးသပ်တယ်၊ ပြုပြင်တယ်၊ ပြုပြင်ဆောင်ရွက်ဖို့က အရေးကြီးပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် နိဂုံးချုပ်ပါမယ်။ ဒီအောင်တံခွန်အမှတ်(၃) နှစ်ထပ်သင်္ဘော နစ်မြုပ်ရခြင်းကို အကြောင်းပြုပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အတွင်းမှာ ဒီလိုဆွေးနွေးတဲ့အတွက်၊ ဆွေးနွေးခွင့်ရတဲ့အတွက် ရခိုင်တိုင်းရင်းသားများအပါအဝင် ကျွန်တော်တို့နိုင်ငံအတွင်းမှာ ဤကဲ့သို့ ဖြစ်ပေါ်လာမယ့်ကိစ္စများကို ကြိုတင်တားဆီးကာကွယ်နိုင်ဖို့အတွက် အခွင့်အလမ်းတစ်ခုရပါတယ်။ ခုနက ကျွန်တော် ဦးသိန်းဆွေ ဆွေးနွေးလိုက်တဲ့အခါမှာ ပိုသဘောပေါက်သွားပါတယ်။ ဒါဘာလဲဆိုရင် ရခိုင်တိုင်းရင်းသားများ ဆုံးရှုံးတာတင်မဟုတ်ဘူး။ ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသားများ ဆုံးရှုံးတာဖြစ်တယ်ဆိုတဲ့အချက်ရယ်။ ဒီလို ရေယာဉ်တွေဟာ ခုနကပြောတဲ့ နောင်တော်ကမ်းဝလိုပဲ။ ဧရာဝတီတိုင်းမှာဆိုရင် ဟိုင်းကြီးကျွန်းအဝဟာ နောက်တစ်ခါ အခြားအခြား နေရာတွေရှိပါတယ်။ တော်တော်ကို ကျယ်ပါတယ်။ အဲဒီဒေသတွေမှာ နှစ်ပေါင်း ၂၀ မဟုတ်ဘူး။ နှစ်ပေါင်း ၅၀၊ ၆၀ က ရေယာဉ်တွေ သွားနေတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့တင်ပြဆွေးနွေးချက်တွေဟာ ရခိုင်တိုင်းရင်းသားများအတွက်သာမဟုတ်ဘဲနဲ့။ မြန်မာနိုင်ငံမှာနေထိုင်ကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားများအတွက် ဝိုင်းဝန်းစဉ်းစားဆောင်ရွက်ပေးမယ်ဆိုရင် များစွာအကျိုးရှိမှာ ဖြစ်ပါတယ်။

ဒါကြောင့် ထပ်ပြီးတော့ ကျွန်တော်တင်ပြချင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီအဆိုကိုတင်လာတဲ့ပုဂ္ဂိုလ်ရော၊ ဒီအဆိုကြောင့်ဖြစ်ပေါ်လာတဲ့အကျိုးဆက်တွေရော ဒီနေ့လွှတ်တော်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလိုက်တဲ့အတွက် ကျွန်တော်တို့အတွက် များစွာသော သင်ခန်းစာတွေရ၊ ပြုပြင်စရာတွေရှိလာတဲ့အတွက် ဒီဟာတွေကို လက်တွေ့ကျကျဆောင်ရွက်ပေးခြင်းအားဖြင့် ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတင်မကဘဲနဲ့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆောင်ရွက်ပေးကြတဲ့ ပါဝင်သူအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။

ဥက္ကဋ္ဌ။ ။ ဒါကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆွေးနွေးလို့ပြီးပါပြီ။ အခု ဟာတွေ မှတ်သားပြီးတဲ့အခါမှာ ဝန်ကြီးရော၊ အစိုးရဌာနရော တင်ပြပြီးတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မှန်ကန်တဲ့ အပြုသဘောလိုလားချက်များ အားလုံးဆောင်ရွက်ပါလို့ လည်း ပြောချင်ပါတယ်။ ထွက်ခွာလို့ရပါပြီ။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူး ထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီးအစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြား ခြင်းဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ဖြစ်သော ၂၃-၂-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်း များဆောင်ရွက်ပါ့မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများ နှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်များအတိုင်း အတည်ပြုနိုင်ရေး တင်ပြ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ နိုင်ငံသားများ၏ မူလ အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်နှင့် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်တို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့သဘောထားရယူ၍ အဆုံးအဖြတ်အတည်ပြု သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၆၆ ချက်ကို တင်သွင်းဖို့ဖြစ်ပါ တယ်။

**မူကြမ်း**

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာတဲ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ဖြစ်သည့် ၂၃-၂-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၂၇-၂-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးရန် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာခဲ့ပါတယ်။ ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)၊ ဒေါ်လှဲ့လှဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)၊ ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)၊ ဒေါက်တာဒေါ်သန်းငွေ(ကလောမဲဆန္ဒနယ်)၊ ဦးမန်းဂျော်နီ(မြောင်းမြမဲဆန္ဒနယ်)၊ ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)၊ ဦးအောင်ဇင် (ပုဇွန်တောင်မဲဆန္ဒနယ်)၊ ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)၊ ဦးဖုံးတိန့်(ချီဖွေမဲဆန္ဒနယ်)၊ ဦးဖြိုးဇေယျာသော်(ပုဗ္ဗသီရိမဲဆန္ဒနယ်)၊ ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)၊ ဦးသောင်းဟန် (ယင်းမာပင်မဲဆန္ဒနယ်)၊ ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)၊ ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)၊ ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)တို့ဖြစ်ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၃-၂၀၁၅ ရက်နေ့၊ ၁၁-၃-၂၀၁၅ ရက်နေ့၊ ၁၆-၃-၂၀၁၅ ရက်နေ့နှင့် ၁၇-၃-၂၀၁၅ ရက်နေ့တို့တွင် ဆွေးနွေးမှုများပြုလုပ်နိုင်ရန် ပြင်ဆင်အဆိုပြုထားသည့် တင်သွင်းထားသော အထက်ဖော်ပြပါ ကိုယ်စားလှယ်များနဲ့ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အားကစားယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ

အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပပြုလုပ်ခဲ့ပါတယ်။ ညှိနှိုင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၆၆ ချက်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အမှတ်စဉ် ၁ စာမျက်နှာ ၁ အမှတ်စဉ် ၁ မှ အမှတ်စဉ် ၄ ဥပဒေခေါင်းစီး အခန်း(၁) ခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် ၂ စာမျက်နှာ ၂ နှင့် ၃ အမှတ်စဉ် ၅ နှင့် အမှတ်စဉ် ၆ အခန်း(၂)တစ်ခန်းလုံးပယ်ဖျက်ခြင်း အခန်း(၂)ခေါင်းစဉ်၊ အမှတ်စဉ် ၃ စာမျက်နှာ ၄ အမှတ်စဉ် ၁၁၊ အမှတ်စဉ် ၁၃ နှင့် အမှတ်စဉ် ၁၄ အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အမှတ်စဉ် ၄ စာမျက်နှာ ၅ အမှတ်စဉ် ၁၅ မှ အမှတ်စဉ် ၂၀ အပိုဒ် ၉ နှင့် အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၉ အပိုဒ်ခွဲ(ခ) အပိုဒ် ၁၀၊ အမှတ်စဉ် ၅ စာမျက်နှာ ၆ အမှတ်စဉ် ၂၂ မှ အမှတ်စဉ် ၂၇ အပိုဒ် ၁၁၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ (က)နှင့် အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၄၊ အမှတ်စဉ် ၆ စာမျက်နှာ ၇ အမှတ်စဉ် ၂၈ မှ အမှတ်စဉ် ၃၁ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အခန်း(၄)ခေါင်းစဉ်၊ အမှတ်စဉ် ၇ စာမျက်နှာ ၈ အမှတ်စဉ် ၃၂ မှ အမှတ်စဉ် ၃၇ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)၊ အမှတ်စဉ် ၈ စာမျက်နှာ ၉ အမှတ်စဉ် ၄၀ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၉ အပိုဒ်ခွဲ(ဇ)၊ အမှတ်စဉ် ၉ စာမျက်နှာ ၁၀ အမှတ်စဉ် ၄၁ မှ အမှတ်စဉ် ၄၃ နှင့် အမှတ်စဉ် ၄၅ မှ အမှတ်စဉ် ၄၇ အပိုဒ် ၂၀ နှင့် အပိုဒ် ၂၀ ၏ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)။ အခန်း(၅)ခေါင်းစဉ် အပိုဒ် ၂၁ နှင့် အပိုဒ် ၂၁ ၏ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် ၁၀ စာမျက်နှာ ၁၁ အမှတ်စဉ် ၄၈ မှ အမှတ်စဉ် ၅၂ အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က)နှင့် အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)၏ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ)၊ အမှတ်စဉ် ၁၁ စာမျက်နှာ ၁၂ အမှတ်စဉ် ၅၃၊ အမှတ်စဉ် ၅၅ နှင့် အမှတ်စဉ် ၅၇ အပိုဒ် ၂၂ အပိုဒ်ခွဲ(စ)၊ အခန်း(၇)ခေါင်းစဉ်၊ အခန်း(၈)ခေါင်းစဉ်၊ အမှတ်စဉ် ၁၂ စာမျက်နှာ ၁၃ အမှတ်စဉ် ၅၈ မှ အမှတ်စဉ် ၆၁ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် ၁၃ စာမျက်နှာ ၁၄ အမှတ်စဉ် ၆၃ နှင့် အမှတ်စဉ် ၆၅ အပိုဒ် ၂၈၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အမှတ်စဉ် ၁၄ စာမျက်နှာ ၁၅ အမှတ်စဉ် ၆၇၊ အမှတ်စဉ် ၆၈ နှင့် အမှတ်စဉ် ၇၀ မှ အမှတ်စဉ် ၇၂ အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)နှင့် အပိုဒ်ခွဲငယ်(၄) အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ စာမျက်နှာ ၁၆ အမှတ်စဉ် ၇၃၊ အမှတ်စဉ် ၇၄ နှင့် အမှတ်စဉ်

၇၆ အခန်း(၉)ခေါင်းစဉ်၊ အပိုဒ် ၃၂ နှင့် အပိုဒ် ၃၄ စာမျက်နှာ ၁၇ အမှတ်စဉ် ၇၈ မှ ၈၁ အပိုဒ် ၄၁ ကို ပယ်ဖျက်ခြင်း အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၈။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်တင်ပြချက်ဖြစ်သည့် ၆၆ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၆၆ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၆၆ ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယားအတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ အမှတ်စဉ် ၇ ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီနဲ့ မူလအဆိုပြုချက်အတိုင်းဖြစ်သည့် စာမျက်နှာ ၃ အပိုဒ် ၉ အပိုဒ်ခွဲ(ခ) သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့အရ မဟုတ်ဘဲ မိမိတို့၏ လွတ်လပ်သောဆန္ဒအရ ထိမ်းမြားရန် သဘောတူညီခြင်းဖြစ်ရမည်ဟု ဆိုသည့်မူလအဆိုပြုချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိမိတို့၏ လွတ်လပ်သောဆန္ဒအရ ထိမ်းမြားရန် သဘောတူညီခြင်းဖြစ်ရမည် ဆိုတာက အခု ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြချက်က ပြန်တင်ပြပေးပါ။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၃ အပိုဒ် ၉ အပိုဒ်ခွဲ(ခ) မူလအဆိုပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီအနေနဲ့ အဆိုပြုတင်ပြခြင်းဖြစ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မူလအဆိုပြုချက်ဆိုတဲ့အတွက် အပိုဒ်ခွဲ(ခ) သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း ဒါကိုဆိုပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဟုတ်ကဲ့ခင်ဗျ။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။ ဒီနေရာမှာ ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)က အဆိုပြုတင်ပြထားတာရှိပါတယ်။ ဒေါက်တာဇော်မြင့်မောင် အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တစ်တွေဟာ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများကို ကာကွယ်ပေးဖို့ဆန္ဒလည်းရှိပါတယ်။ ကာကွယ်ပေးဖို့လည်း တာဝန်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော် ဘာလို့ အဆိုပြုချက်တင်သွင်းရလဲ ဆိုရင် ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်ချက်နှင့် ၁၆-၃-၂၀၁၅ ရက်နေ့မှာ ကျွန်တော်တို့တစ်တွေ ဥပဒေပြုတဲ့အခါမှာ ကျွန်တော်တို့တစ်တွေ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲနဲ့ တိုင်းရင်းသားစည်လုံးညီညွတ်ရေးကိုပဲ ရှေးရှုပြီးတော့ အကောင်းဆုံးဖြစ်အောင် ပြုစုပြဋ္ဌာန်းပေးပါဆိုတဲ့အတွက် အဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေ နားလည်ရတာက ဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့တစ်တွေသည် ဥပဒေတစ်ခုကို ပြဋ္ဌာန်းတဲ့အခါမှာ ကျွန်တော်တို့ ဓလေ့ထုံးတမ်းဥပဒေကိုလည်း ကြည့်ရပါတယ်။ နိုင်ငံတကာက ပြဋ္ဌာန်းထားတဲ့ စာချုပ်များ၊ Convention များကိုလည်းကြည့်ရပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးကြေညာစာတမ်းကိုလည်း ကြည့်ပြီးမှ ဥပဒေတစ်ခုကို အကောင်းဆုံးဖြစ်အောင် ပြုစုရမယ်ဆိုတဲ့ Capacity Building မှာ မှတ်သားခဲ့ရဖူးပါတယ်။ ဒါ့အပြင် လူထုရဲ့အကြံဉာဏ်ကိုလည်း ယူရမယ်လို့ သင်ကြားပို့ချခဲ့တဲ့ ဆရာတွေက ပြောကြားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အဆိုပြုချက်ကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်က ဘာကိုဖြတ်တောက်ပါသလဲဆိုလို့ ရှိရင် သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်

လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့ဆိုတဲ့ နာမဝိသေသနတွေကို ဖြုတ်ပစ်ခဲ့ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ၁၉၆၂ ခုနှစ်မှာ ကုလသမဂ္ဂက ဒီနိုင်ငံတကာအမျိုးသမီးများ ထိမ်းမြားခြင်းနှင့် ပတ်သက်ပြီးတော့ Convention တစ်ခုလုပ်ခဲ့ပါတယ်။ ဒီအမျိုးသမီးများအပေါ်မှာ ကြောင့်ကြတဲ့စိတ်နဲ့ ထိမ်းမြားတဲ့အခါမှာ အရွယ်မရောက်ခင် ထိမ်းမြားခြင်းမဖြစ်ရအောင် အမျိုးသမီးတွေနစ်နာမှုမရှိရအောင်ဆိုပြီးတော့ Convention လုပ်ခဲ့တဲ့အခါမှာ အချက်သုံးချက်ကို မူတည်ခဲ့ပါတယ်။ အဲဒါက ဘာလဲဆိုတော့ Consent of the marriage နှစ်ဖက်စလုံးက အမျိုးသမီးရော၊ အမျိုးသားရော သဘောတူရမယ်။ နောက် Minium age of marriage အငယ်ဆုံး၊ အနိမ့်ဆုံးအသက်အရွယ်က ဘာလဲဆိုတာကို သတ်မှတ်ပေးပါ။ နောက်တစ်ခုက Registration မှတ်ပုံတင်သလားဆိုတဲ့ သုံးချက်ပါ။ ၁၉၆၂ ခုနှစ်မှာ ကုလသမဂ္ဂက ဒီလိုပြဌာန်းနေတဲ့အချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံက မြန်မာအမျိုးသမီးများကို ကာကွယ်ပေးပြီးဖြစ်ပါတယ်။ အဲဒါက ၁၉၅၄ ခုနှစ်၊ မြန်မာအမျိုးသမီးများ အထူးထိမ်းမြားခြင်း အက်ဥပဒေနဲ့ အမွေဆက်ခံမှုအက်ဥပဒေ အဲဒီ ၁၉၅၄ ခုနှစ် အက်ဥပဒေဟာ ပြည့်စုံပါတယ်ဆိုပြီးတော့ ကျွန်တော်တို့ ဥပဒေပါမောက္ခ ဒေါက်တာတင်အောင်အေးနှင့် အငြိမ်းစားယူသွားတဲ့ ရှေ့နေချုပ်ကြီး ဦးချန်ထွန်းတို့ရဲ့ ပြောကြားချက်တွေ၊ ရေးသားချက်တွေကို ကျွန်တော် မှတ်သားခဲ့ဖူးပါတယ်။ ဒါကြောင့်မို့ ဒီအခုပြောတဲ့ နာမဝိသေသန ဖြားယောင်းခြင်း၊ သွေးဆောင်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ အနိုင်အထက်ပြုခြင်းဆိုတာတွေက မူလ ၁၉၅၄ ခုနှစ် အက်ဥပဒေမှာမပါပါဘူးခင်ဗျား။ ဒါကြောင့်မို့လည်း ဖြုတ်ချင်တာပါ။ ဒ့ါအပြင် ရာဇသတ်ကြီးပုဒ်မ ၃၆၂ မှာ သွေးဆောင်ခြင်းဆိုတဲ့ဟာကို အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒီသွေးဆောင်ခြင်းတို့ ဖြားယောင်းခြင်းတို့ဆိုတာ ဝေဝါးပါတယ်၊ မတိကျဘူး၊ ကျယ်ပြန့်တဲ့သဘောဆောင်ပါတယ်။ ဘယ်သူက ဆုံးဖြတ်မှာလဲ။ ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုမှာလဲ ဆိုတဲ့ဟာတွေကို မေးခွန်းထုတ်စရာရှိလာပါတယ်။ ဒါတွေအပေါ်မှာ ကျွန်တော်တို့ကြောင့်ကြပါတယ်။ အဲဒီတော့ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်းဆိုတာ ရာဇသတ်ကြီးပုဒ်မ ၃၆၂ မှာ ဘယ်လိုဆိုထားလဲ ဆိုလို့ရှိရင် မည်သူမဆို တစ်ဦးတစ်ယောက်သောသူက တစ်နေရာမှ သွားစေရန် အနိုင်အထက်ပြုခြင်း၊ အတင်းအဓမ္မပြုခြင်း သို့တည်းမဟုတ် လှည့်ဖြားသောနည်းဖြင့် သွေးဆောင်လျှင် ထိုသူသည် သွေးဆောင်ဆွဲခေါ်သည်မည်၏။ ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်နိုင်ပါတယ်ခင်ဗျာ။ ဒ့ါအပြင် ပုဒ်မ ၃၆၆ အရ အတင်းအဓမ္မထိမ်းမြားပေးနိုင်ရန်စသည်တို့အတွက် မိန်းမကိုခိုးယူမှု သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု သို့တည်းမဟုတ် သွေးဆောင်မှုပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၁၀ နှစ် အထိ ချပြီးသားဖြစ်ပါတယ်။ ဒါကြောင့် ရာဇသတ်ကြီးပုဒ်မမှာ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်တွေရှိပြီးဖြစ်တဲ့အတွက်

ကျွန်တော်တို့ ယနေ့ပြင်ဆင်မည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းမှာပါတဲ့ ပုဒ်မ ၉ ပုဒ်မခွဲ(ခ) လက်ရှိမှာဆိုရင် ပုဒ်မ ၄ ပုဒ်မခွဲ(ခ)မှာ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့ကို ဖြုတ်ထားပြီး ကျွန်တော်တင်ပြတဲ့ဟာကို ဥပဒေတင်သွင်းတဲ့အခါမှာ ထည့်သွင်းနိုင်ရန် အဆိုပြုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ တာမွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သလို လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ဒီကနေ့ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့်ဝင်များအားလုံးနှင့် ဧည့်သည်တော်များအားလုံးကို ဂါရဝပြုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဒီဥပဒေကို ရေးဆွဲတဲ့နေရာမှာ အများကြီး ကျွန်မတို့ လေ့လာမှတ်သားပြီးတော့ အစည်းအဝေးတွေ အကြိမ်ကြိမ်လုပ်ပြီး ရေးဆွဲခဲ့ပါတယ်။ ယခု ကျွန်မရဲ့ ဆွေးနွေးတင်ပြချက်မှာ အပိုဒ် ၉ အပိုဒ်ခွဲ(ခ)ကို ကျွန်မတို့ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်က မူလရဲ့ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့ကို မလိုအပ်ဘဲနဲ့ မိမိတို့ရဲ့ လွတ်လပ်သော သဘောဆန္ဒအရ ထိမ်းမြားရန် သဘောတူပါတယ်လို့ အဆိုပြုပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ မိမိတို့ရဲ့ လွတ်လပ်သော ဆန္ဒအရဆိုရင် အမျိုးသမီးတစ်ဦးလက်ထပ်တဲ့အခါမှာ ၎င်းအမျိုးသမီးတစ်ဦးရဲ့နောက်ကွယ်မှာ ခြိမ်းခြောက်မှုတွေကြောင့်လား၊ သွေးဆောင်ဖြားယောင်းမှုတွေကြောင့်လား၊ ငွေကြေးကိုလျှို့ဝှက်စွာ ထောက်ပံ့မှုတွေကြောင့်လားဆိုတဲ့ နောက်ဆက်တွဲ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီသွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းဆိုတဲ့ စကားလုံးတွေဟာ ဥပဒေရဲ့အသက်သွေးကြော ဖြစ်ပါတယ်။ ၎င်းကို ဖယ်ရှားပစ်လိုက်မယ်ဆိုရင် ဥပဒေရဲ့အနှစ်သာရတွေဟာလည်း ပျောက်ပျက်သွားမှာဖြစ်ပါတယ်ရှင်။ ဒါကြောင့် မပယ်ဖျက်သင့်ပါဘူး။ အဲဒီအဆိုပြုပြင်ဆင်ချက်ကလည်း မူလအဆိုပြုပြင်ဆင်ချက်မှာ ပါပြီးသားလည်းဖြစ်ပါ

တယ်။ အဆိုပါအချက်များကို မဖော်ပြဘူးဆိုရင် ရှောင်တိမ်းနိုင်တဲ့ ဖြစ်ရပ်တွေဖြစ်လာမှာစိုး၍ ရှင်းရှင်းလင်းလင်းဖြစ်စေရန် ထည့်သွင်းထားရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ပယ်ဖျက်ရန် လုံးဝမသင့်လျော်ပါဘူးရှင်။

ဆက်လက်ပြီးတင်ပြရမယ်ဆိုရင် ထိမ်းမြားကြမယ့် ဇနီးမောင်နှံတွေအတွက်လည်း အထူးဥပဒေအရ မူလဥပဒေဟာ အသက်သွေးကြောဖြစ်သလို ဥပဒေထုံးတမ်းအစဉ်အလာနဲ့လည်း ညီညွတ်မျှတမှုရှိပါတယ်။ သာမန်ပြည်သူများနားလည်ရန် ပိုမိုပြည့်စုံစေရန်နှင့် ဥပဒေရဲ့ရည်ရွယ်ချက်များကို တိကျစွာ အကောင်အထည်ဖော်ပေးနိုင်ရန်အလို့ငှာ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြင်ဆင်ချက်အတိုင်း အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက်မှာ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့အရ မဟုတ်ဘဲ မိမိတို့၏ လွတ်လပ်သောဆန္ဒအရ ထိမ်းမြားရန် သဘောတူညီခြင်းဖြစ်ရမည်ဟူ၍ ပြင်ဆင်ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့အဆိုကို မူတည်ပြီးတော့ ထောက်ခံ၊ ကန့်ကွက်မှုများကို ဆက်လက်ဆောင်ရွက်ပါမယ်။ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ စက်ခလုတ်အသုံးပြုမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ထောက်ခံရင်ထောက်ခံတယ်/ကန့်ကွက်ရင်ကန့်ကွက်တယ်ဖြစ်တဲ့အတွက် ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံ ၂၇၅၊ ကန့်ကွက် ၃၉၊ ကြားနေ ၆ မဲ။ ထောက်ခံ ဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၈ ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၈ အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)ပါခင်ဗျာ။ မူလအဆိုပြုချက်ဖြစ်တဲ့ အသက် ၂၀ နှစ်မပြည့်သေးသည့်မိန်းမဖြစ်လျှင် မိဘ၏ သဘောတူညီချက်ကိုသော်လည်းကောင်း၊ မိဘသေဆုံးပါမူ အမှန်အုပ်ထိန်းသူ သို့တည်းမဟုတ် တရား

ဥပဒေအရ အုပ်ထိန်းသူရှိလျှင် ထိုအုပ်ထိန်းသူ၏ သဘောတူညီချက်ကိုသော်လည်းကောင်း ရရှိပြီး ဖြစ်ရမည်ဟူသော အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒေါက်တာဇော်မြင့်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီ ပုဒ်မ(၉) ပုဒ်မခွဲ(ဂ) အဆို သူတို့ ဥပဒေကြမ်းကော်မတီက အဆိုပြုပြဋ္ဌာန်းချက်အတိုင်း တင်ပြသွားပါတယ်။ ကျွန်တော်က ဒီ ပုဒ်မခွဲ(ဂ) အပိုဒ်ကို ပယ်ဖျက်ချင်ပါတယ်။ ပယ်ဖျက်ချင်ရတဲ့ အကြောင်းရင်းက ကျွန်တော်တို့ CEDAW ၁၆(၁)(က) အမျိုးသမီးများနှင့် အမျိုးသားများ ထိမ်းမြား လက်ထပ်ရာတွင် တူညီသောအခွင့်အရေးရှိရမည်ဆိုပြီးတော့ အမျိုးသမီးများကို ခွဲခြားဆက်ဆံတဲ့ စာချုပ် အပိုဒ် ၁၆(၁)(က)မှာ ပါပါတယ်။ ဒါ့အပြင် နိုင်ငံတကာလူ့အခွင့်အရေးစာတမ်းပါ အပိုဒ် ၁၆ အရ အသက်ပြည့်ပြီးသူ အမျိုးသားနှင့် အမျိုးသမီးများသည် လူမျိုး၊ တိုင်းရင်းသားဖြစ်မှု သို့မဟုတ် ကိုးကွယ်ယုံကြည်မှုကြောင့် ကန့်သတ်ခြင်းမရှိစေရဘဲ လက်ထပ်ထိမ်းမြားပိုင်ခွင့်နှင့် မိသားစုထူထောင် ခွင့်ရှိစေရမည်ဟု ဆိုထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေကို ကြည့်ဖို့သင့်ပါ တယ်။ အိမ်နီးနားချင်းနိုင်ငံတွေမှာလည်း မိမိတို့နှင့်သက်ဆိုင်တဲ့အမျိုးသမီးများကို အကာအကွယ်ပေး တဲ့ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေတွေရှိပါတယ်။ အဲဒီမှာ ကျွန်တော် နှစ်နိုင်ငံကို ပြောချင်ပါ တယ်။ အလွန်ကောင်းပါတယ်။ အဲဒါက လာအိုနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံပါ။ လာအိုနိုင်ငံက ဘာလုပ် တာလဲဆိုရင် အမျိုးသမီးတွေ အကာအကွယ်ပေးဖို့ The Law on Development and Production of Women ထိမ်းမြားခြင်းတောင် မဟုတ်ပါဘူး။ အမျိုးသမီးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှုတွေကိုလည်း မြှင့်တင်ပေးသလို အမျိုးသမီးတွေကို ကာကွယ်ပေးမယ်ဆိုတဲ့ ဥပဒေပြဋ္ဌာန်းထားပါတယ်။ အဲဒီဥပဒေထဲမှာ အမျိုးသမီးတွေ လက်ထပ်တဲ့အသက်အရွယ်ထည့် သွင်းထားပါတယ်။ Women who are in 18 years of age as above have the freedom to choose and particular with whom to built the family အသက် ၁၈ နှစ်ပြည့်ပြီဆိုလို့ရှိရင် သူ့ဟာသူ သူနဲ့ အိမ်ထောင်ဖက်ဖြစ်မယ့်သူကို ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။

ကမ္ဘောဒီးယားမှာဆိုလို့ရှိရင် အမျိုးသမီးများအတွက် Violence Against the Women အမျိုးသမီးတွေကို အကြမ်းမဖက်ရမယ့်ဥပဒေ ရေးဆွဲပြဋ္ဌာန်းထားပါတယ်။ အဲဒီထဲမှာလည်း

ဘာပါသလဲဆိုလို့ရှိရင် အမျိုးသမီးတွေ အသက်အရွယ် လက်ထပ်ဖို့၊ ယောကျ်ားလေးဆိုရင် အသက် ၂၀ ဖြစ်ရမယ်။ အမျိုးသမီးဆိုရင် အသက် ၁၈ နှစ်ပြည့်ရမယ်ဆိုပြီးတော့ လက်ထပ်ပိုင်ခွင့်ရှိတယ်လို့ ပြောထားပါတယ်။ အကယ်၍ ၁၈ နှစ်အောက်ဆိုလို့ရှိရင် မိဘ သို့မဟုတ် အုပ်ထိန်းသူရဲ့ သဘော တူညီချက် ယူရမယ်လို့ ပါပါတယ်။ မလေးရှားနိုင်ငံမှာ အသက် ၁၈ နှစ်ပြည့်ပြီးရင် လက်ထပ်ပိုင်ခွင့် ရှိပါတယ်။ ကျွန်တော်တို့ ထိုင်းနိုင်ငံမှာဆိုလို့ရှိရင် အသက် ၁၇ နှစ်ပြည့်ပြီးတာနဲ့ မည်သူ့ရဲ့ ခွင့်ပြုချက် ကိုမှမယူဘဲ လက်ထပ်ပိုင်ခွင့်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီအပိုဒ်ဟာ ဘာကြောင့်ပယ်ဖျက်ချင်သလဲဆိုရင် ကျွန်တော်တို့နိုင်ငံမှာ မြန်မာဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ ယောကျ်ားတွေထဲမှာ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေရှိနေပါ တယ်။ ကချင်၊ ကရင်၊ ချင်း သူတို့တစ်တွေဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေပါ။ သူတို့ရဲ့ ကိုးကွယ်မှု ဘာသာဟာ ဗုဒ္ဓဘာသာမဟုတ်ပါဘူး။ ကျွန်တော်တို့တစ်တွေဟာ ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေအပေါ်မှာ ဝန်ထုပ်ဝန်ပိုးဖြစ်သွားမှာကို စိုးပါတယ်။ ဒီလိုဝန်ထုတ် ဝန်ပိုးမဖြစ်ရအောင် ဥက္ကဋ္ဌကြီးလမ်းညွှန်ချက်နဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲ ရအောင်လည်း ကျွန်တော် ဒီ အသက် ၂၀ မပြည့်သေးရင် မိဘအုပ်ထိန်းသူရဲ့ခွင့်ပြုချက်ယူရမယ်ဆိုတဲ့ ဟာကို ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကပါ။ ကျွန်မ ဒီဥပဒေအပိုဒ် ၄ အပိုဒ်ခွဲ(ဂ)ကို အတည်ပြုဖို့ ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိတည်ဆဲဥပဒေများအရ မူလအဆိုပြုချက်အတိုင်းပဲ အတည်ပြုပေးဖို့ လိုအပ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ အသက် ၂၀ မပြည့်ရင် တရားရုံးက လက်ထပ်ခွင့်မပြုပါဘူး။ ဒါက ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ တရားဥပဒေအတိုင်းဖြစ်ပါတယ်။ ဒါကြောင့် အသက် ၂၀ အောက်အမျိုးသမီးများ မိဘရဲ့သဘောတူညီ ချက်မပါဘဲနဲ့ တည်ဆဲဥပဒေအရ တရားရုံးများမှာ လက်ထပ်ခွင့်မပြုပါဘူးရှင်။ အုပ်ထိန်းသူရဲ့ သဘော တူညီချက်ကလည်း လိုအပ်လှပါတယ်။ အဘယ်ကြောင့်ဆိုလို့ရှိရင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ အသက် ၂၀ ပြည့်မှသာလျှင် စဉ်းစားဆင်ခြင်နိုင်စွမ်းရှိတယ်လို့ သတ်မှတ်ပြီး လက်ထပ်ခွင့်ပြုပေးထား တာပါ။ အခြားနိုင်ငံတော်တော်များများကိုလည်း လေ့လာကြည့်တဲ့အခါမှာ လက်ထပ်ထိမ်းမြားခြင်းမှာ

အုပ်ထိန်းသူရဲ့ သဘောဆန္ဒအရ အုပ်ထိန်းသူဟာ အဓိကဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် အုပ်ထိန်းသူရဲ့ သဘောဆန္ဒယူပြီးမှ လက်ထပ်ထိမ်းမြားပေးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက် ဒါဟာ အရေးကြီးဆုံးအချက်ပဲ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မိန်းမများသည် ဇီဝကမ္မဗေဒအရ အရွယ်ရောက်သူ မတူညီတဲ့အတွက် ကျွန်မတို့ အကန့်အသတ်ထားရှိဖို့ အထူးပဲလိုအပ်လှပါတယ်။ ဤပြဋ္ဌာန်းချက်ဟာ အမျိုးသမီးများကို ခွဲခြားဆက်ဆံနေခြင်းမဟုတ်ဘဲ အရွယ်မရောက်သေးတဲ့အမျိုးသမီးတွေကို သွေးဆောင်ဖြားယောင်းခြင်းမခံရစေရေးအတွက် အကာအကွယ်ပေးပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပေးပါရန် လေးစားစွာ ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အသက် ၂၀ နှစ်မပြည့်သေးသည့် မိန်းမများဖြစ်လျှင် မိဘ၏ သဘောတူညီချက်ကိုသော်လည်းကောင်း၊ မိဘ သေဆုံးပါမူ အမှန်အုပ်ထိန်းသူ သို့တည်းမဟုတ် တရားဥပဒေအရ အုပ်ထိန်းသူရှိလျှင် ထိုအုပ်ထိန်းသူ၏ သဘောတူညီချက်ကိုသော်လည်းကောင်း ရရှိပြီးဖြစ်ရမည်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမဲ ၂၆၇ မဲ၊ ကန့်ကွက်မဲ ၄၁ မဲ၊ ကြားနေမဲ ၆ မဲ။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၉ ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်မှာ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ မှ အမှတ်စဉ် ၉ အခန်း(၃) အပိုဒ် ၉ မှာ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်။ အဆိုမှာ (ဃ) မိန်းမသည် မပြတ်စဲသော တရားဝင်လင်မယားမရှိစေရဟု ပြင်ဆင်တင်ပြချက်။ ပြန်လည်ပြင်ဆင်ဖတ်ကြားပါ့မယ်။ အခန်း(၃) အပိုဒ် ၉ အပိုဒ်ခွဲ(ဃ) မိန်းမသည် မပြတ်စဲသော တရားဝင်လင်ယောကျ်ားမရှိစေရဟု ပြင်ဆင်တင်ပြချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဇော်မြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ စာမျက်နှာ ၄ အမှတ်စဉ် ၉ အခန်း(၃)မှာ အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)နဲ့ အပိုဒ်ခွဲ(င)ဟာ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့အတွက် ကျွန်တော် နှစ်ခုစလုံးကို ခြုံပြီးပြောချင်ပါတယ် ခင်ဗျာ။ ဘာလို့လဲဆိုတော့ အပိုဒ်ခွဲ(င)ဟာလည်း ယောက်ျားသည် မပြတ်စဲသော တရားဝင်မိန်းမ မရှိစေရလို့ ပါထားတဲ့အတွက် တစ်ပြိုင်နက်တည်း ဆွေးနွေးလို့ဖြစ်မယ်ထင်ပါတယ်။ အဲဒီတော့ ကျွန်တော်က အပိုဒ်ခွဲ(ဃ)ရော၊ အပိုဒ်ခွဲ(င) ရော ပယ်ဖျက်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တစ်တွေ မကြာခင် တစ်လင်တစ်မယားစနစ်ပြဋ္ဌာန်းတော့မှာပါ။ တစ်လင်တစ်မယားစနစ် ပြဋ္ဌာန်းလိုက်လို့ရှိရင် ဒီအချက်ထည့်လို့မရပါဘူး။ ဒါ့အပြင် ကျွန်တော်တို့တစ်တွေက ရာဇသတ်ကြီး ပုဒ်မ ၄၉၄ ရှိပါတယ်ခင်ဗျ။ အဲဒီမှာ မည်သူမဆို လင် သို့မဟုတ် မယားရှိနေလို့ နောက်ထပ်ထိမ်းမြား ခြင်းပြုမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တရားစွဲဆိုလို့ရပါတယ်။ ထောင်ဒဏ်၊ ပြစ်ဒဏ်ပေးလို့ရပါတယ် ခင်ဗျ။ ဒါကြောင့် ရာဇသတ်ကြီးပုဒ်မမှာလည်း ရှိပြီးသားတစ်ခုကို ကျွန်တော်တို့ ဘာလို့ ဒီဥပဒေတွေ ထဲမှာထည့်မလဲ။ ဒါကို မထည့်စေချင်တဲ့အတွက် ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် ဒီအပိုဒ်ခွဲ (ဃ)နဲ့ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဝင်း(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုနက ကိုယ်စားလှယ်ကြီးက တစ်ဆက်တည်းဆွေးနွေးသွားပေမယ့် ကျွန်တော် နှစ်ပိုင်းခွဲပြီးဆွေးနွေးပါ့မယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာဗုဒ္ဓဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းအား ပြင်ဆင်ရန် တင်ပြချက်ကန့်လန့်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၉ အခန်း(၃) အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)ပါ ပြဋ္ဌာန်းချက် နဲ့ပတ်သက်ပြီး ကော်မတီရဲ့ကိုယ်စား ပြင်ဆင်ချက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ် ၉ အခန်း(၃) အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)တွင် မိန်းမသည် မပြတ်စဲသော တရားဝင်လင်ယောက်ျားမရှိစေရဟု အဆိုပြုပြဋ္ဌာန်းထားရှိ၍ ဥပဒေကြမ်းကော်မတီက အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ရန်တင်ပြ

ထားပြီး ကျောက်ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်က ပယ်ဖျက်ပေးရန် ပြင်ဆင်ချက်အဆို တင်သွင်းသွားခဲ့ပါတယ်။ ကျွန်တော့်အနေဖြင့် အပိုဒ် ၉ အပိုဒ်ခွဲ (ဃ)အား ပယ်ဖျက်ခြင်းမပြုသင့်ဘဲ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါကြောင်း တင်ပြလိုပါတယ်။ ဘာကြောင့် မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်တယ်ဆိုတဲ့ ကြောင်းကျိုးဖော်ပြချက်များကတော့ (၁)အချက် မိန်းမသည် မပြတ်စဲသော တရားဝင်လင်ယောကျ်ားမရှိစေရဆိုသည့် အဆိုပြုပြဋ္ဌာန်းချက်သည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ စသည့် နိုင်ငံများ၏ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေများနှင့်လည်းကောင်း ကိုက်ညီမှုရှိသည့်အပြင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမသည် မပြတ်စဲသော တရားဝင်ယောကျ်ားရှိသည်နှင့် နောက်ထပ်ယောကျ်ားထပ်ယူခြင်းမှာ ဘာသာရေးအရ မသင့်လျော်ခြင်း၊ (၂) အချက် မပြတ်စဲသော တရားဝင် လင်ယောကျ်ားရှိသည့်မိန်းမကို ထိမ်းမြားလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ မယားခိုးမှုမြောက်မည်ဖြစ်သည့်အပြင် မူလအဆိုပြုပြဋ္ဌာန်းချက်အား ပယ်ဖျက်လိုက်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ ကိုလည်း ပယ်ဖျက်ရမည့်သဘောသက်ရောက်နေခြင်း၊ (၃)အချက် မူလအဆိုပြုပြဋ္ဌာန်းချက်သည် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေနှင့် ဆက်စပ်မှုရှိနေသဖြင့် ပယ်ဖျက်ရန် မသင့်လျော်ခြင်း၊ (၄)အချက် မပြတ်စဲသော တရားဝင်လင်ယောကျ်ားရှိသည့်မိန်းမအား ထိမ်းမြားပါက မွေးဖွားလာမည့်ကလေး၏ ဖခင်မှာ မည်သူဖြစ်သနည်းဆိုသည့် ပြဿနာများ ပေါ်ပေါက်လာနိုင်ခြင်း၊ (၅)အချက် ဤဥပဒေသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေဖြစ်ခြင်းကြောင့် အဆိုပြုပြဋ္ဌာန်းချက်အား ပြည့်စုံအောင် ထည့်သွင်းထားရခြင်းဖြစ်ပါသည်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းရာတွင် ဥပဒေ၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် မပယ်ဖျက်သင့်ပါ။ (၆) အချက် ဤဥပဒေသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအား အကာအကွယ်ပေးသည့်ဥပဒေဖြစ်သဖြင့် ပယ်ဖျက်ရန်မသင့်ဘဲ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိသင့်ပါသည်။ ပယ်ဖျက်လိုက်မည်ဆိုပါက ဗုဒ္ဓတရားတော်နှင့်လည်း ကိုက်ညီမှုမရှိဘဲ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအနေဖြင့် ကံငါးပါးကို ဖောက်ဖျက်ကျူးလွန်ရာရောက်မည်ဖြစ်၍ ပယ်ဖျက်ရန်မသင့်ပါ။ သို့ဖြစ်ပါ၍ ဥပဒေကြမ်း၏ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၉ အခန်း(၃) အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)တွင် မိန်းမသည် မပြတ်စဲသော တရားဝင်လင်ယောကျ်ားမရှိစေရဟူသော ပြဋ္ဌာန်းချက်အား ပယ်ဖျက်ရန် မသင့်ဘဲ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အတိုင်း ထားရှိသင့်ပါကြောင်းအဆိုကို

ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

တစ်ဆက်တည်းမှာပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဥပဒေကြမ်းရဲ့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၁၀ အခန်း(၃) အပိုဒ် ၉ အပိုဒ်ခွဲ(င)ပါ ပြဋ္ဌာန်းချက်နဲ့ပတ်သက်ပြီး ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ကိုယ်စား ပြင်ဆင်ချက်တင်သွင်းသွားမှာဖြစ်ပါတယ်။ အမှတ်စဉ် ၁၀ အခန်း(၃) အပိုဒ် ၉ အပိုဒ်ခွဲ(င)တွင် ယောကျ်ားသည် မပြတ်စဲသော တရားဝင် မိန်းမမရှိစေရဟု အဆိုပြုပြဋ္ဌာန်းထားရှိ၍ ဥပဒေကြမ်းကော်မတီက အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ရန် တင်ပြထားပြီး ကျောက်ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်က ပယ်ဖျက်ပေးရန် ပြင်ဆင်ချက်အဆို တင်သွင်းသွားခဲ့ပါတယ်။ ကျွန်တော့်အနေဖြင့် အပိုဒ် ၉ အပိုဒ်ခွဲ(င)အား ပယ်ဖျက်ခြင်းမပြုသင့်ဘဲ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ကြောင်း အဆိုပြုတင်ပြလိုပါတယ်။ ဘာကြောင့် မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်တယ်ဆိုတဲ့ ကြောင်းကျိုးဖော်ပြချက်များကတော့ (၁) အချက် မိန်းမသည် မပြတ်စဲသော တရားဝင်လင် ယောကျ်ားမရှိစေရဟူသည့် ပြဋ္ဌာန်းချက်အားထားရှိပြီး ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမမရှိစေရဟူသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်မည်ဆိုပါက ကျား/မ ခွဲခြားဆက်ဆံရာရောက်မည်ဖြစ်သဖြင့် မပယ်ဖျက်သင့်ခြင်း၊ (၂)အချက် ဤပြဋ္ဌာန်းချက်သည် တစ်လင်တစ်မယားကျင့်သုံးခြင်းဆိုင်ရာ ဥပဒေနှင့်ဆက်နွယ်နေပါသဖြင့် မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ခြင်း၊ (၃) အချက် မလိုလားအပ်သော လူမှုရေးကိစ္စရပ်များ ပေါ်ပေါက်လာနိုင်သဖြင့် မပယ်ဖျက်သင့်ခြင်း၊ (၄) အချက် ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမရှိပါက အမွေဆက်ခံခြင်းနှင့် အငြင်းပွားမှုများ၊ ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ (၅) အချက် ဤဥပဒေပြဋ္ဌာန်းချက်သည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအား အကာအကွယ်ပေးသည့်ဥပဒေဖြစ်ပြီး ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားက မိန်းမအများအပြားကို လက်ထပ်ထိမ်းမြားခြင်းမပြုနိုင်ရန် တားမြစ်ထားသော ပြဋ္ဌာန်းချက်ဖြစ်သဖြင့် ပယ်ဖျက်ရန်မသင့်ပါ။ သို့ဖြစ်ပါ၍ ဥပဒေကြမ်း၏ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၁၀ အခန်း(၃) အပိုဒ် ၉ အပိုဒ်ခွဲ(င)တွင် ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမမရှိစေရဟူသော ပြဋ္ဌာန်းချက်အား ပယ်ဖျက်ရန်မသင့်ဘဲ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အတိုင်း ထားရှိပေးရန်အဆိုကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ အဆိုမှာ မိန်းမသည် မပြုတ်စဲသော တရားဝင်လင်ယောကျ်ားမရှိစေရ။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ထောက်ခံမဲ ၂၆၉ မဲ၊ ကန့်ကွက်မဲ ၄၂ မဲ၊ ကြားနေမဲ ၁ မဲ။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၁၀ အဆို တစ်ခါတည်းတင်ပြပါမယ်။ ယောကျ်ားသည် မပြုတ်စဲသေးသော တရားဝင်မိန်းမမရှိစေရ။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ထောက်ခံမဲ ၂၇၂ မဲ၊ ကန့်ကွက်မဲ ၄၀ မဲ၊ ကြားနေမဲ ၃ မဲ၊ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၉ အမှတ်စဉ် ၃၈ ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာဗုဒ္ဓဘာသာဝင်များ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၉ အမှတ်စဉ် ၃၈၊ အခန်း (၅) အပိုဒ် ၁၉ အပိုဒ်ခွဲ(စ)နဲ့ပတ်သက်ပြီး ဗုဒ္ဓဘာသာကို စော်ကားရန်အကြံဖြင့် မိန်းမကိုးကွယ်မှုပြုသောနေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း၊ ဖျက်ဆီးရန် သို့မဟုတ် ပျက်စီးနစ်နာစေရန် သို့မဟုတ် ယုတ်ညံ့စေရန် မပြုရဟူသော ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အတိုင်း လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးဖြိုးဇေယျာသော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော် (ပုဗ္ဗသီရိမဲဆန္ဒနယ်)** ။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော့်အနေနဲ့ ဒီစာမျက်နှာ ၉ အမှတ်စဉ် ၃၈ နဲ့ ၃၉ နှစ်ခုကို ကျွန်တော် ပြင်ဆင်ချက်တင်သွင်းထားတာ ဖြစ်ပေမယ့်လည်း အရှေ့ပိုင်းမှာပါတဲ့ ပုဒ်မတွေနဲ့ ကျွန်တော် တွဲဖက်ပြီးတော့ ဆွေးနွေးတော့မှ ပိုမိုအဓိပ္ပာယ်ပြည့်စုံမှာဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်တော့်ကို အချိန်အနည်းငယ်လေး ပေးစေလိုပါတယ်။ နောက်ပြီးကျတော့ အခုကျွန်တော် ပြင်ဆင်ချက်တင်သွင်းတဲ့ ပုဒ်မတွေကလည်း ရာဇသတ်ကြီးမှာပါတဲ့ ပုဒ်မအချို့တွေနဲ့ချိတ်ဆက်ပြီးတော့ ပတ်သက်နေတဲ့အတွက်ကြောင့်မို့လို့လည်း ကျွန်တော် အဲဒီဟာတွေကို နှိုင်းယှဉ်ပြီးတော့ ဆွေးနွေးချင်ပါတယ်ခင်ဗျ။ ရာဇသတ်ကြီးမှာဆိုလို့ရှိရင် အခန်း ၁၅ ဘာသာသာသနာဆိုင်ရာပြစ်မှုများဆိုတဲ့ အခန်းတစ်ခုရှိပါတယ်။ အဲဒီဟာမှာ ဒီဘာသာရေးနဲ့ပတ်သက်ပြီးသွားတော့ လူတန်းစားတစ်ခု၊ လူတန်းစားတစ်ရပ်ကိုးကွယ်တဲ့ဘာသာသာသနာကို ထိခိုက်လာမယ်၊ စော်ကားလာမယ်ဆိုရင် ဘယ်လိုမျိုးပုဒ်မတွေ ကျူးလွန်လာမယ်ဆိုရင် ဘယ်လိုပြစ် ဒဏ်ချမှတ်ရမယ်ဆိုတာ တိတိကျကျ ဖော်ပြထားပြီးသားပါ။ ဒီကျွန်တော် ပြင်ဆင်ချက်တင်သွင်းတဲ့ ၁၉ (စ)နဲ့(ဆ)မှာဆိုလို့ရှိရင်လည်း ဒီလိုပါပဲ။ ဘာသာတစ်ခုကို ဒါစော်ကားတယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ဘယ်လိုပုံစံမျိုးအရေးယူရမလဲဆိုတဲ့ကိစ္စရပ်တွေပါ။ အဲဒီတော့ ကျွန်တော်ပြောချင်တာကဘာလဲဆိုတော့ ဒီဥပဒေနဲ့ပတ်သက်ပြီးသွားလို့ရှိရင် ဒါသည်အထူးဥပဒေ၊ ဒါသည် Special Law ဆိုပြီးတော့ ပြောပါတယ်။ ဟုတ်ပါတယ်။ ရာဇသတ်ကြီးထဲမှာလည်း အဓိပ္ပာယ်ဖွင့်ဆိုထားတာရှိပါတယ်။ ဒီပုဒ်မ ၄၁ အထူးဥပဒေဆိုတဲ့ဟာမှာ သီးခြားအကြောင်းအရာတစ်ခုနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေကို ဒါအထူးဥပဒေတစ်ခုအနေနဲ့ ဖော်ပြတယ်လို့ ကျွန်တော် ဒီလိုပဲနားလည်ပါတယ်။ အဲဒီတော့ ဒီ Special Law ၊ ဒီအထူး ဥပဒေ၊ ဒါကို ဘာဖြစ်လို့ ကျွန်တော်တို့ပြဋ္ဌာန်းဖို့ကြိုးစားရတာလဲ။ အဓိပ္ပာယ်ကတော့ ရှင်းရှင်းလေးပါ။ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ မြန်မာအမျိုးသမီးလေးတွေ ဘာသာခြားတွေနဲ့အိမ်ထောင်ပြုတဲ့အခါမှာ သူတို့ရဲ့ ရပိုင်ခွင့်အခွင့်အရေးတွေ၊ ဒီဟာတွေကို မဆုံးရှုံးရအောင် သူတို့အတွက် ထိခိုက်နစ်နာမှုတွေမရှိရအောင် ဒီဥပဒေကို ပြဋ္ဌာန်းတယ်လို့ ကျွန်တော်ဒီလိုပဲနားလည်ပါတယ်။

အဲဒီအတွက်ကြောင့်မို့လို့လည်း ဒီလိုမျိုးထိခိုက်နစ်နာဆုံးရှုံးမှုတွေ မရှိရအောင်ဆိုပြီးတော့ အကာအကွယ်ပေးတဲ့အနေနဲ့ ကျွန်တော် အခု ပြင်ဆင်ချက်တင်သွင်းတဲ့ ပုဒ်မ ၁၉ မှာဆိုရင် (က)ကနေ (ဆ)အထိ ပုဒ်မခွဲပေါင်း ခုနစ်ခုရှိပါတယ်။ အဲဒီပုဒ်မခွဲ ခုနစ်ခုမှာ အဓိကပြောချင်တာက ဘာသာခြားဖြစ်တဲ့အမျိုးသားဟာ သူ့ရဲ့အိမ်ထောင်ဖက် ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ယောက်ရပိုင်တဲ့ အခွင့်အရေးတွေ ဘာတွေကိုခွင့်ပြုရမယ်ဆိုတာကို ပုဒ်မခွဲ(က)ကနေ (ဃ)အထိမှာ ဖော်ပြထားပါတယ်။

ပုဒ်မ(င)မှာကျတော့ ဒီဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေကို အခြားဘာသာတစ်ခုခုကို အတင်းအကြပ် ကူးပြောင်းသွားမှာကို မကူးပြောင်းနိုင်ဖို့အတွက်ဆိုပြီး ပုဒ်မ (င)မှာ ဖော်ပြထားပြီးသားဖြစ်ပါတယ်။ အဲဒီတော့ (က)ကနေ (င)အထိ ပုဒ်မခွဲ ငါးခုမှာ ဖော်ပြထားတဲ့အချက်တွေသည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးလေးတွေ ကိုယ့်ရဲ့အိမ်ထောင်ဖက်ဖြစ်တဲ့ အခြားဘာသာဝင်တွေက စော်ကားမှုတွေ ဘာတွေ မပြုလာနိုင်အောင်ဆိုပြီးတော့ ကာကွယ်ထားတဲ့ ရပိုင်ခွင့်အခွင့်အရေးတွေပါ။ ဒါပေမယ့် ကျွန်တော် ပြင်ဆင်ချက်တင်သွင်းချင်တဲ့ ပုဒ်မ ၁၉ ရဲ့ (စ)နဲ့ (ဆ)မှာကျတော့ ဒီဟာတွေကို ခုနက ဥပဒေကြမ်းကော်မတီကလည်းပဲ ဖတ်ကြားတင်သွင်းသွားပြီးပါပြီ။ ဒီဟာတွေကဘာလဲဆိုတော့ အမျိုးသမီးတွေ ရပိုင်ခွင့်အခွင့်အရေးဆိုတဲ့ကိစ္စရပ်နဲ့ ပတ်သက်တာမဟုတ်ဘဲနဲ့ ဘာသာတစ်ခုကို ကာယကံတွေ၊ ဝစီကံတွေနဲ့ စော်ကားတဲ့ကိစ္စရပ်တွေပါ။ ဒီလို ကာယကံတွေ၊ ဝစီကံတွေနဲ့ စော်ကား တယ်ဆိုရင် ဒါက တိတိကျကျပြောရမယ်ဆိုရင် ရာဇဝတ်ပြစ်မှုပါ။ ရာဇဝတ်ပြစ်မှုဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒီပြစ်မှုတွေကို ဘယ်လိုပုံစံနဲ့ ဘယ်လိုပုဒ်မတွေနဲ့ တရားစွဲဆိုရမယ်ဆိုတာလည်း ရာဇသတ်ကြီးထဲမှာ အတိအလင်းကို ဖော်ပြထားပြီးသား ဖြစ်ပါတယ်။ ဒီပုဒ်မတွေမှာ ဖော်ပြထားတဲ့ ကိစ္စရပ်တွေပေါ့ဗျာ။ ခုနက ဥပဒေကြမ်းကော်မတီကလည်း ဖတ်ကြားသွားပြီးသားပါ။ စော်ကားရန် အကြံနဲ့ ကိုးကွယ်ခွင့်ပြုတဲ့နေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားရာ အရာဝတ္ထုကိုသော် လည်းကောင်း ဖျက်ဆီးရန် သို့မဟုတ် ပျက်စီးနစ်နာစေရန် အစရှိသဖြင့် ဒီပုဒ်မခွဲ(စ)နဲ့(ဆ)မှာ ပါဝင်တဲ့အချက်အလက်တွေ၊ ဒီအချက်အလက်တွေက ကျွန်တော်တို့လည်း လက်မခံနိုင်ပါဘူး။ ဒီဟာတွေကို ကျူးလွန်မှုပြုလုပ်လာမယ်၊ ပြုလုပ်ခဲ့တယ်ဆိုလို့ရှိရင် ဘာသာခြားဖြစ်တဲ့ လင်ယောကျ်ား ကိုမှ တရားစွဲဆိုရမှာ မဟုတ်ပါဘူး။ ဘာသာခြားတင်မဟုတ်ဘူး။ ကိုယ့်ရဲ့ ဘာသာဝင်အချင်းချင်း မှာလည်း ဒီလိုပြစ်မှုမျိုးတွေ ကျူးလွန်လာမယ်ဆိုလို့ရှိရင်တော့ အဲဒီလူတွေကို သူတို့ကျူးလွန်တဲ့ ပြစ်မှုအတိုင်း ထိရောက်စွာ ကျွန်တော်တို့ အရေးယူရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကော်မတီအစည်းအဝေးမှာ ဆွေးနွေးကြတဲ့အချိန်မှာတုန်းက ပြောပါတယ်။ ရာဇသတ်ကြီးထဲမှာပါတာ မှန်ပေမယ့် ဒါသည် Special Law ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီဥပဒေအရ အရေးယူမယ်လို့ ဆွေးနွေးခဲ့တာရှိပါတယ်။ ဘယ်ပုဒ်မအရလည်းဆိုရင်တော့ ပုဒ်မ ၂ (ခ)အရ အရေးယူမယ်လို့ ပြောပါ တယ်။

ဒါပေမယ့် ပုဒ်မ ၂ (ခ) မှာ ဘာပဲဖော်ပြထားသလဲဆိုရင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနဲ့ ဗုဒ္ဓ ဘာသာဝင်မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊

အမွေဆက်ခံရေး၊ သားသမီးထိန်းသိမ်းရေးတို့နဲ့ ပတ်သက်သည့်အငြင်းပွားမှုများအား ဤဥပဒေကို အထောက်အထားပြု၍ ဆုံးဖြတ်ရမည်ဆိုတဲ့ စာသားပါပါတယ်။ အဲဒီတော့ ဘာသာသာသနာကို ထိခိုက်စော်ကားတဲ့ကိစ္စရပ်တွေကို ကာယကံတွေ၊ ဝစီကံတွေနဲ့ ကျူးလွန်တယ်ဆိုရင် ဒီဟာတွေကို ဒီဥပဒေနဲ့ ပြစ်ဒဏ်ပေးလို့ရတယ်ဆိုတဲ့အချက်ကတော့ ပုဒ်မ ၂ (ခ)ထဲမှာ ပါထားတာမရှိပါဘူး။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ပြောချင်တာကတော့ ဒီရာဇသတ်ကြီးမှာပါဝင်တဲ့ အခန်း (၁၅) ဒီဘာသာသာသနာဆိုင်ရာပြစ်မှုများပေါ့။ အဲဒီမှာဆိုလို့ရှိရင် ပုဒ်မ ၂၉၅ ကနေပြီးတော့ ၂၉၈ အထိ ပုဒ်မတွေပါပါတယ်။ အခု ၁၉ (စ)မှာ ဖော်ပြထားတဲ့စကားရပ်တွေက ဒီရာဇသတ်ကြီးမှာပါဝင်တဲ့ ပုဒ်မ ၂၉၅ က စကားရပ်တွေနဲ့ အကုန်အတူတူပါပဲ။ အဲလိုမျိုးပါပဲ (ဆ)မှာပါဝင်တဲ့ စကားရပ်တွေကလည်း ၂၉၅ (က) မှာပါဝင်တဲ့ စကားရပ်တွေနဲ့ မနီးရိုးစွဲ အကုန်ဆင်တူနေပါတယ်။ အဲဒီတော့ ကျွန်တော်အဓိက တင်ပြချင်တာကတော့ အင်မတန်မှကို ပြည့်စုံပြီးသားဖြစ်နေတဲ့ ဒီရာဇသတ်ကြီးမှာပါဝင်တဲ့ အချက်အလက်တွေ၊ ဒီရာဇသတ်ကြီးမှာပါဝင်တဲ့ အချက်အလက်တွေထဲက ပုဒ်မလေးတစ်ခုကိုတော့ ကျွန်တော့်ကို ဖတ်ကြားခွင့်ပြုပါခင်ဗျ။ ဥပမာ- သူက ပုဒ်မ ၂၉၈ မှာဆိုလို့ရှိရင် ဘယ်လောက်ထိအောင် ဖော်ပြထားသလဲဆိုရင် တစ်ဦးတစ်ယောက်သောသူ၏ ဘာသာရေးစိတ်ကို နာစေရန် တမင်ကြံ၍ မည်သူမဆို ထိုသူကြားလောက်သောနေရာ၌ စကားပြောဆိုလျှင် သို့တည်းမဟုတ် အသံတစ်ခုခုကိုပြုလျှင် သို့တည်းမဟုတ် ထိုသူမြင်လောက်သောနေရာ၌ ကိုယ်အမူအရာ တစ်ခုခုကိုပြုလျှင် သို့တည်းမဟုတ် အရာဝတ္ထုတစ်ခုခုကိုထားလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ အစရှိသဖြင့်ပေါ့ဗျာ။ ကျွန်တော်ပြောချင်တာက ကာယကံကျူးလွန်မှု တောင်မပြောပါနဲ့။ ဝစီကံနဲ့ကျူးလွန်တဲ့ကိစ္စရပ်တွေဆိုရင်တောင်မှ ဘယ်လိုပြစ်ဒဏ်ချမှတ်ရမယ်ဆိုတာကို အပြည့်အစုံပါထားပြီးသားဖြစ်တဲ့အတွက် ဒီတစ်စုံတစ်ယောက်သောသူက ဒီဘာသာသာသနာကို ကာယကံတွေ၊ ဝစီကံတွေနဲ့ ထိပါးစော်ကားလာမယ်ဆိုရင် ထိရောက်စွာအရေးယူနိုင်တဲ့ ပြည့်စုံတဲ့ ပုဒ်မတွေရှိပြီးသားဖြစ်တဲ့အတွက် ဒီ ၁၉(စ)နဲ့ (ဆ)ကို ပယ်ဖျက်ဖို့ဆိုတဲ့ ကျွန်တော့်ရဲ့အဆိုပြုချက်ကို လက်ခံပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ လူမှုဖွံ့ဖြိုးရေးကော်မတီဝင် ငပုတောမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြင်ဆင်တင်ပြထားတဲ့ အမှတ်စဉ် ၃၈၊ အခန်း(၅) အပိုဒ် ၁၉ အပိုဒ်ခွဲ(စ)မှာ ဗုဒ္ဓဘာသာကို စော်ကားရန် အကြံဖြင့် မိန်းမကိုးကွယ်ဝတ်ပြုသောနေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသောအရာဝတ္ထုကိုသော်လည်းကောင်း ဖျက်ဆီးရန် သို့မဟုတ် ပျက်စီးနစ်နာစေရန် သို့မဟုတ် ယုတ်ညံ့စေရန်မပြုရဆိုတဲ့အပိုဒ်ကို ပယ်ဖျက်ဖို့မသင့်ကြောင်းဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပြစ်မှုဆိုင်ရာပုဒ်မ ၂၉၅ အရ ပြဋ္ဌာန်းထားတယ်ဆိုပေမယ့်လို့ ခုနကဦးဇေယျာသော်လည်း ဆွေးနွေးသွားပါတယ်။ ကျွန်မတို့ရဲ့ ဒီဥပဒေကိုက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမတွေအတွက် အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေဖြစ်တဲ့အတွက်ကြောင့် ပြစ်မှုဆိုင်ရာဥပဒေတစ်ခုနဲ့တင်မလုံလောက်ပါဘူး။ ကျွန်မတို့ ဒီဥပဒေမှာလည်း ဒီအပိုဒ်ကိုထည့်ပြီးမှ၊ ထည့်ထားမှ ဒီဥပဒေက ပြည့်စုံမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်မိန်းမတွေနဲ့ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ယောကျ်ားတွေရဲ့ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေးတို့နှင့်သက်ဆိုင်တဲ့ အငြင်းပွားမှုများကိုလည်း ဒီဥပဒေနှင့်အညီ ဆုံးဖြတ်ရမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့ ဒီအပိုဒ်ကို ပယ်ဖျက်လို့မသင့်ပါဘူးရှင်။ နောက်တစ်ခါ ဒီဥပဒေရဲ့ ပုဒ်မ ၂၀ မှာ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ယောကျ်ားဟာ ပုဒ်မ ၁၉ မှာပြဋ္ဌာန်းထားတဲ့ အချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မယ်ဆိုရင် ကျွန်မတို့ ဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ယောကျ်ားကို ကွာရှင်းနိုင်ဖို့အတွက်လည်း ရည်ရွယ်ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ပယ်ဖျက်ဖို့မသင့်ပါ။ နောက်တစ်ခုက ဗုဒ္ဓဘာသာဝင်မိန်းမတွေ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ယောကျ်ားတွေရဲ့ နိုင့်ထက်စီးနင်းပြုခြင်း၊ အကြမ်းဖက်ခြင်းကို ကာကွယ်တားဆီးပေးဖို့၊ အကာအကွယ်ပေးလိုလို့ ပြဋ္ဌာန်းထားတဲ့ဥပဒေဖြစ်ပါတယ်။ အခြားအခြားဘာသာတွေကိုလည်း မိန်းမတွေကို ခွဲခြားဆက်ဆံတဲ့ပုဒ်မလည်း မဟုတ်ပါဘူးရှင့်။ နောက်တစ်ခါ လင်မယားကွာရှင်းတဲ့အခါမှာ ဘာသာရေးကိုအကြောင်းပြုပြီးတော့ ဗုဒ္ဓဘာသာဝင်မိန်းမတွေအပေါ်မှာ အနိုင့်အထက်ပြုစီးနင်းပြုလုပ်ဖို့၊ အကြမ်းဖက်ခြင်းမပြုလုပ်ဖို့အတွက်ကို ဒီဥပဒေပါအတိုင်း အကျိုးခံစားခွင့်ရရှိစေဖို့အတွက်လည်း ကျွန်မတို့ရည်ရွယ်ပြီးတော့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်ဟာ လင်မယားအဖြစ် တည်ရှိနေသရွေ့ ဗုဒ္ဓဘာသာဝင်မိန်းမတွေကို ၎င်းသက်ဝင်ယုံကြည်တဲ့၊ ဘာသာရေးနှင့်စပ်လျဉ်းတဲ့ ကိစ္စများနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုတွေမပြုလုပ်နိုင်စေဖို့အတွက် တားဆီးထားတဲ့အချက်လည်းဖြစ်တဲ့

အတွက်ကြောင့် လုံးဝပယ်ဖျက်လို့မရပါဘူးရှင်။ နောက်တစ်ခုကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၊ ၃၅၄(ဃ)မှာလည်း နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရစေရမည်။ မိမိ ချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ မည်သို့ပင် ရာဇသတ်ကြီးပုဒ်မမှာ ပါစေကာမူ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာအမျိုးသမီးများအတွက် အထူးပြဋ္ဌာန်း ပေးထားတဲ့ ဥပဒေဖြစ်တဲ့အတွက်ကြောင့် အမှတ်စဉ် ၃၈၊ အခန်း(၅) အပိုဒ် ၂၉ အပိုဒ်ခွဲ(စ)ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်အတိုင်း အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ အဆိုမှာ ဗုဒ္ဓဘာသာကိုစော်ကားရန်အကြံဖြင့် မိန်းမကိုးကွယ်ဝတ်ပြုသော နေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း ဖျက်ဆီးရန် သို့မဟုတ် ပျက်စီးနစ်နာစေရန် သို့မဟုတ် ယုတ်ညံ့စေရန်မပြုရဆိုတဲ့အပိုဒ်ကို ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ထောက်ခံမဲ ၂၇၂ မဲ၊ ကန့်ကွက်မဲ ၄၀ မဲ၊ ကြားနေ ၃ မဲ ဖြစ်တဲ့အတွက်။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၉ အမှတ်စဉ် ၃၉ ဒီကိစ္စ ဦးဖြိုးဇေယျာသော် ဆွေးနွေးပြီးဖြစ်ပါတယ်။ ဒါကြောင့် အဆိုပြုတင်ပြပါမယ်။ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ၏ ဘာသာရေးသက်ဝင်ယုံကြည်မှုကို စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ စော်ကားခြင်းမပြုရဟု ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြထားပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ မဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ထောက်ခံမဲ ၂၆၈ မဲ၊ ကြားနေ ၃၈ မဲ၊ ကန့်ကွက် ၃ မဲ။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၀ အမှတ်စဉ် ၄၄ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဆိုပြု တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဖိုးတိန့်(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်များ အားလုံးကိုလည်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးဖိုးတိန့် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်စာမျက်နှာ ၁၀ အမှတ်စဉ် ၄၄ အခန်း(၅) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဂ)အဖြစ် အသစ်ဖြည့်စွက်လိုပါတယ်။ အကြောင်းအရင်းမှာ ၎င်းမိန်းမသည်သားသမီးအားလုံးကို အုပ်ထိန်းနိုင်စွမ်းမရှိပါက သားသမီးများ၏အကျိုးအရှိဆုံးအလို့ငှာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်ဟု အသစ်ပြင်ဆင် ဖြည့်စွက်တင်ပြရှင်းလင်းလိုပါတယ်။ မြန်မာဗုဒ္ဓဘာသာမိန်းမတွေ သားသမီးအားလုံးကို အုပ်ထိန်းခွင့် ရရှိမည်မှန်သော်လည်း ၎င်းမိန်းမသည် ကျန်းမာရေး ချို့တဲ့မှုအမျိုးမျိုးကြောင့်သော်လည်းကောင်း၊ စီးပွားရေးချို့တဲ့ခြင်းကြောင့်သော်လည်းကောင်း သားသမီးများအား ရေရှည်ပြုစုပျိုးထောင်ရန် အခက် အခဲရှိနိုင်ပါတယ်။ ထို့အပြင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ဦးတည်သောအနေဖြင့် ဌာနေ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအစဉ်အလာရ သော်လည်းကောင်း၊ ကလေးသူငယ်ဆိုင်ရာဥပဒေ အရဖြစ်စေ တရားမျှတမှုရှိစေရန်အလို့ငှာ ဖြည့်စွက်ရခြင်းဖြစ်ပါ၍ ကျွန်တော်၏ အသစ်ဖြည့်စွက် အဆိုတင်ပြချက်အား လွှတ်တော်မှ လက်ခံအတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက် ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၂ အမှတ်စဉ် ၅၄ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီက အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(အတွင်းရေးမှူး၊ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များကို ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း နှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်က တော့ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စာမျက်နှာ ၁၂ အမှတ်စဉ် ၅၄ အခန်း(၇) အပိုဒ်ခွဲ ၂၇ အပိုဒ်ခွဲငယ်(ဆ) ကို ကျွန်တော်၏ ကော်မတီကိုယ်စား ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ အဲဒီမှာ အပိုဒ်ခွဲငယ်(ဆ)မှာ ကျွန်တော့်အနေနဲ့ ပထမတစ်ပိုင်းမှာ သဒ္ဒါပိုင်းအသုံးအနှုန်းကို ကျွန်တော် ပြင်ခြင်းဖြစ်ပါတယ်။ မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်တရားရုံးသို့ အယူခံခွင့်ရှိသည်လို့ ကျွန်တော်ပြင်ပါတယ်။ နောက်တစ်ပိုင်းကတော့ ခရိုင်တရားရုံးက ချမှတ်သော အမိန့်သည် အပြီးသတ်ဖြစ်သည်ကို ကျွန်တော်ပယ်ဖျက်ပါတယ်။ ပယ်ဖျက်ရတဲ့ အကြောင်းအရင်း ကတော့ အခင်းဖြစ်ပွားသူ အကြင်ထိုယောကျ်ားနဲ့ အကြင်ထိုမိန်းမတို့ရဲ့ အခွင့်အရေးကို ဦးစားပေးတဲ့ အနေနဲ့ ကျွန်တော်တို့ အယူခံဝင်ခွင့်ကို ခရိုင်ရုံးမှာ အပြီးအပြတ်လုပ်ခြင်းမဟုတ်ပါဘူး။ အပြီးအပြတ် လုပ်လိုက်မယ်ဆိုလို့ရှိရင် သူတို့ရဲ့အခွင့်အရေးတွေ ဆုံးရှုံးမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခရိုင်ရုံးမှ မပြတ်ရင် ကျွန်တော်တို့ တိုင်း၊ တိုင်းက မပြတ်လို့ရှိရင် ကျွန်တော်တို့ ဗဟိုတရားရုံး၊ စာချွန်လွှာအထိကို ကျွန်တော်တို့ ဒါကလည်း သူတို့တောင်းဆိုနိုင်တဲ့အခွင့်အရေးများကို ပေးခြင်းဖြစ်ပါတယ်။

နောက်တစ်ပိုင်းကတော့ တရားရုံးတွေမှာ ကျွန်တော်တို့ ဆုံးဖြတ်နိုင်တဲ့ Value Limit ရှိပါ တယ်။ မင်္ဂလာဒုံမြို့နယ်အဆင့်သည် ဘယ်လောက်ထိ တစ်ကျပ်ကနေ သိန်း ၁၀၀ အထိ၊ ခရိုင်ရုံးသည် သိန်း ၁၀၀ မှ သိန်း ၅၀၀ အထိ စသဖြင့် ကျွန်တော်တို့ အဲ့လို Value Limit တွေဖြစ်နေတဲ့ အတွက်ကြောင့်မို့လို့ ဆုံးဖြတ်ချက်တွေမှာ ကျွန်တော်တို့ တန်ဖိုးတွေကို ကန့်သတ်ထားတဲ့အတွက် ကြောင့်မို့လို့ အဲ့ဒါတွေ နစ်နာမှုမရှိစေရန်လည်း ကျွန်တော့်အနေနဲ့ ဒါကို ပြောခြင်းဖြစ်ပါတယ်။ တတိယအချက်ကတော့ ကျွန်တော့်အနေနဲ့ ဘာကြောင့်ဖြစ်ပြီး ဒီဥစ္စာကိုဖြုတ်ရလဲဆိုရင် ခရိုင်တရားရုံး မှာ အပြီးအပြတ်ဖြစ်သည်လို့ ကျွန်တော်တို့က ဆိုလိုက်တာနဲ့ ကျွန်တော်တို့ ခရိုင်ရုံးက ဆုံးဖြတ်လိုက် တာနဲ့ ခရိုင်တရားသူကြီးရဲ့ဆုံးဖြတ်ချက်သည် မှားယွင်းလို့ရှိရင်လည်း ဆက်ပြီးတော့ ကျွန်တော်တို့က တက်လို့မရတော့ဘူး။ အဲဒီခရိုင်တရားသူကြီးကိုလည်း ကျွန်တော်တို့က အပြစ်ပေးရမယ့် အနေအထား

မျိုး ကျွန်တော်တို့က ရှိလာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာလည်း ပညာရှင်များ ဆုံးရှုံးသွားနိုင်တဲ့အနေအထားမျိုး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ခရိုင်တရားရုံးက ချမှတ်သောအမိန့်သည် အပြီးသတ်ဖြစ်ရမည်ဆိုတဲ့ အပိုဒ်ကို ကျွန်တော့်အနေနဲ့ ဒါပယ်ဖျက်ခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်တရားရုံးသို့ အယူခံခွင့်ရှိသည်ဆိုတဲ့အပိုဒ်အား လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၆ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီက အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(အတွင်းရေးမှူး၊ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ စာမျက်နှာ ၁၂ အမှတ်စဉ် ၅၆ အခန်း(၈) အပိုဒ် ၂၉ ဒါကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ပြင်ဆင်တာကတော့ အပိုဒ် ၂၄ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော် အပိုင်းသုံးပိုင်းကို ပြင်ပါတယ်။ ဟိန္ဒူဘာသာ၊ ဆစ်(ခ်)ဘာသာဆိုတာကတော့ ဒါ ကတော့ ကျွန်တော်တို့အနေနဲ့ ကွန်ပျူတာ Error ဖြစ်တာနေပါလိမ့်မယ်။ ဘယ်သို့ပင်ဆိုစေကာမူ ကျွန်တော် ဆစ်(ခ်)လို့ပြင်ထားခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော့်အနေနဲ့ ပြင်တာကတော့ မြန်မာဗုဒ္ဓဘာသာဝင်လို့ဆိုတာကို ကျွန်တော်ပြင်ခြင်းဖြစ်ပါတယ်။ ဘာလို့လည်းဆိုလို့ရှိရင် ဥပဒေရဲ့ ရှေ့/နောက်အသွားအလာညီညွတ်စေရန်အတွက် ဗုဒ္ဓဘာသာဝင်မိန်းမများဆိုတဲ့နေရာမှာ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများဆိုပြီးတော့၊ ကျွန်တော့်အနေနဲ့ ပြင်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒါမူလမှာခွဲခွာပြီးဟု ဆိုတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ ခွဲခွာခဲ့ပြီးဖြစ်သည်ဟု မှတ်ယူရမည်လို့ ကျွန်တော်ပြင်ဆင်ပါတယ်။ ဘာ့ကြောင့်ပြင်ဆင်ရလဲဆိုလို့ရှိရင် ကျွန်တော်တို့ ရှင်းရှင်း

လင်းလင်းနဲ့ ပြတ်ပြတ်သားသားဖြစ်အောင်ဆိုပြီးတော့ ကျွန်တော်တို့ စကားလုံးရှင်းလင်းစွာဖြစ်အောင် ဆိုပြီး ကျွန်တော်ပြင်ချင်ပါတယ်။

သို့ဖြစ်ပါ၍ ဟိန္ဒူဘာသာ၊ ဆစ်(ခ်)ဘာသာ၊ ဂျေးနဘာသာတစ်ရပ်ရပ်ကို ကိုးကွယ်သောပစ္စည်း မခွဲဝေရသေးသည့် မိသားစုဝင် ယောကျ်ားသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူသည် ထိုမိသားစုမှ ခွဲခွာပြီး သည်ဖြစ်သည်ဟု မှတ်ယူရမည်။ ထို့အပြင် ပစ္စည်းခွဲဝေခြင်းမပြုမီ ထိုသူသေဆုံးလျှင် ၎င်းပိုင်သည့် ဆိုင်ရာဆိုင်ခွင့်သည် ထိုသူ၏မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် သားသမီးများသို့ သက်ရောက်ရမည်ဟု ကျွန်တော် ပြင်ဆင်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်မှ ကျွန်တော့်ပြင်ဆင်ချက်များအား အတည်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီရဲ့ အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက် ရန်မရှိတဲ့အတွက် အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၁၄ အမှတ်စဉ် ၆၂ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဆိုပြု တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဖုံးတိန့်(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ လေးစားအပ်တဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၁၄ အမှတ်စဉ် ၆၂ အခန်း(၉) အပိုဒ် ၂၇ အပိုဒ်ခွဲ(ဂ) အဖြစ် အသစ်ဖြည့်စွက်ချက်ကိုလည်း စာမျက်နှာ ၁၀ အမှတ်စဉ် ၄၄ အခန်း(၅) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဂ)တွင် ကျွန်တော်၏ အဆိုပြုရှင်းလင်းတင်ပြခဲ့ပြီးသည်နှင့်အညီ လွှတ်တော်မှ လက်ခံအတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၆၆ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဖုံးတိန့်(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၁၄ အမှတ်စဉ် ၆၆ အခန်း(၉) အပိုဒ် ၂၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) အဖြစ် အသစ်ဖြည့်စွက်ချက်ကိုလည်း စာမျက်နှာ ၁၀ အမှတ်စဉ် ၄၄ အခန်း(၅) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဂ)တွင် ကျွန်တော်၏ အဆိုပြုရှင်းလင်းတင်ပြခဲ့ပြီးသည်နှင့်အညီ လွှတ်တော်မှ လက်ခံအတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အဆိုပြုတင်ပြချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၅ အမှတ်စဉ် ၆၉ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဖုံးတိန့်(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၁၅ အမှတ်စဉ် ၆၉ အခန်း(၉) အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ) အပိုဒ်ငယ်(၃)အဖြစ် အသစ်ဖြည့်စွက်ချက်ကိုလည်း စာမျက်နှာ ၁၀ အမှတ်စဉ် ၄၄ အခန်း(၅) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဂ)တွင် ကျွန်တော်၏အဆိုပြု ရှင်းလင်းတင်ပြခဲ့ပြီးသည်နှင့်အညီ လွှတ်တော်မှ လက်ခံအတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အဆိုအား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၆ အမှတ်စဉ် ၇၅ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ကိုယ်စား မေးမြန်းမှာ ဖြစ်ပါတယ်။ ဒီဥပဒေဟာ ရှေ့မှာတင်ပြခဲ့တဲ့ ကိုယ်စားလှယ်တွေက တင်ပြတဲ့အတိုင်းပဲ မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအချို့မှာလည်း အလားတူ ရည်ရွယ်ချက်တွေနဲ့ ဥပဒေ

တွေကို ပြဋ္ဌာန်းလာတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလိုပြဋ္ဌာန်းရခြင်းရဲ့ အကြောင်းအရင်းက ဒီဥပဒေ မျိုးမရှိတဲ့ တိုင်းပြည်အချို့မှာ အမျိုးသမီးများရဲ့ အခွင့်အရေးများ ဆုံးရှုံးရတဲ့နည်းတူ နိုင်ငံတော် အတွက်လည်း ရေရှည်မှာ မလိုလားအပ်တဲ့ လူမှုရေးဆိုးကျိုးတွေ ဖြစ်ပေါ်လာမှုတွေရှိတဲ့အတွက် ကြောင့် ဒါကိုဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဓိကကတော့ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများကို ဇနီးအဖြစ်ပေါင်းသင်းမယ့် အခြားဘာသာဝင်အမျိုးသားများအနေနဲ့ ဒီအထူးဥပဒေအရ သတ်မှတ် ချက်များကို လေ့လာသုံးသပ်ပြီး လွယ်လွယ်ကူကူနဲ့ ပေါင်းသင်းခြင်းမပြုနိုင်ဘဲနဲ့ အမှန်တကယ် ချစ်ခင်စုံမက်မှသာ ပေါင်းသင်းခြင်းမျိုး ဖြစ်စေဖို့၊ မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများရဲ့ အခွင့်အရေး များ မဆုံးရှုံးစေဖို့ ရည်ရွယ်တာဖြစ်တဲ့အတွက် အခြားဘာသာဝင်အမျိုးသားများအနေနဲ့ ဥပဒေကို လိုက်နာဖို့၊ ပျက်ကွက်တာမျိုးမဖြစ်ရလေအောင် ထိရောက်ဟန့်တားနိုင်တဲ့ ပြစ်ဒဏ်ကို ထည့်သွင်း ဖော်ပြဖို့ လိုပါတယ်။ ငွေကြေးနဲ့ပတ်သက်လို့လည်း ယနေ့ ကျပ်ငွေရဲ့တန်ဖိုးနဲ့ ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ဒီဥပဒေဟာ အထူးဥပဒေပြုပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရာဇသတ်ကြီး အခန်း(၁၅) သာသနာရေးဆိုင်ရာပြစ်မှုများ ပုဒ်မ၂၉၅ ကနေ ၂၉၇ ပါအချက်များကို မဆန့်ကျင်ဘဲနဲ့ ချိန်ထိုးစဉ်းစားရမှာ ဖြစ်သလို လူ့အခွင့်အရေးနဲ့လည်း ကိုက်ညီအောင် လေ့လာသုံးသပ်ရမှာ ဖြစ်ပါ တယ်။ ယခင်ဥပဒေမှာပါတဲ့ ပြစ်မှုမျိုး ကျူးလွန်တာခြင်းတူနေရင်တောင် အခုဥပဒေဖြစ်တဲ့ အထူး ဥပဒေအရအရေးယူမှုဟာ ပိုမိုထိရောက်ဖို့လိုမယ်လို့ ယူဆရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီပုဒ်မ ကို ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ ယောကျ်ားသည် ပုဒ်မ ၁၉ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)နဲ့ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်လို့ ပြင်ဆင်ချက်အဆိုကို လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီရဲ့ အဆိုပြုတင်ပြချက်အား လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၁၂ ပြန်သွားပါမယ်။ တစ်ခုကျော်ခဲ့တာရှိပါတယ်။ စာမျက်နှာ ၄ အမှတ်စဉ် ၁၂ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ ကျွန်တော့်အနေနဲ့ အမှတ်စဉ် ၁၂ နှင့် ပတ်သက်ပြီးတော့ ပြင်ဆင်ချက်အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။ ဒီဥပဒေဟာ အလွန်တရာမှ နူးညံ့သိမ်မွေ့နက်နဲတဲ့ ဥပဒေဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရာဇသတ်ကြီးပုဒ်မ ၄၉၄၊ ၄၉၅၊ ၅၀၅ တို့မှာ လက်ထပ်ထိမ်းမြားခြင်းနှင့် ပတ်သက်ပြီးတော့ ဥပဒေများရှိပြီး ဖြစ်သော်ငြားလည်း ဒီဥပဒေဟာ ယခင်ဥပဒေများထက် အထူးပြုတဲ့ Special Law ဖြစ်ပါတယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့၊ လူ့အခွင့်အရေးကြေညာစာတမ်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ၊ စီရင်ထုံးနဲ့ ပတ်သက်တဲ့အချက်အလက်တွေ လိုက်နာရတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒီဥပဒေကို ရေးဆွဲတဲ့ အဓိက ရည်ရွယ်ချက်ကိုက အိမ်နီးနားချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဖြစ်ပေါ်နေတဲ့ လက်ထပ်ထိမ်းမြားခြင်းနှင့် ပတ်သက်ပြီးတော့ ဥပဒေပြဋ္ဌာန်းဆောင်ရွက်နေမှုတွေကို လေ့လာဖော်ထုတ်ပြီးတော့ ဒီဥပဒေကို ရေးဆွဲခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဓိကက ကျွန်တော်တို့နိုင်ငံနဲ့ အနီးအနားမှာရှိတဲ့ ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံနှစ်နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေများကို လေ့လာရင် အကျိုးနဲ့ အပြစ်ကို ထင်ထင်ရှားရှားတွေ့ရမှာ ဖြစ်ပါတယ်။ ဒီဥပဒေကို လေ့လာကြည့်ရင် ဒီဥပဒေရဲ့ ရည်ရွယ်ချက်က နယ်စပ်ဒေသမှာရှိတဲ့ နယ်စွန်နယ်ဖျားမှာရှိတဲ့ ပွင့်လင်းရိုးသားပြီး ဗဟုသုတနည်းပြီးတော့ သဘောထားကြီး၍ အားနာတတ်သော၊ ယုံလွယ်သော မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများကို ကာကွယ် စောင့်ရှောက်နိုင်ဖို့အတွက် အထူးပြုရည်ရွယ်ထားကြောင်းတွေ့ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။ မူလဥပဒေမှာပါတဲ့ မှတ်ပုံတင်အရာရှိသည် မြို့နယ်အုပ်ချုပ်ရေးမှူးကို ဆိုလိုတဲ့အတွက် ဥပဒေအဖြစ် ထွက်ပေါ်လာတဲ့အခါမှာ ရန်ကုန်နှင့် မန္တလေးမြို့တွေလို မြို့ကြီးတွေမှာတော့ လမ်းပမ်းဆက်သွယ်မှုကောင်းပြီးတော့ ခရီးအကွာအဝေးနီးတဲ့အတွက်ကြောင့် အခက်အခဲမရှိပေမယ့် အထူးသဖြင့် ပြည်နယ်တွေမှာ မြို့နယ်ရုံးနဲ့ကျေးရွာများ လမ်းပမ်းဆက်သွယ်မှုခက်ခဲခြင်း၊ ခရီးကွာဝေးလွန်းတဲ့အတွက်ကြောင့် ကျေးရွာတွေမှာ လက်ထပ်ထိမ်းမြားခြင်းကို မြို့နယ်တွေကို သွားရောက်ပြီးတော့ မှတ်ပုံတင်ဖို့ လက်တွေ့အားဖြင့် မဖြစ်နိုင်ပါဘူး။ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်နဲ့ ပြီးစီးသွားနိုင်တဲ့ အခြေအနေမျိုးလည်း ရှိမှာဖြစ်ပါတယ်။ ဒီဥပဒေရဲ့ အကျိုးသက်ရောက်မှုကို နယ်စွန်နယ်ဖျားဒေသသည် လက်ရှိ အရေးအသားအတိုင်းဆိုရင် အခက်အခဲကန့်သတ်ချက်များရှိကြောင်း တွေ့ရပါတယ်။ မြန်မာ့ဓလေ့အရ ရှေးယခင်တုန်းကလည်း ကျေးရွာတွေမှာ သူကြီးတွေဆီမှာပင် လက်ထပ်ထိမ်းမြားမှုပြုခဲ့ကြောင်းလည်း တွေ့ရပါတယ်။ ဒါ့ကြောင့် ဥပဒေပါ နေရာဒေသမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ နိုင်ငံအဝှမ်းမှာသက်ရောက်ဖို့အတွက်

မှတ်ပုံတင်အရာရှိဆိုတဲ့စကားရပ်အစား မှတ်ပုံတင်အရာရှိ သို့မဟုတ် ၎င်းက တာဝန်ပေးအပ်သူ ဆိုပြီးတော့ ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ ပြင်ဆင်ချက်အနေနဲ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတစ်ဦးတို့ ထိမ်းမြားရန်ရည်ရွယ်သည့်အခါ ၎င်းတို့ တစ်ဦးဦး နေထိုင်လျက်ရှိသည့် ဒေသရှိ မှတ်ပုံတင်အရာရှိ သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ထားသူ ထံသတ်မှတ်ထားသည့် ပုံစံဖြင့် ၎င်းတို့တစ်ဦးဦးက လျှောက်ထားနိုင်သည်ဟု ရေးသားထားသော ပြင်ဆင်ချက်အဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၆ အမှတ်စဉ် ၇၇ ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် နှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၆၊ အမှတ်စဉ် ၇၇ အခန်း (၁၀) အပိုဒ် ၃၅ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (စ)၊ (ဆ)ပါ ပြဋ္ဌာန်း ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ့်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်းချမှတ် ရမည်ဟူသည့် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်တင်ပြချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင် ပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဖြိုးဇေယျာသော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ပုဗ္ဗသီရိမဲဆန္ဒနယ်)** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၉၊ အမှတ်စဉ် ၃၈၊ ၃၉ မှာ ကျွန်တော့်ရဲ့တင်သွင်းချက်အဆို ရှုံးနိမ့်သွားပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီ စာမျက်နှာမှာ ဒီအဆိုကို ကျွန်တော်ပြန်ရုပ်သိမ်းပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည်ပုဒ်မ ၁၉၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ) ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ့်ငါးသိန်းထက်မပိုသော ငွေဒဏ်

လည်း ချမှတ်ရမည်ဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ ဒေါ်ဇာတလဲမ်းပြောပါ။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ ကျွန်မက အခု အခြေခံဥပဒေမှာလည်း ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ကိုက်ညီမှုမရှိသေးပါဘူး။ ပြီးတော့အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၆ မှာလည်းပါရှိပြီးသားဖြစ်ပါတယ်။ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုကို ပပျောက်ရေးသဘော တူညီချက် CEDAW အပိုဒ် ၁၆ မှာလည်း ပါရှိတဲ့အတွက် ကျွန်မ အဲ့ဒီဥပဒေကို ကန့်ကွက်ပါတယ်။ ပြီးတော့ ကျွန်မကလူနည်းစု တိုင်းရင်းသူဖြစ်တဲ့အတွက် ကျွန်မတို့ တိုင်းရင်းသူများရဲ့ အသိုင်းအဝန်းများကို ထိုဥပဒေက ခွဲခြားဆက်ဆံတဲ့အတွက် ကျွန်မကန့်ကွက်ခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီဟာသည် သီးခြားမဲခွဲဆုံးဖြတ်စရာမလိုဘူးလို့ယူဆပါတယ်။ ဒါကြောင့်မို့ အခုလိုဒေါ်ဇာတလဲမ်းက အားလုံးပြီးတဲ့နောက်ပိုင်းမှာ ဒီပေါ်ကိုကန့်ကွက်တယ်လို့ပြောပါတယ်။ ဒါကြောင့် ဒေါ်ဇာတလဲမ်းလို ကန့်ကွက်ရန်ရှိသူများရှိလား။ မတ်တပ်ရပ်နိုင်ပါတယ်။ မှတ်တမ်းအဖြစ်ပြုစုထားပါမယ်။ လူနာမည်တွေ တစ်ခါတည်း မှတ်တမ်းတင်ထားလိုက်ပါ။ ထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်ဦး ခုနက မိုက်တောင်းမတ်တပ်ရပ်ထားလား။ မဟုတ်ဘူး။ ကဲပိုပြီးတော့ သေချာသွားအောင် သဘောမတူသူများရှိတဲ့အတွက် ထပ်မံပြီးတော့ မဲခွဲဆုံးဖြတ်ပါ။ အဆို တစ်ရပ်လုံးကို ဒါကြောင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန်အတွက် လွှတ်တော်က အတည်ပြုဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆန္ဒမဲပေးဖို့ အသင့်ရှိစေချင်လိုပါတယ်။ ထောက်ခံရင်၊ ထောက်ခံကြောင်း။ ကန့်ကွက်ရင် ကန့်ကွက်ကြောင်း ဖော်ပြပေးပါ။ ပြီးတဲ့အခါမှာ ဒီ ရရှိတဲ့ရရှိချက်ကို လွှတ်တော်က ဘုတ်မှာ ဘယ်သူကန့်ကွက်တယ်ပေါ်အောင် ဘုတ်မှာ ဖော်ပြပေးပါ။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

အစည်းအဝေးခန်းမအတွင်းရှိ ဘုတ်တွင် ဆန္ဒမဲပေးသည့် အမည်စာရင်းများမှာ-

| | | |
|---|---|---|
| ၁။ | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် |
| ၂။ | ဒေါ်ခင်ဒွေးကြွယ် | မော်လမြိုင်မဲဆန္ဒနယ် |
| ၃။ | ဦးဝင်းမြင့် | ပုသိမ်မဲဆန္ဒနယ် |
| ၄။ | ဒေါ်ခင်သန္တာ | တံတားဦးမဲဆန္ဒနယ် |
| ၅။ | ဒေါ်ဇာတလဲမ်း | ထန်တလန်မဲဆန္ဒနယ် |
| ၆။ | ဦးပိုက်လင်း | ပလက်ဝမဲဆန္ဒနယ် |
| ၇။ | ဦးခင်မောင်သိန်း | စစ်ကိုင်းမဲဆန္ဒနယ် |
| ၈။ | ဒေါ်ခင်စန်းလှိုင် | ပုလဲမဲဆန္ဒနယ် |
| ၉။ | ဒေါ်ခင်မွှေးလွင် | မင်းကင်းမဲဆန္ဒနယ် |
| ၁၀။ | ဒေါ်တင်တင်ရီ | ကျွန်းစုမဲဆန္ဒနယ် |
| ၁၁။ | ဦးဝင်းဦး | ရေဖြူမဲဆန္ဒနယ် |
| ၁၂။ | ဦးအောင်စိုး | လောင်းလုံးမဲဆန္ဒနယ် |
| ၁၃။ | ဦးစိန်ထွန်း | ထန်းတပင်မဲဆန္ဒနယ် |
| ၁၄။ | ဦးကျော်မင်း | လက်ပံတန်းမဲဆန္ဒနယ် |
| ၁၅။ | ဦးမြင့်ဦး | သနပ်ပင်မဲဆန္ဒနယ် |
| ၁၆။ | ဦးပိုက်ကို | ပခုက္ကူမဲဆန္ဒနယ် |
| ၁၇။ | ဒေါက်တာအောင်မိုးညို | ပွင့်ဖြူမဲဆန္ဒနယ် |

**မူကြမ်း**

၁၈။ ဦးမြင့်အောင် မြို့င်မဲဆန္ဒနယ်

၁၉။ ဦးတင်ဌေးအောင် ရေစကြိုမဲဆန္ဒနယ်

၂၀။ ဦးဖုံးတိန့် ချီဖွေမဲဆန္ဒနယ် (ကြားနေမဲ)

၂၁။ ဦးဇော်ထွန်း မိုးမောက်မဲဆန္ဒနယ် (ကြားနေမဲ)

၂၂။ ဦးဘဌေး မိုးကုတ်မဲဆန္ဒနယ် (ကြားနေမဲ)

၂၃။ ဒေါက်တာဇော်မြင့်မောင် ကျောက်ပန်းတောင်းမဲဆန္ဒနယ်

၂၄။ ဒေါ်စန္ဒာမင်း ဇမ္ဗူသီရိမဲဆန္ဒနယ်

၂၅။ ဦးနိုင်ငံလင်း ဒက္ခိဏသီရိမဲဆန္ဒနယ်

၂၆။ ဦးပေါခင် နွားထိုးကြီးမဲဆန္ဒနယ်

၂၇။ ဦးဖြိုးဇေယျာသော် ပုဗ္ဗသီရိမဲဆန္ဒနယ်

၂၈။ ဦးမင်းသူ ဥတ္တရသီရိမဲဆန္ဒနယ်

၂၉။ ဦးကျော်သီဟ ပြင်ဦးလွင်မဲဆန္ဒနယ်

၃၀။ ဒေါက်တာမျိုးအောင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်

၃၁။ ဒေါက်တာမေဝင်းမြင့် မရမ်းကုန်းမဲဆန္ဒနယ်

၃၂။ ဒေါ်ဖြူဖြူသင်း မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်

၃၃။ ဦးခင်မောင်ဝင်း လမ်းမတော်မဲဆန္ဒနယ်

၃၄။ ဦးဖြိုးမင်းသိန်း လှည်းကူးမဲဆန္ဒနယ်

၃၅။ ဒေါ်စုစုလွင် သုံးခွမဲဆန္ဒနယ်

၃၆။ ဦးစိန်ဝင်း မအူပင်မဲဆန္ဒနယ်

၃၇။ ဦးကျော်မြင့် မြန်အောင်မဲဆန္ဒနယ်

၃၈။ ဒေါ်မြင့်မြင့်စန်း ဝါးခယ်မမဲဆန္ဒနယ် တို့ဖြစ်ကြပါသည်။

[အစည်းအဝေးခန်းမအတွင်းရှိ ဘုတ်တွင်ဆန္ဒမဲပေးပုံများ ပြသပါသည်။]

**ဥက္ကဋ္ဌ။** ။ ထောက်ခံမဲ ၂၆၈ မဲ၊ ကန့်ကွက်မဲ ၃၅ မဲ၊ ကြားနေမဲ ၃ မဲ။ ထောက်ခံမဲများတဲ့အတွက် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

ဥက္ကဋ္ဌ။ ။ စက်ခလုတ်က ကန့်ကွက်မဲ ကန့်ကွက်ကြောင်း ဖော်ပြနိုင်အောင် ဆက်လက်ပြီး ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ စက်ခလုတ်စမ်းကြည့်တာပေါ့လေ။ ခုနက လူနာမည် ကောက်ယူလိုက်လဲပြီးတော့ ပြီးသွားတာပေါ့လေ။ ရင်တွေထိတ်နေလား။ မှားများနှိပ်မိထားလား။ ဦးစိန်ဝင်း မိုက်တောင်း တာလား။ မတောင်းရင် မိုက်ပိတ်ထားပါ။

ဥက္ကဋ္ဌ။ ။ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကော်မရှင် အခုလို ဆောင်ရွက်တဲ့ နည်းဥပဒေ ပြန်ကြည့်ဖို့လိုပါတယ်။ လွှတ်တော်အတွင်းမှာ တစ်ပိုဒ်ချင်းစီ၊ တစ်ပိုဒ်ချင်းစီအလိုက် အားလုံး အတည်ပြုပြီးပြီ။ နောက်ဆုံးကျတဲ့အခါမှာ ဥပဒေတစ်ရပ်လုံးကို အတည်ပြုဖို့ လွှတ်တော်ကို ပြန်မေးနေရတဲ့ ဒီ Procedure လို/မလို။ လိုမယ်ဆိုရင် ဘယ်လိုရေးမလဲ။ ဒီဟာပြန်ကြည့်ဖို့ လိုပါတယ်။ အဲဒီတော့ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်ဥက္ကဋ္ဌဖြစ်သလို ကော်မတီက လွှတ်တော် ဥပဒေကြမ်း ကော်မတီလည်း လေ့လာသုံးသပ်ပြီးတော့ လိုမယ်ဆိုရင်လည်း ဒီ Procedure ပြန်ပြင်ဖို့လိုပါတယ်။ မလိုအပ်ဘဲနဲ့ မေးနေရတယ်။ မလိုအပ်ဘဲနဲ့ အချိန်ကုန်ပါတယ်။ တစ်ပိုဒ်ချင်းစီ၊ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီးဖြစ်တယ်။ ဒါကိုထပ်ပြီးတဲ့အခါမှာ ဒီတစ်ရပ်လုံးကို လွှတ်တော်ကနေပြီးတော့ အတည်ပြုဖို့ သဘောတူပါသလား။ ဒါ မေးတဲ့ Procedure ကြီးဟာ လိုလား/မလိုဘူးလား။ သာမန်အားဖြင့်တော့ ပြီးပြီ။ လွှတ်တော်က အတည်ပြုပြီးတဲ့အတွက် ဒါဆို ပေးမယ်။ ဒါပေမယ့် ဒီထဲမှာ ထည့်ထားတဲ့အတွက် ဒါလုပ်နေရတာဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ ကျန်နေတဲ့နည်းဥပဒေနဲ့ အခြားကိစ္စတွေမှာလည်း ဒီအတိုင်း ပဲ ပြန်ပြီးတော့ မလိုတာတွေကို အားလုံးပယ်ဖို့ လိုပါတယ်။ ဒါကို ရက်သတ်မှတ်ပြီးလုပ်ပါမယ်။ နောက် မှာလည်း ကော်မရှင်တွေရှိပါတယ်။ ဒီထဲမှာလည်း ကော်မတီတွေရှိတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့သော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၈ ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ဖြစ်သော ၂၃-၂-၂၀၁၅

ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေး အတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်း ထားတဲ့ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများ ပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည် ပြုခြင်း၊ ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၁၂ ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူး မဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်း သွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရရုံးက ပေးပို့လာတဲ့ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းကို ၁၉-၁-၂၀၁၅ ရက်နေ့၌ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းခဲ့ပြီး ၁၉-၂-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များနှင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၀)ရက်မြောက်နေ့ဖြစ်သည့် ၂၃-၂-၂၀၁၅ ရက် နေ့တွင် လွှတ်တော်သို့တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ပြင်ဆင်ချက်အဆိုများကို ၃-၃-၂၀၁၅ ရက် နောက်ဆုံး

ထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမင်းသူ(ဥတ္တရသီရိမဲဆန္ဒနယ်)၊ ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)၊ ဒေါက်တာမေဝင်းမြင့် (မရမ်းကုန်းမဲဆန္ဒနယ်)နှင့် ဒေါက်တာမျိုးအောင် (ဒဂုံမြို့သစ်ဆိပ်ကမ်းမဲဆန္ဒနယ်)တို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများတင်သွင်းလာခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအား ၆-၃-၂၀၁၅၊ ၁၀-၃-၂၀၁၅၊ ၁၆-၃-၂၀၁၅ နှင့် ၁၈-၃-၂၀၁၅ ရက်နေ့တို့မှာ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များနှင့် အောက်ပါအချက် ၁၂ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်းလက်ခံရန် သဘောတူခဲ့ပါသည်။ ဥပဒေခေါင်းစီး၊ နိဒါန်း၊ အခန်း(၂) အသစ်ဖြည့်စွက်ချက် အခန်း(၂)ခေါင်းစဉ်နှင့် အပိုဒ် ၃၊ အခန်း ၃ အပိုဒ် ၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၈ အပိုဒ်ခွဲ(ခ)၊ အခန်း(၅) အပိုဒ် ၁၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အခန်း(၆) အပိုဒ် ၁၃ အပိုဒ်ခွဲ(စ)၊ အခန်း(၇) အပိုဒ် ၁၇၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံသည့် အချက် ၁၂ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၁၂ ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် ၁၂ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် ၁၂ ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ၂၂ ချက်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်းသဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၂၂ ချက်အား တင်ပြသွားမှာဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၄ အမှတ်စဉ် ၄ အပိုဒ် ၂ အပိုဒ်ခွဲ(င)၊ အမှတ်စဉ် ၅ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၆ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် ၇ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၅ နှင့် ၆ မှာရှိတဲ့ အမှတ်စဉ် ၈ အပိုဒ် ၄၊ အမှတ်စဉ် ၉ အပိုဒ် ၅၊ စာမျက်နှာ ၆ နှင့် ၇ မှာရှိတဲ့ အမှတ်စဉ် ၁၀ အပိုဒ် ၆၊ အမှတ်စဉ် ၁၁ အပိုဒ် ၇၊ အမှတ်စဉ် ၁၂ အပိုဒ် ၈ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၁၃ အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၈၊ အမှတ်စဉ် ၁၄ အပိုဒ် ၉ အပိုဒ်ခွဲ(ဆ)၊ အမှတ်စဉ် ၁၅ အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)၊ အမှတ်စဉ် ၁၆ အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁၂)၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၉ အမှတ်စဉ် ၁၇ အပိုဒ် ၁၁၊ အမှတ်စဉ် ၁၈ အပိုဒ် ၁၂ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၁၉ အပိုဒ် ၁၂ အပိုဒ်ခွဲ(ည)၊ စာမျက်နှာ ၁၀ အမှတ်စဉ် ၂၀ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက်၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ခြင်း၊ အမှတ်စဉ် ၂၁ အပိုဒ် ၁၃ အပိုဒ်ခွဲ(ဆ)၊ အမှတ်စဉ် ၂၂ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၂၃ အပိုဒ် ၁၄ အပိုဒ်ခွဲ(ဋ)၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၁၊ အမှတ်စဉ် ၂၄ အပိုဒ် ၁၉၊ အမှတ်စဉ် ၂၅ အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)တို့ဖြစ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၂၂ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၂၂ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၂၂ ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းကို ဇယားကိုအသုံးပြု၍ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၁) ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြချက်အဆိုမှာ အပိုဒ် ၂ အပိုဒ်ခွဲ(က) လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုသည်မှာ နိုင်ငံတော်အတွင်း လူဦးရေသိပ်သည်းမှုများပြားခြင်း၊ လူဦးရေတိုးပွားမှုနှုန်း မြင့်တက်ခြင်းနှင့် ကလေးမွေးဖွားနှုန်းမြင့်မားခြင်းတို့ မဖြစ်စေရန် ထိန်းညှိခြင်းကိုဆိုသည်ဟု အဆိုပြုချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒေါက်တာဒေါ်မေဝင်းမြင့် ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ဥပဒေကြမ်းရဲ့ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)ပါ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုတဲ့စကားရပ်အစား မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလို့ ပြောင်းလဲပြင်ဆင်လိုပါ

တယ်။ ပြင်ဆင်လိုတဲ့အကြောင်းကတော့ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတစ်ခုဟာ မိမိတို့နိုင်ငံရဲ့ အမြင့်ဆုံးလမ်းညွှန်ဥပဒေဖြစ်တဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း ကိုက်ညီရပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပေးထားတဲ့ အာမခံချက်တွေကိုလည်း လိုက်နာရမှာဖြစ်သလို နိုင်ငံတကာများနဲ့တက်ကြွစွာပူးပေါင်းဆောင်ရွက်နေမှုများကြောင့် မိမိတို့ကိုယ်တိုင်လက်မှတ်ရေးထိုး သဘောတူထားတဲ့နိုင်ငံတကာစာချုပ်ပါပြဋ္ဌာန်းချက်များနှင့်လည်း လိုက်လျောညီထွေဖြစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၄၇ မှာ လူတစ်ဦးချင်းစီ၏ အိမ်ထောင်ပြုခွင့်နှင့် မိသားစုတည်ထောင်ခွင့်ကို တန်းတူညီမျှရှိရစေမယ်ဟု အာမခံချက်ပေးထားသလို ပုဒ်မ ၃၅၁ မှာလည်း မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများဟာ ဥပဒေအရ သတ်မှတ်ထားတဲ့ သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမယ်လို့ အတိအလင်းပြထားတဲ့အပြင် ပုဒ်မ ၃၅၃ မှာလည်း မည်သူ့ကိုမှ တည်ဆဲဥပဒေနှင့်အညီမှတပါး အသက်နှင့်ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကို ဆုံးရှုံးနစ်နာမှုမရှိစေရလို့ ကန့်သတ်တားမြစ်ထားပါတယ်။ ဒီ ပုဒ်မ သုံးခုလုံးကို ခြုံငုံသုံးသပ်လိုက်ရင် နိုင်ငံအတွင်း လူတစ်ဦးစီက အခွင့်အရေးညီမျှရမယ်လို့ ဆိုလိုထားတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တာနှင့် လျော်ညီစွာ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းမှ ပြဋ္ဌာန်းချက်များကိုလည်း လေးစားလိုက်နာဖို့တာဝန်ရှိနေပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၆ အပိုဒ်ခွဲ(၁)မှာ အရွယ်ရောက်ပြီးသော ယောကျ်ားနှင့်မိန်းမတို့တွင် လူမျိုး၊ နိုင်ငံသား သို့မဟုတ် ကိုးကွယ်သည့်ဘာသာကို အကြောင်းပြု၍ ကန့်သတ်ချက်တစ်စုံတစ်ရာမရှိစေဘဲ လက်ထပ်ထိမ်းမြားပိုင်ခွင့်နှင့် မိသားစုထူထောင်ပိုင်ခွင့်ရှိသည်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး CEDAW ရဲ့စာချုပ် အပိုဒ် ၁၆ အပိုဒ်ခွဲ(၁) အပိုဒ်ခွဲငယ်(င)မှာလည်း ကလေးအရေအတွက်ကို ဆုံးဖြတ်ရာတွင်လည်းကောင်း လွတ်လပ်မှုနှင့်တာဝန်ရှိမှုတို့တွင် တူညီစွာရှိပြီး သတင်းရယူပိုင်ခွင့်၊ ပညာရေးနှင့်ဖော်ပြပါအခွင့်အရေးတို့ကို ကျင့်သုံးနိုင်သည့်နည်းလမ်းများတွင်လည်း တူညီသောအခွင့်အရေးရှိရမယ်လို့ ဖော်ပြထားပါတယ်။

အလားတူ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(CRC) ရဲ့ အပိုဒ် ၆ မှာလည်း ကလေးငယ်များ၏ အသက်ရှင်ရပ်တည်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်တို့အတွက် နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ရန်တို့ပါရှိပါတယ်။ ဒါတွေကြောင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုတဲ့

စကားရပ်ကြောင့် အငြင်းပွားဖွယ်ရာများနဲ့ စိုးရိမ်ချက်များစွာတို့ ပေါ်ထွက်လာနိုင်တဲ့အတွက် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလို့ စကားရပ်ကို ပြောင်းလဲသင့်ကြောင်း အဆိုပြုတင်ပြရခြင်းဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ အနှစ်သာရကိုလည်း တစ်စုံတစ်ရာပြောင်းလဲမှုမရှိတာကိုလည်း မြင်သာပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အာဆီယံနိုင်ငံတွင်းနဲ့ နိုင်ငံတကာတို့မှာ ကျွန်မတို့နိုင်ငံရဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေမှုများကြောင့် အကောင်းမြင်သင့်သလောက်မြင်ပြီး ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းက လက်ခံလာနေတဲ့အခြေအနေမှာ စကားရပ်တစ်ခုကြောင့် အဓိကရည်ရွယ်တဲ့အနှစ်သာရရဲ့ တန်ဖိုးကို မထိခိုက်စေလိုတဲ့အတွက် အပြုသဘောနဲ့ အကြံပြုတင်ပြရခြင်းဖြစ်ပါတယ်။ ဒီလိုပြင်ဆင်လိုက်မယ်ဆိုရင် ဥပဒေ၏ ခေါင်းစဉ်အမည်ကိုလည်း မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုဥပဒေလို့ပြောင်းလဲဖို့လိုအပ်လာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတစ်ခုဟာ ရည်ရွယ်ချက်အတိုင်း လိုက်နာကျင့်သုံးအောင်မြင်မှုကသာ အဓိကကျပါတယ်။ ဒီအချက်ကို လွှတ်တော်တစ်ရပ်လုံးအနေနဲ့ အလေးအနက်ထားဆုံးဖြတ်စေလိုပါကြောင်း ထပ်လောင်းတင်ပြတိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ ဥက္ကဋ္ဌကြီးရှင့်။ ဒီကျွန်မတို့ အမှတ်စဉ် ၁ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)မှာ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုသည်မှာ ဆိုတဲ့နေရာကို မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုဆိုသည်မှာလို့ ပြောင်းလိုက်ရင် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုဆိုတာ အမျိုးသမီးများနဲ့ တစ်ဦးတည်းတစ်ခုတည်းနှင့်သာသက်ဆိုင်နေတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့အတွက်ကြောင့် ဒီခေါင်းစဉ်ကို ပြောင်းလို့မဖြစ်နိုင်ပါဘူးရှင့်။ နောက် ကျွန်မတို့ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ(ခ)မှာ ပြည်သူများရဲ့ ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်လို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ နောက် ပုဒ်မ ၂၁ ပုဒ်မခွဲ(ဃ)မှာလည်း နိုင်ငံသားများရဲ့ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သောဥပဒေပြဋ္ဌာန်းရမယ်လို့လည်း ဖော်ပြထားပါတယ်။ ကျွန်မတို့ ဒီဥပဒေရဲ့ရည်ရွယ်ချက်ကိုထဲက လူဦးရေတိုးပွားခြင်းကို ထိန်းညှိဖို့အတွက် ကျွန်မတို့အဓိကထားပြီးတော့ ကျွန်မတို့ ပြဋ္ဌာန်းထားခြင်းဖြစ်ပါ

တယ်။ ဒီဥပဒေဟာ လူဦးရေတိုးပွားနှုန်း မြင့်တက်ခြင်းနှင့် ကလေးမွေးဖွားနှုန်းမြင့်တက်ခြင်းကို မဖြစ်ပေါ်စေဖို့အတွက် နေရာဒေသကို သတ်မှတ်ပြီးတော့ ပြဋ္ဌာန်းပေးထားတဲ့ဥပဒေလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အချို့နေရာတွေမှာ လူဦးရေနဲ့ဖွံ့ဖြိုးတိုးတက်မှုတို့ကို မျှတစေရန်ရည်ရွယ်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်နိုင်ဖို့အတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေလည်းဖြစ်ပါတယ်။ နောက် ဒီဥပဒေဟာ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟုသုတ၊ အသိပညာအားနည်းနေတဲ့ အမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်လိုလို့ ပြဋ္ဌာန်းထားတဲ့ဥပဒေ ဖြစ်တဲ့အတွက်ကြောင့် ဒီလူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုသည်မှာ ဆိုတဲ့အတိုင်းပဲ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်အတိုင်း အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ အဆိုမှာ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုသည်မှာ နိုင်ငံအတွင်း လူဦးရေသိပ်သည်းမှုများပြားခြင်း၊ လူဦးရေတိုးပွားနှုန်း မြင့်တက်ခြင်းနဲ့ ကလေးမွေးဖွားနှုန်းမြင့်မားခြင်းတို့ မဖြစ်စေရန် ထိန်းညှိခြင်းကိုဆိုသည် ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြထားပါတယ်။ ဆန္ဒမဲပေးရန်အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ ၂၆၉ မဲ၊ ကန့်ကွက်မဲ ၃၁ မဲ၊ ကြားနေမဲ ၃ မဲ။

**ဥက္ကဋ္ဌ။** ။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၂၊ အမှတ်စဉ် ၂ ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြချက်အဆိုမှာ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) ကျန်းမာရေးစောင့်ရှောက်မှုဆိုသည်မှာ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် အန္တရာယ်ကင်းသောမိခင်နှင့်ကလေးဘဝရရှိစေရန် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက်၊ သားလျှောခြင်းနှင့် ယင်းကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို ကာကွယ်ခြင်းနှင့် ယင်းတို့အတွက် အသိပညာပေးခြင်းများပါဝင်သည်ဟုဆိုသော အဆိုပြုချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမျိုးအောင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးအောင်၊ [ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးအောင်ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းမှာ ဖော်ပြထားတဲ့ မူလအဆိုပြုပြဋ္ဌာန်းချက်မှာပါတဲ့ သားဆက်ခြားခြင်း ကျန်းမာရေးစောင့်ရှောက်ရာတွင် အန္တရာယ်ကင်းသောမိခင်နှင့် ကလေးဘဝရရှိစေရန်ဆိုတဲ့ ပထမကနဦးဖော်ပြချက် စာလုံးဝေါဟာရတွေကို ကျွန်တော်က ပြင်ချင်ပါတယ်။ ကျွန်တော့်အဆိုပြုချက်ကတော့ ကျန်းမာရေးစောင့်ရှောက်မှုဆိုရာတွင် အန္တရာယ်ကင်းသော သားဖွားခြင်းနှင့် ကျန်းမာရေးပိုမိုကောင်းမွန်သောမိခင်လောင်းဖြစ်စေရန်ဆိုပြီးတော့မှ ဖြည့်စွက်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဥပဒေတစ်ခုပြဋ္ဌာန်းရာမှာ အနက်အဓိပ္ပါယ်တွေဟာ အမျိုးမျိုးပေါ်ပေါက်စေတဲ့ သဘောမျိုးဖြစ်ဖို့ မသင့်ပါဘူး။ ဒီနေရာမှာပြောထားတဲ့ အန္တရာယ်ကင်းသောဆိုတဲ့ ဖွင့်ဆိုထားတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ဟာဆိုရင် အမျိုးမျိုးကောက်ယူလို့ရပါတယ်။ ဘာအန္တရာယ်လည်းလို့ ထပ်ဆင့်မေးခွန်းအနေဖြင့်မေးလို့ရပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနဲ့ဆိုင်တဲ့အန္တရာယ်လား၊ အမျိုးသမီးများသာ သက်ဆိုင်တဲ့ သားဖွားခြင်းဆိုင်ရာအန္တရာယ်လား ဒီလိုအမျိုးမျိုးအဓိပ္ပါယ်ဖွင့်လို့ရပါတယ်။ ဒါကြောင့် ဒီဥပဒေရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ မိခင်တစ်ဦးကို ကိုယ်ဝန်ဆောင်စဉ်ကာလ၊ မွေးဖွားဆဲကာလနဲ့ မွေးဖွားပြီးတဲ့ကာလတွေမှာ စောင့်ရှောက်ဖို့အတွက် ရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်စေမယ့် ကျွန်တော် ဒီဝေါဟာရကို အန္တရာယ်ကင်းသောသားဖွားခြင်းနဲ့ ကျန်းမာရေးကောင်းမွန်သော မိခင်လောင်းလို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဝင်း(အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်း

အားပြင်ဆင်ရန် တင်ပြချက်ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၂။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နဲ့ပတ်သက်ပြီး ကော်မတီရဲ့ကိုယ်စား ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေဖြင့် အမှတ်စဉ် ၂။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)အား ကျန်းမာရေး စောင့်ရှောက်မှုဆိုသည်မှာ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကိုဆို သည်။ ယင်းစကားရပ်တွင် အန္တရာယ်ကင်းသော မိခင်နှင့် ကလေးဘဝရရှိစေရန် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက် သားလျှောမှုနှင့် ယင်းကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို ကာကွယ် ခြင်းနှင့် ယင်းတို့အတွက် အသိပညာပေးခြင်းများပါဝင်သည်ဟု ပြင်ဆင်ရန် တင်ပြထားပါတယ်။ ကျွန်တော့်အနေဖြင့်လည်း ဤဥပဒေကြမ်းရဲ့ အမှတ်စဉ် ၂။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)အား ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြထားသည့်အတိုင်း အတည်ပြုပေးသင့်ကြောင်း အဆိုပြု တင်ပြလိုပါတယ်။ ဘာကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြထားတဲ့အတိုင်း အတည်ပြု ပေးသင့်လဲဆိုတဲ့ အကြောင်းအကျိုးဖော်ပြချက်များကတော့ (၁) ဤဥပဒေသည် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေဖြစ်ပြီး အခြားသော ကျန်းမာရေးစောင့်ရှောက်မှု များနှင့် ကွဲပြားခြားနားစေရန် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ဆိုသည်မှာ ဆိုသောစကားရပ်နှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဆိုသည့်စာသားများကို ထည့်သွင်းရေးသားဖော်ပြထားခြင်း ဖြစ်ပါတယ်။ (၂) အန္တရာယ်ကင်းသော မိခင်နှင့်ကလေးဘဝရရှိစေရန် ဆောင်ရွက်ရာတွင် သားဆက်ခြားခြင်းသည် အကျုံးဝင်ပြီး လူဦးရေ ထိန်းညှိရာလည်းရောက်သဖြင့် သားဆက်ခြားခြင်းဆိုသည့်စကားရပ်အား ထည့်သွင်းရေးသားဖော်ပြ ထားခြင်း ဖြစ်ပါသည်။ (၃) ကိုယ်ဝန်ဆောင်မိခင်သေနှုန်း၊ မွေးကင်းစကလေး သေနှုန်းမြင့်တက် နေခြင်းကို လျှော့ချစေခြင်းအလို့ငှာ သားဆက်ခြားခြင်းကို ဤဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရခြင်း ဖြစ်ပါတယ်။ (၄) မြန်မာနိုင်ငံတွင် လက်ရှိကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာမူဝါဒများတွင် သားဆက် ခြားခြင်းနှင့်ပတ်သက်သော မူဝါဒများရှိသော်လည်း ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသဖြင့် သားဆက်ခြား ခြင်းအား ဤပြဋ္ဌာန်းချက်တွင် ထည့်သွင်းပြဋ္ဌာန်းရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်း၏ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၂။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)အား ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြထားသည့်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်အဆိုကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့အဆိုကို စက်ခလုတ်ဆန္ဒမဲသုံး၍ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမဲ ၂၆၆ မဲ၊ ကန့်ကွက်မဲ ၃၂ မဲ၊ ကြားနေ ၃ မဲ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၃ ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း ၁ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) အဆိုမှာ သားဆက်ခြားခြင်းဆိုသည်မှာ အိမ်ထောင်ရှင်မိခင်တစ်ဦး ကလေးမွေးဖွားပြီးနောက် အနည်းဆုံး ၃၆ လခြားပြီးမှ နောက်ထပ်ကလေးမွေးဖွားခြင်းကို ဆိုလိုသည်ဟုဆိုသော မူလအဆိုပြုချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမျိုးအောင်၊ ဒေါက်တာဒေါ်မေဝင်းမြင့်၊ ဦးမင်းသူတို့မှ တစ်ဦးက အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မနောက်ထပ် အဆိုပြုပြင်ဆင်လိုတဲ့ဥပဒေကတော့ ဥပဒေကြမ်းရဲ့ အခန်း ၁ အပိုဒ် ၂(ဃ) ဖြစ်ပါတယ်။ မူလအဓိပ္ပာယ်ဖွင့်ဆိုချက်အစား ကျန်းမာရေးရှုထောင့်ကနေပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ သားဆက်ခြားရာမှာ ၃၆ လခြားရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က သဘာဝအလျောက်ဖြစ်တတ်တဲ့ အိမ်ထောင်သားမွေးကိစ္စကို ဓမ္မတာနဲ့ ဆန့်ကျင်ပြီး တားဆီးမှုပြုရာရောက်နေပါတယ်။ သားဆက်ခြားပြုနေသော်လည်း မမျှော်လင့်ဘဲ ရရှိလာသောကိုယ်ဝန်ကို ရာဇဝတ်မကင်းတဲ့ ကိုယ်ဝန်ဖျက်ချမှုမျိုးတွေဖြစ်လာစေဖို့ တွန်းအားပေးရာလည်းရောက်ပြီး တရားမဝင်ကိုယ်ဝန်ဖျက်ချနှုန်း မြင့်မားလာနိုင်တဲ့အပြင် ရာဇသတ်ပုဒ်မ ၃၁၂ အရ ပြစ်မှုကျူးလွန်ခြင်းများလည်း ဖြစ်ပွားလာနိုင်ပါတယ်။ ဒီနေရာမှာ ဒီဥပဒေမှာ ပြစ်ဒဏ်မပါသော်လည်းပဲ ဒီရာဇသတ်ပုဒ်မ ၃၁၂ နဲ့ အကျုံးဝင်မယ်ဆိုရင် ဘယ်လိုဖြစ်နိုင်လဲဆိုတာ အကျဉ်းချုံးလေး ပြောလိုပါတယ်။ ဒီရာဇသတ်ပုဒ်မ ၃၁၂ မှာ သန္ဓေသားမလှုပ်မီ ကိုယ်ဝန်ဖျက်ချလို့ရှိရင် ထောင်ဒဏ်သုံးလနှင့် ငွေဒဏ်လည်းပါပါတယ်။ တကယ်လို့ သန္ဓေသားလှုပ်ရှားနေချိန် ကိုယ်ဝန်ဖျက်ချလိုက်လို့ရှိရင် ထောင်ဒဏ်ခုနစ်နှစ်နဲ့ ငွေဒဏ်ပါပါတယ်။ ဒါကြောင့်မို့လို့ ဒီရာဇသတ်ပုဒ်မ ၃၁၂ ကို

ကျူးလွန်ပြီးသားဖြစ်မယ်ဆိုလို့ရှိရင် တစ်နည်းအားဖြင့်ပြောရမယ်ဆိုလို့ရှိရင် ကျွန်မတို့ရဲ့ မိခင်အပေါ်တွင်သာ ဆိုးကျိုးများသက်ရောက်မှာဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးများအပေါ်သာ ကွဲပြားစွာအကျိုးသက်ရောက်မှုရှိနေပါတယ်။ အဲဒီအပြင်ကို ကျွန်မတို့ရဲ့ ဒီ Maternal Mortality Ratio ဆိုတဲ့ ကျွန်မတို့ဒီနှုန်းအရ ဒီအရှင်မွေးတစ်သိန်းမှာ လူနှစ်ရာပဲ ရှိနေပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မိခင်သေဆုံးမှုနှုန်းဟာ ၁၀ ရာခိုင်နှုန်းရှိပါတယ်။ သားပျက်သားလျှောနှုန်းဟာ ၂၀၁၁ ခုနှစ် မှတ်တမ်းများအရ ကိုယ်ဝန်ဆောင်မိခင် ၁၀၀၀ မှာ ၁၄၇ ဦးရှိကြောင်း သိရပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးပြည့်ဝစွာနားမလည်နိုင်သေးတဲ့ လက်ရှိအခြေအနေမှာ မူလအဓိပ္ပာယ်ဖွင့်ဆိုချက်ကြောင့် ကောင်းကျိုးထက်ဆိုးကျိုးတွေသာ ဖြစ်ပွားလာဖို့ အခွင့်အလမ်းရှိစေမှာဖြစ်ပါတယ်။ အခုအချိန်ခါမှာဆိုလိုရှိရင် ကျန်းမာရေးဝန်ကြီးဌာနရဲ့ သားဆက်ခြားစီမံချက်ကြောင့် ကိုယ်ဝန်ဆောင်တားဆေးသုံးစွဲမှုနှုန်းတွေဟာလည်း တိုးတက်လာပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးရှင့်။ လက်ရှိကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်နေတဲ့ သားဆက်ခြားခြင်းဆိုင်ရာစီမံချက်ကို ပိုမိုအရှိန်အဟုန်မြင့်ဆောင်ရွက်အားဖြင့် လူဦးရေတိုးပွားနှုန်းကို ကောင်းစွာစီမံဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတွက် စီမံချက်များစနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ရေးဟာ အကောင်းဆုံးဖြေရှင်းနိုင်သောနည်းလမ်းဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ၃၆ လခြားရမယ်ဆိုတဲ့ ကိန်းသေသတ်မှတ်ခြင်းအစား မိခင်ရဲ့လွတ်လပ်သော သဘောဆန္ဒအရ သက်ဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များရဲ့ ဆောင်ရွက်ပေးခြင်းကိုဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ ဥပဒေကြမ်းပါ ဆက်လက်ဖော်ပြထားတဲ့ နောက်ပုဒ်မများနှင့်လည်း ကိုက်ညီတဲ့အတွက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင်(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဒေါက်တာတင်မောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဤပြဋ္ဌာန်းချက်ပါ သားဆက်ခြားခြင်းဆိုသည်မှာ အိမ်ထောင်ရှင်မိခင်တစ်ဦးက ကလေးမွေးဖွားပြီးနောက် အနည်းဆုံး ၃၆ လ ခြားပြီးမှ နောက်ထပ် ကလေးမွေးဖွားခြင်းကိုဆိုသည် ဟူသောအချက်ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်ထောင်ရှင်မိခင်တစ်ဦးဟာ

ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတနည်းပါးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိခြင်းတို့ကြောင့် မလိုချင်ဘဲနဲ့ ရလာတဲ့ကိုယ်ဝန်များဆောင်ရခြင်းမှ တားဆီးကာကွယ်ရန်လည်းကောင်း၊ အန္တရာယ်ကင်းတဲ့ မိခင်နှင့်ကလေးဘဝရရှိစေရန်အတွက်လည်းကောင်း ကာလအကန့်အသတ်ဖြင့် သားဆက်ခြားခြင်းကိုဆောင်ရွက်ရန်ရည်ရွယ်ပြီး ပြဋ္ဌာန်းထားတဲ့အတွက် လျော်ကန်ပါတယ်။ သားဆက်ခြားခြင်းဆောင်ရွက်မှုပဲ ကျွန်တော်တို့က သတ်မှတ်ထားတဲ့ ဒေသတွေကွင်းဆင်းပြီးတော့ စစ်ဆေးမေးမြန်းပြီးကာမှ သားဆက်ခြားရန် လိုအပ်တဲ့မိသားစုတွေကို အသိပညာပေးပြီးကာမှ ၎င်းတို့ရဲ့ လွတ်လပ်သောဆန္ဒအရ သဘောတူညီသူရဲ့သဘောတူညီမှုရရှိဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၎င်းအပြင် လိုက်နာမှုမရှိပါကလည်း ပြစ်ဒဏ်တစ်စုံတစ်ရာချမှတ်မှာမဟုတ်တဲ့အတွက် ကာလသတ်မှတ်ချက်ဟာ လျော်ကန်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကာလသတ်မှတ်၍ သားဆက်ခြားခြင်းကို ဆောင်ရွက်ခြင်းအားဖြင့် မလိုချင်ဘဲရလာတဲ့ ကိုယ်ဝန်ဆောင်ခြင်းများကို လျော့ချနိုင်မယ်။ တရားမဝင် သန္ဓေသားဖျက်ချမှု၊ အန္တရာယ်ရှိသော သန္ဓေသားဖျက်ချမှုများ လျှော့နည်းကျဆင်းလာမှာဖြစ်ပါတယ်။ ဤနည်းတူပဲ မိခင်သေနှုန်းများလည်းလျော့နည်းလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်ထောင်ရှင် မိခင်တစ်ဦးဟာ မီးမဖွားဘဲ ၁၀ လခန့်ကိုယ်ဝန်ဆောင်ရပြီးတော့ မီးဖွားပြီးတဲ့နောက်မှာလည်း တစ်လခွဲခန့် သားအိမ်က အနားယူထားရတဲ့အတွက် သဘာဝအတိုင်းသားဆက်ခြားခြင်းဟာ တစ်နှစ်သာရှိပါတယ်။ တစ်နှစ်တစ်သားမွေးခြင်းဟာ မိခင်ရဲ့ကျန်းမာရေးကိုလည်း မိသားစုရဲ့ လူမှုရေးပြဿနာများကိုထိခိုက်ပေါ်ပေါက်လာနိုင်တဲ့အတွက် ပြဋ္ဌာန်းချက်ပါ သားဆက်ခြားခြင်းကို အနည်းဆုံး ၃၆ လ သာသင့်တော်တဲ့ကာလဖြစ်ပါတယ်။ ဒီနေရာမှာ အနည်းဆုံးလို့ ဆိုထားပါတယ်။ အနည်းဆုံးဆိုထားတဲ့အတွက် မိခင်တစ်ဦးဟာ သူနှစ်သက်တဲ့ကာလအပိုင်းအခြားသည် သားဆက်ခြားခြင်းကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သဘောတူညီထားတဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ CEDAW Convention ပြဋ္ဌာန်းချက် အပိုဒ် ၁၂ အပိုဒ်ခွဲ(၁)မှာလည်း ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်မှာ အမျိုးသမီးများအား ခွဲခြားမှုပပျောက်စေရေးအတွက် သင့်လျော်သည့်နည်းလမ်းမျိုးစုံဖြင့် အမျိုးသားနှင့်အမျိုးသမီးတန်းတူညီမျှမှုအပေါ် အခြေပြုလျက် သားဆက်ခြားမှုအစီအစဉ်ဆိုင်ရာ အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဟုပါရှိထားရာ အထက်ပါ ကျွန်တော်ဆွေးနွေးထားသောအချက်များမှာ CEDAW Convention နှင့် ကိုက်ညီမှုရှိနေပါသဖြင့်

ဥပဒေကြမ်းကော်မတီ၏ အဆိုပြုပြင်ဆင်ချက်အတိုင်း လွှတ်တော်မှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုဖြစ်သော သားဆက်ခြားခြင်းဆိုသည်မှာ အိမ်ထောင်ရှင်မိခင်တစ်ဦး ကလေးမွေးဖွားပြီးနောက် အနည်းဆုံး ၃၆ လ ခြားပြီးမှ နောက်ထပ် ကလေးမွေးဖွားခြင်းကိုဆိုသည့် အဆိုအား စက်ခလုတ်မဲ ဆန္ဒပေးနည်းဖြင့် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးကြဖို့အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမဲ ၂၅၅ မဲ၊ ကန့်ကွက်မဲ ၄၀ မဲ၊ ကြားနေမဲ ၆ မဲ။ ထောက်ခံဆန္ဒမဲများ တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်း ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ချက်များ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင် ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ များကို မူလအဆိုပြုချက်အတိုင်းတည်ပြုမှာဖြစ်ပါတယ်။ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များ ကြောင့်ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း လွှတ်တော်က အတည်ပြုရမှာ ဖြစ်ပြီး အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော် သို့ပေးပို့လာတဲ့ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁)ရက်မြောက်နေ့ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၅း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**